ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့၊ (25-9-2015) (၈၃၃၄)

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/၂၀၁၅
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် နောက်ဆုံးအချိန်အထိ ဇွဲ၊ လုံ့လ စိုက်ထုတ်ကြိုးပမ်းသွားမည်



နေပြည်တော် စက်တင်ဘာ ၂၄

**ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**(ဝဲပုံ)

## အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိ ရရှိခဲ့ပြီး GDP Tax ratio များ တစ်စတစ်စ မြင့်မားလာသည်ကိုတွေ့ရ။

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းကပင် ပြုပြင်ပြောင်းလဲမှုများ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လေးနှစ်ကျော် ငါးနှစ်နီးပါးရောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ထင်သာမြင်သာမှုများ၊ ပြည်သူများ တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိသကဲ့သို့ နှစ်ကာလရှည်ကြာစွာအကျိုးရှိရန် အခြေခံအုတ်မြစ်ခင်းခဲ့ရခြင်းများလည်း ရှိခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ်က မိမိပြည်သူများထံ တင်ပြခဲ့သော သမ္မတတာဝန် စတင်ထမ်းဆောင်သည့် မိန့်ခွန်းကို ကြည့်လျှင် မိမိတို့၏ ရည်မှန်းချက်ကို ကွက်ကွက်ကွင်းကွင်း သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူစဉ်ကတည်းက လုပ်ဆောင်စရာ အများကြီးအနက်မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရွေးချယ်ပြီး မူဝါဒလုပ်ငန်းစဉ်များချမှတ်ခဲ့ပါကြောင်း၊ သိသာမှုများ၊ မြင်သာထင်သာမှုများအနက် မြစိမ်းရောင်စီမံချက်၊ ကမ္ဘာ့ဘဏ်၏ CDD စီမံချက်များဖြစ်ပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း တွေ့နိုင်ပါကြောင်း။

အဓိကအားဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေးလွတ်လပ်မှု၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်မှု၊ မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲများအပြင် လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းမှု၊ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လူ့အခွင့်အရေးပြဿနာများ လျော့ပါးလာစေမှုအပါအဝင် နိုင်ငံရေးအကျဉ်းသား အများအပြားကို လွတ်ငြိမ်းခွင့်ပေးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုလည်း ဦးစားပေးအဆင့်အနေဖြင့် ယခုအချိန်အထိ တစိုက်မတ်မတ် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ယခင်နှင့်မတူထူးခြားစွာပြောင်းလဲနိုင်ခဲ့သဖြင့် ဒေသတွင်းရော၊ အပြည်ပြည်ဆိုင်ရာကပါ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ရာသီဥတုပြောင်းလဲမှုကို ကျော်လွှား

စာမျက်နှာ - ၂

ရွှေ့ပြောင်းဒုက္ခသည်များဝင်ရောက်လာမှုကိုပိတ်ဆို့ရန် ဥရောပခေါင်းဆောင်များ သဘောတူ

စာမျက်နှာ - ၁၂

ဂျရတ်နဲ့ လမ်းပတ်တို့လောက် အရည်အချင်းရှိတဲ့ ဘာကလေ

စာမျက်နှာ - ၁၃

MY DREAM
WEDDING DRESS, PHOTO & VIDEO
MY DREAM WEDDING STUDIO မှ Main Sponsor အဖြစ်ပြသမည့် Romantic Weddings Show ပွဲကြီးတွင် နာမည်ကြီး မင်းသား၊ မင်းသမီး၊ စူပါမော်ဒယ်များမှ တင်ဆက်ပြသမှုများနှင့်အတူ Lucky Draw အစီအစဉ်များအပြင် ကြိုတင် Booking ယူသည့်မင်္ဂလာမောင်နှံတိုင်းအား UP TO 30% Discount ပေးသွားပါမည်။
26.September.2015 Sedona Hotel(Grand Ball Room) Show Time: 10;00 AM
Free Admission
BRIDAL HOUSE
No.46, 21st street, Latha Township,Yangon.Ph: 01 372883, 09 33 8888 11, 09 33 8888 98
INDOOR & OUTDOOR STUDIO
No. 14, Sagawar street,Hlaing Township,Yangon.Ph: 09 7313 7777, 09 7913 77777, 09 333 7777 3

ကြေးမုံ စာတည်းရှုထောင့် ၂၅-၉-၂၀၁၅၊ သောကြာနေ့

# ရာသီဥတုပြောင်းလဲမှုကိုကျော်လွှား

မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီ ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် နိုင်ငံတစ်ဝန်းတွင် ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည်ကို အားလုံးအသိဖြစ်သည်။ မိုးရာသီလွန်မြောက်၍ ခြောက်သွေ့ရာသီကာလသို့ ရောက်ရှိတော့မည့်အချိန်အခါတွင်လည်း ရာသီဥတုပြောင်းလဲမှုကို ဆက်လက်၍ သတိမူကြရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ၂၀၁၅ ခုနှစ်တွင်ဖြစ်မည့် အယ်လ်နီညို ဖြစ်စဉ်သည် ဖြစ်ပေါ်လာနိုင်သည်ဟု ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသောကြောင့် သတိထားကြဖို့လိုခြင်းဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပိုမိုအားကောင်းလာနိုင်သည်ဟု ၎င်းအဖွဲ့က ထုတ်ပြန်ထားသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းခြင်း၊ လွန်ကဲသည့် ပူပြင်းခြောက်သွေ့ခြင်းများ ကမ္ဘာအနှံ့အပြားတွင် ကြုံတွေ့လာနိုင်သည်ဟု ဆိုထားသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် အပူတပြင်းလုပ်ဆောင်ပေးနေရသဖြင့် ရှေ့ကာလတွင် ကြုံတွေ့လာနိုင်သည့် အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်လုပ်ဆောင်နိုင်ခြင်း မရှိသေးချေ။ ယခုနှစ်မိုးရာသီတွင် မိုးအလွန်ကောင်းခဲ့သောကြောင့် များသောအားဖြင့် စိုက်ပျိုးရေအတွက် ပူပင်စရာ လိုမည်မဟုတ်ချေ။

သို့ရာတွင် အယ်လ်နီညိုဖြစ်စဉ် မြန်မာနိုင်ငံသို့ ရိုက်ခတ်လာမည်ဆိုပါက သာမန်ထက်လွန်ကဲသည့် ပူပြင်းခြောက်သွေ့မှုများ ကြုံတွေ့လာနိုင်ပြီး အင်းအိုင်၊ ကန်ချောင်းများ ခန်းခြောက်လာနိုင်သဖြင့် စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်စွာရှိနေစေရေးအတွက် ထည့်သွင်းစဉ်းစားထားရမည်ဖြစ်သည်။ ယနေ့ကာလတွင် ရေကြီးရေလျှံခြင်းဖြစ်စဉ်များကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးသင့်သလောက် ပျက်စီးခဲ့ရသည်။ ယင်းကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်နေစဉ်ကာလအတွင်း နိုင်ငံအတွင်း၌ အရန်ဆန်ရှိသဖြင့် စိုးရိမ်ပူပန်ဖွယ်မရှိချေ။

လာမည့်နှစ်အတွက် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန် မြင့်တက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းတို့ဖြစ်နိုင်ရာ ရေများခန်းခြောက်နိုင်မှုနှင့် မုတ်သုံအဝင်နောက်ကျနိုင်မှုများ ရှိနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် ကြိုတင်ပြင်ဆင် ထည့်သွင်းစဉ်းစား လုပ်ဆောင်ထားကြရမည်မှာ အမှန်ဖြစ်သည်။ ဥပမာအားဖြင့် ယခုလက်ရှိရရှိထားသော မိုးရေများကို လေလွင့်မှုမရှိအောင် ထိန်းသိမ်းခြင်း၊ ကြိုတင်စုဆောင်းသိုလှောင်ထားခြင်း၊ ရေအငွေ့ပျံမှုနှင့် စည်းကမ်းတကျသုံးစွဲမှု စသည်တို့ကို ဆိုင်ရာဒေသအလိုက် စနစ်တကျစုဖွဲ့ကာ ဆောင်ရွက်ကြခြင်းဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပေသည်။

ရေရှားပါးသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွက် လွန်ခဲ့သည့်နှစ်ကာလများကတည်းက သက်ဆိုင်ရာဌာနများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ရေရရှိရေးအတွက် တွင်းတိမ်၊ တွင်းလတ်၊ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများအပြင် မြစ်ရေတင်စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ပေးထားသည်။ ထို့ကြောင့် ရေအတွက်စိုးရိမ်ပူပန်ဖွယ် အထူးမရှိသော်လည်း ရရှိထားသော ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းပြုကြရမည်ဖြစ်သည်။

ရေရရှိရေးအတွက် နိုင်ငံတော်က ငွေကြေးအမြောက်အမြားစိုက်ထုတ်ကျခံသုံးစွဲခွင့်ပြုပြီး နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးလက်ဒေသများမှ ကျေးရွာသုံးသောင်းကျော်ကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ရေမရှိသေးသော ကျန်ရှိသည့်ကျေးရွာများ ရေရှိအောင် ဆက်လက်အကောင်အထည်ဖော်ပေးနေသည်ဟု သိရသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မလွန်ဆန်နိုင်သည့် တစ်ကမ္ဘာလုံးကြုံတွေ့နေရသော ဖြစ်စဉ်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးကို ဒိဋ္ဌကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ဆက်လက်၍ ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် သဘာဝဘေးဖြစ်စဉ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်၏ ကူညီပံ့ပိုးပေးမှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

# လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းမှ စေတနာဆရာဝန်ကြီးများအား ဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၂၄**



လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းမှ စေတနာ ဆရာဝန်ကြီးများအား ဂုဏ်ပြုခြင်း အခမ်းအနားနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ Strand Square ၌ ကျင်းပရာ အခမ်းအနားသို့ လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆေးခန်း၌ ဇီဝိတဒါနကုသပေးနေကြသော ဂုဏ်ပြုခံ သမားတော်ကြီးများနှင့် ဆရာဝန်ကြီး၊ ကမ္ဘောဇကုမ္ပဏီများ အုပ်စုအကြီးတန်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းကိုယ်စား ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ အကြံပေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာဖေသက်ခင်က လက်ခံရယူပြီး ကျန်အလှူရှင်များ ဖြစ်ကြသည့် အောင်မြင်သူကုမ္ပဏီမှ ဦးစောငြိမ်းနှင့် ဦးလှမျိုးတို့က ကျပ်သိန်း ၁၀၀၊ ဒေါ်ညွန့်ယဉ်ဝင်းက ကျပ်သိန်း ၁၀၀၊ ဒေါ်အေးမြတ်နွယ်က ကျပ်သိန်း ၆၀ စသည်ဖြင့် အသီးသီးပါဝင်လှူဒါန်းကြသည်။

ဆက်လက်၍ လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း လူရည်ချွန်တစ်ဦးဖြစ်သူ အောင်ဇေယျအိမ်ရာစီမံကိန်းမှ ဒေါ်ညွန့်ယဉ်ဝင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်တို့နှင့် စေတနာရှင် လူရည်ချွန်များ၊ အလှူရှင်များ၏ပူးပေါင်းပါဝင်လှူဒါန်းမှုများဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့သစ်၌ ဆေးခန်းစတင်ဖွင့်လှစ်ကာ အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ ပြည်သူ့ဆေးရုံကြီးများမှ ကူညီပံ့ပိုးပေးကြသော ဆရာဝန်ကြီး ၁၁ ဦး စုစုပေါင်း ၂၈ ဦးတို့ဖြင့် တစ်ပတ်လျှင် ခြောက်ရက် ဖွင့်လှစ်၍ ယနေ့အထိ လူနာပေါင်း ၁၃၀၀၀ ကျော်ကို အခမဲ့ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၅ရက် ည ၇နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

# အာရှ-ပစိဖိတ်ဒေသကင်းထောက်အဖွဲ့ မြန်မာနိုင်ငံသို့ ကင်းထောက်လုပ်ငန်းများလေ့လာရန် ရောက်ရှိမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများလေ့လာအကဲဖြတ်ညှိနှိုင်းရန်အတွက် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.J Rizal Pangilinan ဦးဆောင်သည့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဟု သိရသည်။

အဆိုပါ အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး လက်ရှိဆောင်ရွက်လျက်ရှိသည့် ကင်းထောက်လုပ်ငန်းများ၊ လေ့ကျင့်ရေး သင်တန်းများ၊ စည်းရုံးရေးလုပ်ငန်းများကို ညှိနှိုင်းမည်ဖြစ်ပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်များသည် အထက(၁)ဒဂုံ၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ အထက(၂) ကမာရွတ်နှင့် Myanmar International School Yangon ရှိ ကင်းထောက်အဖွဲ့ဝင်များ၊ တက္ကသိုလ်အသီးသီးရှိ တက္ကသိုလ်ကင်းထောက်မောင်မယ်များနှင့်တွေ့ဆုံကာ ကျောင်းတွင်း ကင်းထောက်လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၄၅၀၀ - | ၇၇၅၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၄၅၀၀ - | ၇၇၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၈. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၅၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၉. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၈၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၈၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းမှူး - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလဲ့၊ သီရိ

ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အသိအမှတ်ပြု ကူညီဆက်ဆံခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အာဆီယံအခမ်းအနားများ၊ အားကစားပြိုင်ပွဲများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည်လည်း တိုးတက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲမှု များစွာကြိုးပမ်းဆောင်ရွက်ရာတွင် Framework for Economic and Social Reforms (FESR) ကိုမူချမှတ်ပြီး ပြောင်းလဲစေခဲ့ပါကြောင်း၊ ငွေရေးကြေးရေး ဘဏ္ဍာရေးကဏ္ဍ တိုးတက်မှုသည် သိသာထင်ရှားလှပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကဲ့သို့သော အဖွဲ့အစည်းများ၏ နည်းပညာအထောက်အပံ့များကလည်း ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုရရှိခဲ့ပါကြောင်း၊ ယခုဆိုလျှင်ဗဟိုဘဏ်သည် သီးခြားအဖွဲ့အစည်းဖြစ်လာသကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာနသည်လည်း သီးခြားအဖွဲ့အစည်းဖြစ်လာခဲ့ပါကြောင်း၊ Monetary Policy နှင့် Fiscal Policy သီးခြားစီ လုပ်ဆောင်နေသည်ကို တွေ့ရပြီဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု (Public Financial Management - PFM) လုပ်ငန်းများ ပိုမိုထိရောက်လာသကဲ့သို့ Treasury Department ကလည်း ပီပြင်လာပြီဖြစ်ပါကြောင်း၊ **အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိရရှိခဲ့ပြီး GDP Tax ratio များ တစ်စတစ်စ မြင့်မားလာသည်ကိုတွေ့ရပါကြောင်း။**

ပြည်တွင်းဘဏ်လုပ်ငန်းများဖွံ့ဖြိုးရန် လုပ်ဆောင်နေရသကဲ့သို့ ပြည်ပဘဏ်များ၏ အခန်းကဏ္ဍကိုလည်း စတင်ပေးနိုင်ခဲ့ပါကြောင်း၊ Mobile Payment စနစ်များ တဖြည်းဖြည်း ကူးပြောင်းလာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူများက ဘဏ်များအပေါ် ပိုမိုယုံကြည်အသုံးပြုရန်လည်း ကြိုးစားနေပါကြောင်း။

ပညာရေးကဏ္ဍတွင် ပြည်သူများ သိသာထင်ရှားစေသည့် ရလဒ်မှာ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့်များတွင် စကောလားရှစ်၊ စတိုင်ပင်အသုံးစရိတ်များ ပိုမိုသုံးစွဲပေးနေသကဲ့သို့ စနစ်တကျဖြစ်ရန်လည်း လုပ်ဆောင်နေပါကြောင်း၊ ထူးခြားမှုတစ်ခုမှာ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုချီးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ဩစတြေးလျ၊ ဂျာမနီ၊ ယူကေ၊ အမေရိကန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ပညာတော်သင် ၁၁၆ ဦး စေလွှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

အထူးလိုအပ်နေသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းဆရာ ဆရာမများလည်း သောင်းနှင့်ချီ၍ ခန့်ထားခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း အလုပ်အကိုင်ရရှိရန်၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန် အသက်မွေးဝမ်းကျောင်းပညာရေး မြှင့်တင်ပေးသည့်အနေဖြင့် Vocational Training ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေပါကြောင်း။

ကျန်းမာရေးပြုပြင်ပြောင်းလဲမှု၏ အဓိကမှာ ပြည်သူစိုက်ထုတ်ရသည့် ကုန်ကျစရိတ်များ လျော့နည်းစေရန်၊ ဆေးရုံကြီးငယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းအထိ ဝန်ဆောင်မှုများပီပြင်စေသည့်အပြင် ကျန်းမာရေးအသုံးစရိတ်များလည်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်၊ သမားတော်ကြီးများသာမက သူနာပြုသားဖွားဝန်ထမ်းများပါ ပိုမိုမွေးထုတ်လျက်ရှိပါကြောင်း။

# လူဦးရေတစ်သိန်းအထက် မြို့ကြီးများအတွက် စီမံချက်များရေးဆွဲပြီးဖြစ်။ Affordable Housing၊ Rental Housing အိမ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ငွေကျပ် ၄၆ ဘီလီယံ အကုန်အကျခံ၍ ဖော်ထုတ်ပေးနေ။

မကြာခင်တွင် တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏လူမှုစီးပွားဘဝ တိုးတက်စေရန်၊ အလုပ်အကိုင်များရရှိစေရန် အစိုးရအနေဖြင့် တစ်ဖက်က ငွေကြေးအခြေအနေအရ ကြိုးပမ်းနေသကဲ့သို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း တစ်စတစ်စ တိုးတက်နေရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ USD ၁၈ ဘီလီယံကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ယနေ့အထိ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၃၈ ထရီလီယံကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တွင် One Stop Service ရုံးဖွင့်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ ကြိုးစားကြရဦးမည်မှာ Productivity မြှင့်တင်ရန် ဖြစ်ပါကြောင်း၊ ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်ကြရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သား



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း။



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။

နှင့် ဈေးကွက်များ ပူးပေါင်းချိတ်ဆက်ကြရန် ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေမှုအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၃ ဘီလီယံ ရယူနိုင်ခဲ့ပြီး ၂ ဒသမ ၀၇၃ ဘီလီယံ လက်ဝယ်အသုံးပြုနေပြီဖြစ်ပါကြောင်း။

တိုင်းပြည်တိုးတက်ရန် နိုင်ငံတကာမှ အတိုးနှုန်းသက်သာသောချေးငွေများနှင့် Infrastructure များ တည်ဆောက်ရပါကြောင်း၊ ထို့အတွက် မိမိတို့နိုင်ငံခြားချေးငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၅၃ ဘီလီယံရယူခဲ့ပြီး လက်ရှိ ၁ ဒသမ ၅၀၆ ဘီလီယံ သုံးစွဲဆောင်ရွက်နေသည်ကိုတွေ့နိုင်ပါကြောင်း၊ မြို့ရွာများ စနစ်တကျတိုးတက်စေရန် Township Development Plan များ ရေးဆွဲပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်နေပါကြောင်း။

**လူဦးရေ တစ်သိန်းအထက် မြို့ကြီးများအတွက် စီမံချက်များ ရေးဆွဲပြီးဖြစ်ပါကြောင်း၊ Affordable Housing၊ Rental Housing အိမ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ငွေကျပ် ၄၆ ဘီလီယံ အကုန်အကျခံ၍ ဖော်ထုတ်ပေးနေပါကြောင်း၊** မြို့ရွာများတွင်ဂရန်များပေးရန် စတင်နေပြီဖြစ်ပါကြောင်း။

စီးပွားရေးမူဝါဒထဲမှ Inclusive development, Balance developement, Sustainable growth နှင့် စာရင်းဇယားမှန်ကန်ရန် အဓိကကျသည့်အတွက် ၂၀၁၄ ခုနှစ်တွင် နှစ်ပေါင်း ၃၀ ကျော် မဆောင်ရွက်နိုင်ခဲ့သည့် လူဦးရေနှင့် အိမ်ထောင်စု စီးပွားရေးသန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လူမှုစီးပွားဘဝတိုးတက်ရန်မှာ ICT ကဏ္ဍ ဖွံ့ဖြိုးမှုသည်လည်း ဆက်နွှယ်နေပါကြောင်း၊ ထို့ကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုမှာ ၂၀၁၁ ခုနှစ်တွင် ၅ ရာခိုင်နှုန်းအောက်ရှိရာမှ ယနေ့ ၂၀၁၅ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းကျော် သုံးစွဲနေကြပြီဖြစ်ပါကြောင်း။

အလားတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများလည်း တစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့ပါကြောင်း၊ လာမည့်နှစ်ကို နိုင်ငံခြားသားခရီးသွားဧည့်သည် ငါးသန်းအထိ မျှော်မှန်းထားရှိပြီး ပြင်ဆင်မှုများစီမံနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ သွားလာမှုလွယ်ကူရေး၊ လမ်းများကောင်းမွန်ရေးအားလုံးကို သုံးသပ်လျှင် ပြောင်းလဲလာသည်ကို တွေ့ရပါကြောင်း။

တစ်ဖက်တွင် မြို့ကြီးများ တိုးတက်လာလျှင် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေးတို့အပြင် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ၏ အန္တရာယ်များလည်း ရင်ဆိုင်နေရသည်ကို သတိပြုရမည်၊ တားဆီးရမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွင် ပထမ၊ ဒုတိယ၊ တတိယလှိုင်းများနှင့် တွန်းအားပေးနေသော်လည်း ဆက်လက်ကြိုးစားကြရပါဦးမည်ဖြစ်ပါကြောင်း၊ အဓိကမှာ ဝန်ထမ်းများ Capacity မြှင့်တင်ရန်နှင့် Mindset များ ပြောင်းကြရန် ဖြစ်ပါကြောင်း၊ ယခင်က Institution များကို Reengineering လုပ်ဆောင်နေဆဲ ဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ပီပြင်အောင် အုတ်မြစ်ချပေးခဲ့သကဲ့သို့ မြို့တိုင်းတွင် One Stop Shop ရုံးများ ဖွင့်လှစ်ပြီး ပြည်သူများ အုပ်ချုပ်မှုလွယ်ကူစေအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ၂၁ ဘီလီယံ အကုန်အကျခံပြီး စုပေါင်းရုံးများလည်း စတင်ဆောက်လုပ်နေပြီဖြစ်ပါကြောင်း၊ မကြာခင်တွင် e-government လုပ်ငန်းများ အသက်ဝင်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်အနေဖြင့်ပွင့်လင်းမြင်သာရန်၊ တာဝန်ယူတာဝန်ခံရန်၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများကင်းရှင်းရန် ပပျောက်ရန်ဖြစ်ပါကြောင်း၊ လျော့ပါးလာသော်လည်း ယခုထက် ပိုမိုဆောင်ရွက်ရန်လိုပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများလည်း စီးပွားရေး၊ လူမှုရေးများတွင် အဓိကကျပါကြောင်း၊ ကုမ္ပဏီများစွာ ဖွင့်လှစ်လုပ်ကိုင်နေပါကြောင်း၊ လုပ်ငန်းရှင်များကိုယ်တိုင် Business ကျင့်ဝတ်များ လိုက်နာကြရန်၊ UN Global Compact အဖွဲ့ဝင်အဖြစ် ပါဝင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ အစိုးရအနေဖြင့် စစ်ဆေးရန်၊ ကြပ်မတ်ပေးရန် အကူအညီပေးသွားမည်ဖြစ်ပါကြောင်း။

အစိုးရနှင့် ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် ညီညီညွတ်ညွတ် တိုင်းပြည်စီးပွားရေး တိုးတက်အောင်လုပ်ကြရန်လိုပါကြောင်း၊ ယင်းသို့ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေရင်း တစ်ဖက်မှလည်း ပြည်သူများ လတ်တလော လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးတို့ကို တစ်ပြိုင်နက် ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို မိမိတို့အစိုးရအနေဖြင့် နောက်ဆုံးအချိန်အထိ ဖွဲ့၊ လုံ့လ စိုက်ထုတ်ကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း။

**သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့်အစိုးရ၊ ပွင့်လင်းသည့်အစိုးရဖြစ်အောင် မိမိအမြဲတိုက်တွန်းနိုးဆော်နေသော်လည်း အားရကျေနပ်မှုမရှိသေးသည်ကို တွေ့ရပါကြောင်း၊** အပြည်ပြည်ဆိုင်ရာ စံနှုန်းတိုင်းတာသည့်



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အဖွဲ့အစည်းများ၏ မှတ်ချက်များအရ တိုးတက်မှုများ အသိအမှတ်ပြုနေသော်လည်း ယခုထက်အများကြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု သုံးသပ်ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စီးပွားရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအနက်မှ တိုးတက်ပြောင်းလဲလာမှုအပြင် လတ်တလော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် ထိရောက်သော ငွေကြေးသုံးစွဲမှု လိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအပြင် ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်သော မူဘောင်ဖြစ်ပေါ်ရေး တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့က နိုင်ငံတကာချေးငွေအခြေအနေ၊ အခွန်အကောက်ရရှိမှု အခြေအနေနှင့် နိုင်ငံတကာ အထောက်အပံ့များ အကောင်အထည်ဖော်နိုင်မှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ရေဘေးဒုက္ခသည်များ ပြန်လည်ထူထောင်ရေးလုပ်ငန်း အခြေအနေအပါအဝင် ခြုံငုံသုံးသပ်ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြည်သူလူထု၏အမြင်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေးနှစ်ကျော်ကာလအတွင်း မိမိတို့အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ ထင်သာမြင်သာသော ပြောင်းလဲတိုးတက်မှုများ ရှိခဲ့သည်ကို မည်သူမျှငြင်း၍ မရပါကြောင်း၊ အလားတူအားနည်းချက်၊ ချို့ယွင်းချက်များလည်းရှိသည်ကို လက်ခံရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်မှုများကို အားရကျေနပ်နေ၍ မရဘဲ တိုးတက်သည်ထက် တိုးတက်အောင်၊ အောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အားနည်းချက်များကို ဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လက်တွေ့ဖြစ်ပျက်နေမှုများအပေါ် ကိုယ်တိုင်သိအောင် လုပ်ရန်၊ ပြည်သူလူထုအသံကို နားထောင်ရန်နှင့် ဝေဖန်မှုများအပေါ် လက်ခံသုံးသပ်ရန်ဖြစ်ပြီး သို့မှသာ အမှားအမှန်ကို ခွဲခြားသိရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရန် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်း Mindset များကိုလည်း ပြောင်းလဲပေးရန်လိုအပ်သလို သက်သာချောင်ချိရေး အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျပါကြောင်း၊ မှုခင်းများ လျော့နည်းကျဆင်းသွားအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းက ထိထိရောက်ရောက် ကြပ်မတ်ပေးရမည် ဖြစ်ပါကြောင်း၊ လက်ရှိရရှိထားသော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ရှေ့ကို အရှိန်အဟုန်ဖြင့် ပြည်သူလူထုဘဝလိုအပ်ချက်များကို အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူနိုက်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ Banquet Hall ၌ ကျင်းပသည့် (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းကို ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျှန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ် ကိတ်မုန့်ကိုလှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ပထမဦးဆုံး နေပြည်တော်၌ အမျိုးသားနေ့ဧည့်ခံပွဲကျင်းပခြင်းသည် မြန်မာနိုင်ငံအား အလေးထားဂရုပြုခြင်းနှင့် ချစ်ခင်ရင်းနှီးမှုကို ဖော်ပြရန်ဖြစ်ပါကြောင်း။

ယခုအခါ တရုတ်သံရုံးကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ရွှေ့ပြောင်းရန် စီမံပြင်ဆင်လျက်ရှိသဖြင့် နေပြည်တော်၌ ပထမဦးဆုံးသံရုံးအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ဆောက်ခြင်း (၆၅) နှစ်မြောက်ဖြစ်ပြီး မိမိတို့အကြားတွင် နိုင်ငံတကာအခြေအနေ မည်မျှပြောင်းလဲစေကာမူ နှစ်နိုင်ငံကူးလူးဆက်ဆံမှုသည် အစမှအဆုံး ကောင်းမွန်သောအခြေအနေရှိပါကြောင်း။

မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းချိန်ကာလမှစ၍ တရုတ်-မြန်မာ ဆက်ဆံရေးသည် အခြေအနေသစ်သို့ ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် မိမိနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူလူထုကောင်းစားရေးအတွက် ကြိုးပမ်းအားထုတ်မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ တံခါးဖွင့်လှစ်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသရေးရာဆိုင်ရာကိစ္စရပ်များတွင် အခန်းကဏ္ဍများစွာမှ ပါဝင်ခြင်းကိုလည်းကောင်း ထောက်ခံအားပေးခဲ့ပြီးဖြစ်ပါကြောင်း။

**တရုတ်သံရုံးကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ရွှေ့ပြောင်းရန် စီမံပြင်ဆင်လျက်ရှိသဖြင့် နေပြည်တော်၌ ပထမဦးဆုံးသံရုံးအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ရန် မျှော်လင့်။**

တရုတ်နိုင်ငံသည် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှု အဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်ရန်နှင့် ယခုနှစ် မြန်မာနိုင်ငံရွေးကောက်ပွဲအောင်မြင်ရေးတို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြစဉ်။** (သတင်းစဉ်)

## နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နေသည့် သဲပန်းချီ

**ပုဂံ စက်တင်ဘာ ၂၄**

ပုဂံရှေးဟောင်းဒေသတွင် စိတ်ဝင်စားစရာအများအပြားရှိသည့်အနက် ထင်ရှားသောအနုပညာလက်ရာများကို ဖော်ညွှန်းနေသည့် သဲပန်းချီသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံအတွက် နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နေသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

"သဲပန်းချီတစ်ချပ်ရဖို့ ပိတ်အဖြူကို အရင်ဆုံးဘောင်ခတ်တာတွေ၊ ဆေးဖြူပတ်တာတွေ၊ ကော်သုတ်တာတွေလုပ်ရပါတယ်။ ကော်ကိုတော့ အဓိကအားဖြင့် နို့ကော်ကို အသုံးပြုပြီး တမာကော်၊ ထနောင်းကော်တို့ကိုလည်းသုံးပါတယ်။ ကော်တစ်ခါသုတ်ရင် နှစ်နာရီ၊ သုံးနာရီလောက် နေပူလှန်းအခြောက်ခံရပြီး ကော်တင်တာကို အနည်းဆုံးနှစ်ကြိမ်လောက်အထိ လုပ်ရပါတယ်။ သဲပန်းချီလုပ်ဖို့ သဲမှုန့်ကို မွနေအောင်ထောင်းရတယ်။ ပြီးရင် အောက်ခံအရောင်ကိုလိုက်ပြီး ဝါချင်ရင်ချောင်းသဲ၊ ဖြူချင်ရင်သောင်သဲ စသဖြင့် သုံးပါတယ်"ဟု ပုဂံဒေသတွင် သဲပန်းချီလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် ကိုထွန်းလင်းအောင်က ရှင်းပြသည်။

"ကော်တင်တာတွေ၊ သဲတင်တာတွေပြီးသွားရင် ကောက်ကြောင်းလိုက်ပါတယ်။ ကောက်ကြောင်းလိုက်ပြီးမှ ကိုယ်ဆွဲချင်တာက ဘုရားဖူးတော်မူခန်းဆိုရင် ဖူးတော်မူခန်း၊ ရှုခင်းအလှဆိုရှုခင်းအလှ၊ တိရစ္ဆာန်ကားဆိုရင် တိရစ္ဆာန်ကား စသဖြင့် ဒါတွေကို ဒီဇိုင်းတွေဖော်တာတွေ၊ ကိုယ်လိုချင်တဲ့ အရောင်တွေလိုက်ပါတယ်။ ဂျပန်တွေဆိုရင် ရှုခင်းပုံတွေ ကြိုက်တယ်။ နိုင်ငံခြားသားအတော်များများက ဒီသဲပန်းချီကားတွေကို စိတ်ဝင်စားကြတယ်။ ရေလျှော်လို့ရတဲ့အပြင် ခရီးသွားတဲ့အခါမှာလည်း နေရာကျယ်ကျယ်မယူတော့ ပိုစိတ်ဝင်စားကြတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

နှစ်ပေခွဲအရွယ်အစားရှိသည့် ပန်းချီကားတစ်ချပ်ဆိုလျှင် ရေးဆွဲသည့်ကားအပေါ်မူတည်ပြီး တစ်ခါတလေ တစ်ရက်ကနေ နှစ်ရက်သုံးရက်ခန့်မျှ ကြာကြောင်း၊ နှစ်ပေခွဲတစ်ချပ်ကို နှစ်သောင်းအထိ ရောင်းရကြောင်း၊ တစ်ပေခွဲပတ်လည်တစ်ချပ်ဆိုလျှင် တစ်ရက်ကို နှစ်ချပ်၊ သုံးချပ်ခန့်ပြီးသည့်အပြင် တစ်ချပ်ကို တစ်သောင်းခန့်အထိရောင်းရကြောင်း၊ ဘုန်းကြီးကားများဆိုပါက နှစ်သောင်းခွဲမှ သုံးသောင်းခန့်အထိ ရောင်းရကြောင်း၊ ပန်းချီကား၏ အမျိုးအစားနှင့် လက်ရာပေါ်မူတည်ပြီး ထောင်ဂဏန်းမှ သိန်းဂဏန်းအထိ ရောင်းရကြောင်းလည်း သိရသည်။

ပုဂံဒေသတွင် မြန်မာ့မူ၊ မြန်မာ့ဟန်မပျက်ပြောင်မြောက်သောလက်ရာများဖြင့် ရေးဆွဲလျက်ရှိရာတွင် လက်ရှိလူကြိုက်များလျက်ရှိသည့် သဲပန်းချီအပြင် သဲပန်းပုပန်းချီကိုပင် ဆန်းသစ်စွာတီထွင်လုပ်ကိုင်နေပြီဖြစ်သည်။

ဆောင်းရာသီကာလတွင် ပန်းချီကားများ အရောင်းသွက်ပြီး လက်ရှိတွင် အရောင်းပါးလျက်ရှိသော်လည်း ပုဂံရှေးဟောင်းဒေသတွင် ပန်းချီကားများကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်းများအပြင် ဘုရားဝင်းများတွင် ဖျာခင်းရောင်းချသူများနှင့် လက်ပွေ့ရောင်းချသူများလည်း ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၄-၉-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်သုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦးနှင့် ပေါင်းလုပ်ငန်း အသစ် ၁၁ ဦးတို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၄ ဦးနှင့် အသစ်လျှောက်ထားသူ ၂၃၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၅၇၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၅၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် သတင်းစာထုတ်ဝေခွင့်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး အကူအညီလိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား ဖြစ်နိုင်သမျှ အမြန်ဆုံးကူညီဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ကမ္ဘာ့ဘဏ်နှင့်ပူးတွဲဆောင်ရွက်သည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ လိုအပ်ချက်များဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်၊ UNDP၊ EU နှင့် JICA တို့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့သည့်အတွက် ကနဦးကိန်းဂဏန်းအချက်အလက်များအရ လူဦးရေ ၁ဒသမ ၆သန်းမှာ ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး အခြားပြည်သူသန်းပေါင်းများစွာကိုလည်း နည်းလမ်းမျိုးစုံနှင့် အကျိုးသက်ရောက်မှုရှိခဲ့ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များက ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး အကူအညီလိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား ဖြစ်နိုင်သမျှ အမြန်ဆုံးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကနဦးအသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ အနည်းအကျဉ်းသာ ဖြစ်ပေါ်ခဲ့သော်လည်း စီးပွားရေးဆိုင်ရာပျက်စီး ဆုံးရှုံးမှုနှင့် လူမှုရေးထိခိုက်မှုဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း။

သို့ဖြစ်၍ လက်ရှိဆောင်ရွက်နေသည့် ပြည်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှစ်ရပ်စလုံးအတွက် အမျိုးသားမူဘောင်ချမှတ်ရေးတွင် အဓိကကျသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလလိုအပ်ချက်များ ဆန်းစစ်လေ့လာချက် ဖော်ထုတ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကိုဖိတ်ခေါ်ပြီး တိုင်ပင်နှီးနှောခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘက်စုံလွှမ်းခြုံပြီး လက်တွေ့ကျသည့် ပြန်လည်ထူထောင်ရေးအစီအစဉ် ရေးဆွဲရေးလုပ်ငန်းစဉ်ကို ကြပ်မတ်ဆောင်ရွက်နိုင်ရန် အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် မြန်ဆန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းဌာနအသီးသီးကလည်း အကြံပေးအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့များနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်လည်း အလွန်အရေးကြီးလှပါကြောင်း၊ ယခု ပြန်လည်ထူထောင်ရေးစီမံချက်သည် အနာဂတ်စီမံချက်ရေးဆွဲရေး လုပ်ငန်းစဉ်များအတွက် ရေရှည်တည်တံ့ဖြစ်ထွန်းမည့် အခြေခံအုတ်မြစ်ကို ချမှတ်ရာတွင် ပေါင်းကူးဆောင်ရွက်ပေးမည့် မဟာဗျူဟာတစ်ရပ်ဖြစ်သောကြောင့် ဝန်ကြီးဌာနများမှ ညှိနှိုင်းရေးမှူးများအနေဖြင့် လုပ်ငန်းစဉ်တွင် အစွမ်းကုန် ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကမ္ဘာ့ဘဏ်နှင့်ပူးတွဲဆောင်ရွက်သည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလလိုအပ်ချက်များဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာရင်ရင်နွယ်၊ ကမ္ဘာ့ဘဏ်ဌာနေမန်နေဂျာ၊ UNDP မှ ဌာနေညွှန်ကြားရေးမှူး၊ EU မှ ညှိနှိုင်းရေးမှူး၊ JICA ကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက ရေကြီးရေလျှံမှုနှင့် မြေပြိုခြင်းကာလအပြီး လိုအပ်သော အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စုစည်းထားရှိမှုတို့ကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးတို့က ပြန်လည်ထူထောင်ရေး အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ရေဘေးသင့်ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် လေ့လာဆန်းစစ်ဖော်ထုတ်ခြင်းတို့ကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူ Doekle Wielinga က ဖွဲ့စည်းတည်ဆောက်ပုံမူဘောင်နှင့် စာရင်းကောက်ယူပုံနည်းနာများကိုလည်းကောင်း ၊ UNDP မှ ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov က ပြန်လည်ထူထောင်ရေးဆိုင်ရာစီမံချက်နှင့် စပ်လျဉ်းပြီး ဦးစားပေးဆောင်ရွက်ရမည့်လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလ အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာများဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ၊ သတင်းအချက်အလက်ရယူနိုင်မှု လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ အချက်အလက် စုဆောင်းကောက်ယူခြင်း၊ ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်း၊ သဘာဝဘေးဒဏ်ခံရသူများ၏ အသံများ စုစည်းခြင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုတင်ပြချက်များ စုစည်းခြင်း၊ ဦးစားပေးအစီအစဉ်နှင့်ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးမဟာဗျူဟာများကို အုပ်စုများခွဲ၍ ဆွေးနွေးကြသည်။

ယင်းနောက် အုပ်စုအလိုက် ဆွေးနွေးပွဲရလဒ်များကို ပြန်လည်တင်ပြခြင်းနှင့် စုစည်းသုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူနိုင်ငံမှ MBA ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြသည့် စင်ကာပူနိုင်ငံ National University of Singapore မှ Master of Business Administration (MBA) ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စင်ကာပူနိုင်ငံမှ MBAကျောင်းသား ကျောင်းသူများပါဝင်သော လေ့ လာရေးအဖွဲ့ဝင် ၁၄ ဦးတက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်စောစန္ဒာအေးအား သတင်းအချက်အလက်နည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးတင်စိုး<br>အထွေထွေမန်နေဂျာ<br>(ထုတ်လုပ်ရေး)<br>မြန်မာ့သဘော်ကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘော်ကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်အေးအေးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |

## ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၄**

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# မည်သည့်ဘာသာသာပင်ဖြစ်စေ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသူများအဖြစ်ခံယူ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီသို့သွားရောက်ပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် ဂေါပကအဖွဲ့ဝင်များထံ အလှူငွေများပေးအပ်လှူဒါန်းပြီး စေတီတော်အား လှည့်လည်ကြည်ညိုကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းကလည်း လွိုင်ကော်မြို့ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက သက်တော် ၉၁ နှစ်ရှိ သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်ချီးကျေးရွာရှိ မဟာအတုလ မာန်အောင် ရန်အောင်မြင်ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် သာသနာ့အလင်းရောင်ကျောင်းတိုက်သို့ သွားရောက်၍ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တသီလဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကက်သလစ်သာသနာ့ဗဟိုကျောင်းမှ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။** (မြဝတီ)

ညနေပိုင်းတွင် လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ လွိုင်ကော်ကက်သလစ်သာသနာ့ဗဟိုကျောင်းတိုက်သို့ သွားရောက်ကြသည်။ ဦးစွာဘုန်းတော်ကြီး ရီးချက်သူရထွန်းက အဖွင့်ဆုတောင်း မေတ္တာရွတ်ပွားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ ကိုးကွယ်သည့်ဘာသာများသည် အေးချမ်းတည်ငြိမ်ပြီး မိမိဘဝတိုးတက်မှု၊ သာယာဝပြောမှုအတွက်၊ လူတစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှုအတွက် လုပ်ဆောင်နေခြင်းဖြစ်၍ မည်သည့်ဘာသာပင်ဖြစ်စေ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသူများအဖြစ် ခံယူပြီး အားလုံးကို ညီညီညွတ်ညွတ်မျှမျှတတဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထို့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် မိမိနိုင်ငံအနေဖြင့် လက်ရှိတိုးတက်နေသည့် အရှိန်အဟုန်ထက် ပိုမိုမြန်ဆန်သည့် တိုးတက်မှုကို ရရှိလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွိုင်ကော်ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး စတီးဖင်းကျေးဖဲ၏ ကိုယ်စားလှယ်တော် ဘုန်းတော်ကြီး ချဲလ်ဆိုဘရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမော(အငြိမ်းစား)ထံ အမှတ်တရလက်ဆောင်နှင့် ဆန်အိတ် ၅၀၊ ဆီပိဿာ ၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။ ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမော (အငြိမ်းစား)ကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က မြို့တော်ခန်းမတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကား ပြောကြားရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများနှင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် ကြိုတင်မဲပေးရန် ပုံစံ (၁၅)နှင့် တင်ပြတောင်းခံရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ပုံစံ (၁၅)များကို သက်ဆိုင်ရာ မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံသို့ ပို့ရမှာဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ စိစစ်ပြီး မဲလက်မှတ်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့မှာဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ခံများက မဲဆန္ဒရှင်များ မဲပေးနိုင်ရေးဆောင်ရွက်ပြီး ဆန္ဒပြုပြီးသည့် ကြိုတင်မဲများကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မဲပေးသည့်နေ့ ညနေ ၄ နာရီမတိုင်မီ အရောက် ပြန်လည်ပေးပို့ရမှာဖြစ်ကြောင်း။

ကြိုတင်မဲပေးရမည့် တပ်မတော်သားများအတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တောင်းခံလာသည့်အခါ တပ်မှူးက ပြုစုပေးပို့ရမှာဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ စိစစ်၍ ပါရှိက ပုံစံ(၁-၂)ဖြင့် မှတ်တမ်းတင်ထားပြီး ကြိုတင်မဲလက်မှတ်များကို သက်ဆိုင်ရာတပ်မှူးထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတပ်မှူးက ကြိုတင်မဲပေးမည့် တပ်မတော်သားများ မဲပေးနိုင်ရေးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဆန္ဒပြုပြီးသည့် ကြိုတင်မဲပါစာအိတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄နာရီမတိုင်ခင် အရောက်ပေးပို့ရမှာဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် လက်ခံရရှိသည့် ဆန္ဒပြုပြီးသော လက်မှတ်ပါစာအိတ်များကို မှတ်ပုံတင်ကာ မဲပုံးထဲထည့်၍ လုံခြုံစွာ သိမ်းဆည်းထားပါကြောင်း။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင် ရေတွက်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ၄ နာရီနောက်ပိုင်း ရောက်ရှိလာသည့် ကြိုတင်မဲများကို ရေတွက်ခြင်းမပြုဘဲ ပယ်မဲအဖြစ် သတ်မှတ်ကြောင်း။

ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ အတွင်းလူနာများအတွက် ကြိုတင်မဲစာရင်းကို ပုံစံ (၁-၁)ဖြင့်လည်းကောင်း၊ တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များအတွက် မဲစာရင်းကို ပုံစံ(၁-၂)ဖြင့်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ကြိုတင်မဲစာရင်းကို ပုံစံ (၁-၃) ဖြင့်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မှတ်တမ်းပြုစုပါကြောင်း၊ ပြုစုထားသည့် ပုံစံ (၁-၁)၊ ပုံစံ (၁-၂)နှင့် ပုံစံ (၁-၃) တစ်စောင်စီကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားကြေညာပြီး မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက တစ်စောင်ကို ကပ်ထားကြေညာပြီး တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားကြောင်း။

သက်ဆိုင်ရာ ဌာနများအနေဖြင့်လည်း ပုံစံ (၁၅)ဖြင့် ကြိုတင်မဲတောင်းခံသူများစာရင်းကို မှတ်တမ်းတင်ထားပြီး ကြိုတင်မဲထုတ်ပေးသည့်အခါ မဲဆန္ဒရှင်အား လက်မှတ်ရေးထိုးစေ၍ ဆန္ဒပြုပြီးသည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ်များပေးပို့ရာတွင် ၎င်းပုံစံများကိုပါ အတူပေးပို့ရန်လိုကြောင်း။

လုပ်ငန်းစဉ်တိုင်းတွင် လုပ်ထုံးလုပ်နည်းစနစ်များ ရှိပါကြောင်း၊ အထောက်အထား မှတ်တမ်းမှတ်ရာများထားရှိ ဆောင်ရွက်ရန်လိုကြောင်း၊ ဆန္ဒမဲပေးသူများအား စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးရန်မကျန်ရှိစေရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုတင်မဲပေးရန် ဆောင်ရွက်ထားရှိမှုများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများ အနေဖြင့် ပုံစံ(၁၅)ဖြင့် တောင်းခံသည့် ကြိုတင်ဆန္ဒမဲပေးသူများစာရင်းကို သတ်မှတ်ပုံစံ (၁-၁)၊ (၁-၂)၊ (၁-၃)များတွင် မဲစာရင်းပြုစု၍ ကြိုတင်မဲပေးသည့်အခါ မဲဆန္ဒရှင်ကိုယ်တိုင် လက်မှတ်ထိုးစေပြီး ၎င်းမဲစာရင်းကို ဆန္ဒပြုပြီးသည့် မဲလက်မှတ်များနှင့်အတူ ပေးပို့ရန်လိုကြောင်း၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများအား အသေးစိတ်ကြည့်ရှုနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅) ဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာအမှတ် (၁၂၀၂/၂၀၁၅)ဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများအား အသေးစိတ်သိရှိလေ့လာနိုင်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၏ Website ဖြစ်သော www.mfid.gov.mm တွင် ထည့်သွင်းဖော်ပြထားရှိပြီးဖြစ်သဖြင့် အများပြည်သူများ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

## ရေကြီးနစ်မြုပ်၍ စာသင်ကျောင်း ကိုးကျောင်း ယာယီပိတ်ထား

**ကျောင်းကုန်း စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် စက်တင်ဘာ ၂၄ ရက် စာရင်းအရ ရေကြီးနစ်မြုပ်၍ ယာယီပိတ်ထားရသော စာသင်ကျောင်းကိုးကျောင်းရှိပြီဖြစ်သည်။ အဆိုပါ ကျောင်းများမှာ အမက(အုန်းပင်စု)၊ အမက(အပင်နှစ်ဆယ်)၊ အမက (သဲဗွက်)၊ အမက (ရေတာကြီး)၊ အမက (သဲကုန်)၊ အမက(လက်ပံချောင်)၊ အမက (ဂန့်ဂေါ်) အခြေခံပညာအထက်တန်းကျောင်းခွဲ (လှည်းဆိပ်)နှင့် အထက(ဂုန်မင်း)တို့ဖြစ်သည်။ မူလတန်းကျောင်းခုနစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်းကိုးကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် ခိုင်ခိုင်မာမာဖြစ်စေရေး တပ်မတော်အနေဖြင့် ပါဝင်ကူညီလုပ်ဆောင်နေ



**နေပြည်တော် စက်တင်ဘာ ၂၄**

တပ်မတော်အနေဖြင့် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရင်း အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်လျက်ရှိကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်ပါက နိုင်ငံ့သမိုင်းနှင့် တပ်မတော်သမိုင်းခွဲခြား၍ မရသကဲ့သို့ ပြည်သူနှင့် တပ်မတော်သည်လည်း ခွဲခြား၍မရပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆီဆိုင်နှင့် ဘန်းယဉ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများမေးမြန်းပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။ ထို့အပြင် တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံသံဃာတော်နှင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိအမျိုးသမီးလူနာဆောင်သို့သွားရောက်၍ ဆေးကုသမှုခံယူနေသော မိသားစုများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကယားပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ် မျက်စိခွဲစိတ်ကုသရန်လိုအပ်သဖြင့် တပ်မတော်ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူခဲ့သောလူနာများအား သွားရောက်တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး မျက်မှန်များ တပ်ဆင်ပေးသည်။ **(ယာပုံ)** ဆက်လက်၍ မျက်စိကုသမှုခံယူမည့် ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်ပြီး လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်ရှိ ကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ကယားမျိုးနွယ်စုပြခန်း၊ ဝတ်စားတန်ဆာပြခန်း၊ အသုံးအဆောင်ပြခန်း၊ တူရိယာပြခန်းနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယဉ်ကျေးမှုပြတိုက်အတွက် အလှူငွေ ကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လွိုင်ကော်မြို့မှ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်မြို့သို့ရောက်ရှိကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးကော်မတီဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် ဆီဆိုင်နှင့် ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဆီဆိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမတွင် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် ခိုင်ခိုင်မာမာဖြစ်စေရေး တပ်မတော်အနေဖြင့် ပါဝင်ကူညီလုပ်ဆောင်နေကြောင်း၊ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန် တပ်မတော်အနေဖြင့် စွမ်းရည်မြင့်မားရန် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေး ကိစ္စရပ်များဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ တူညီသည့်အကျိုးခံစားခွင့်များ ရရှိအောင် လုပ်ဆောင်ပေးနေကြောင်း၊ အထူးသဖြင့် အားနည်းသည့်တိုင်းရင်းသားများအပေါ် အလေးထားအားပေးကူညီ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာလအတွင်းပြုလုပ်မည့် ရွေးကောက်ပွဲတွင်လည်း အခြေခံစဉ်းစားသင့်သည့်အချက်များအပေါ်တွင် မူတည်၍ မှန်ကန်စွာရွေးချယ်မဲပေးကြရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဥပဒေနှင့်အညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆီဆိုင်တပ်နယ်အတွက် သုတရသစာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကိုလည်းကောင်းပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့ မြို့လယ်မဏ္ဍာရုံတွင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဆီဆိုင်မြို့နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းမြို့များနှင့် မော်ချီးဒေသတို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တို့တွင်လည်းကောင်း အဖွဲ့များခွဲကာ ၎င်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား စက်တင်ဘာ ၂၁ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့အထိ ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၇၀၊ ခွဲစိတ်ရောဂါ ၅၂၃ ဦး၊ ကလေးရောဂါ ၆၆၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၅၁ ဦး၊ အရိုးရောဂါ ၃၂၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၈ ဦး၊ မျက်စိရောဂါ ၆၂၃ ဦး၊ သွားရောဂါ ၃၇၁ ဦး၊ အခြားရောဂါ ၁၆၀ စုစုပေါင်း ၄၅၂၅ ဦးတို့အား လိုအပ်သောကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေခွဲစိတ်လူနာ ၂၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့အား ခွဲစိတ်ကုသပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာ ၄၇ ဦးကိုလည်း သက်ဆိုင်ရာ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ ရေတပ်စခန်းဌာနချုပ်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ရှန်ဟိုင်းမြို့စောင့် ရေတပ်စခန်း (Shanghai Garrison Naval Port) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် ဖရီးဂိတ်စစ်ရေယာဉ် အမှတ် (၅၄၂)သို့ တက်ရောက်လေ့လာရာ စစ်ရေယာဉ်ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး စစ်ရေယာဉ်ခန်းမတွင် စစ်ရေယာဉ်မှူး Capt.Zhang Chung Puo က စစ်ရေယာဉ်နှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၅၀ တွင် ရှန်ဟိုင်းမြို့ရှိ Pearl TV Tower ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး Pearl TV Tower ပေါ်မှ ရှန်ဟိုင်းမြို့သစ် Pu Dong နယ်မြေနှင့် မြို့ဟောင်း Pu Xi နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့ကြသည်။

ထို့နောက် ရှန်ဟိုင်းမြို့ဖွံ့ဖြိုးတိုးတက်ရေးပြခန်း (Shanghai Development Exhibition Hall) ကို ကြည့်ရှုလေ့လာကြပြီး ဝူဟန်မြို့သို့ ဆက်လက်ထွက်ခွာရန် ရှန်ဟိုင်းမြို့ ဟုန်းချောင်လေဆိပ်သို့ ရောက်ရှိရာ ရှန်ဟိုင်းမြို့စောင့်တပ် ဒုတိယတပ်မှူး ဗိုလ်ချုပ် Wan Zhi Ping နှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဝူဟန်မြို့ Tian Hua လေဆိပ်သို့ ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ပြီး ဟူပေပြည်နယ် စစ်ဒေသ စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် Yang Wan Jun နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။**(မြဝတီ)**

# မန္တလေးတောင်ပန်းချီပြခန်းတွင် ၆ ပေ × ၄ ပေ ပန်းချီကားများပြသမည်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတောင်ပန်းချီအရောင်းပြခန်း၏ ၁၄ နှစ်ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲနှင့် လက်တွေ့ပန်းချီရေးဆွဲပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၃၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပန်းချီပြပွဲတွင် မန္တလေးမှ ပန်းချီဆရာများအပါအဝင် ရန်ကုန်၊ ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦးမြို့တို့မှ ပန်းချီဆရာများလည်း ပါဝင်အားဖြည့်ကာ ပန်းချီဆရာပေါင်း ၃၉ ဦး၏ လက်ရာပန်းချီကား ၄၅ ကားကို ပြသသွားမည် ဖြစ်သည်။ “မန္တလေးက ပန်းချီဆရာတွေစုပြီး ဒီပြခန်းမှာပဲ ပျော်ပျော်ပါးပါး စုပေါင်းရေးဆွဲကြတာ။ ရန်ကုန်၊ ပုဂံ၊ ပြင်ဦးလွင်က ပန်းချီဆရာတွေကတော့ သူတို့ဆီမှာပဲ ရေးဆွဲပြီး လာပြမှာပါ”ဟု ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း) ကပြောသည်။ ဆီဆေး၊ အခရိုင်းလစ်များဖြင့် ရေးဆွဲထားသော ၆ ပေ × ၄ ပေ အရွယ်အစား ပန်းချီကားများအား တစ်ရွယ်တည်းပြသသွားမည်ဖြစ်ပြီး အဆိုပါပြခန်းတွင် ပန်းချီဆရာများ စုပေါင်းရေးဆွဲလျက်ရှိသည်။

“ဒီပွဲက ထူးခြားတယ်။ အရွယ်အစားကြီးတဲ့ ၆ ပေ × ၄ ပေ ကားတွေပြမှာ။ ဒီလိုဆိုဒ်ကြီးတွေချည်းပဲပြတာ ဒါဟာ ပထမဆုံးဖြစ်မယ်။ ဒါကြောင့် ဝမ်းပန်းတသာလည်းဖြစ်မိတယ်။ မန္တလေးအတွက် ဂုဏ်လည်းယူပါတယ်”ဟု ပြပွဲပါဝင်ပြသသူ ပန်းချီဆရာကြီး ဦးလှထွန်းက ပြောသည်။ ပန်းချီကားများကို ကျပ်ငါးသိန်းမှ ကျပ်သိန်း ၂၀ ထိ သတ်မှတ်ရောင်းချနိုင်ရန် စီစဉ်ထားရှိပြီး ပြပွဲကာလအတွင်း ကယ်ရီကေးချားရေးဆွဲခြင်း၊ မော်ဒန်ပန်းချီစုပေါင်းရေးဆွဲခြင်း၊ ကဗျာရွတ်ဆိုခြင်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတောင်ပန်းချီအရောင်းပြခန်း ပိုင်ရှင် ကိုမိုးမြင့်ထွန်း (မိုးဦး-ပန်းချီ)က ပြောသည်။ **ဝဝ၂**



## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၄ ရက်တွင် The Government of His Majesty the Sultan and Yang Di-Pertuan of Brunei Darussalam မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် Consulate-Generan of the Republic of the Union of Myanmar Innanning China မှ အမေရိကန်ဒေါ်လာ ၆၁၈၉၄၁ ဒသမ ၅၈ ဒေါ်လာကို ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ရရှိသည့်အလှူငွေ စုစုပေါင်းမှာ ၇၇၉၄၁၆၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၂၇၉၃၉၉၅ ဒသမ ၆၉ ဒေါ်လာဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့ ဖလမ်းမြို့၌ သဘာဝရေဘေးသင့်ပြည်သူများအား အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် စက်တင်ဘာ ၂၃ ရက်တွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဖလမ်းခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံအတွက် လိုအပ်သည့် ခွဲစိတ်ကိရိယာ ပစ္စည်းများ ပေးပို့လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းမိန့်ကြားခဲ့သည်။ ထို့နောက် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းသက်မွေးပညာသင်ကျောင်းခန်းမ၌ ပြုလုပ်သော သဘာဝဘေးဒဏ်သင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ ကြွရောက်၍ ဩဝါဒစကားမြွက်ကြား ချီးမြှင့်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းအတွက် ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းဆရာတော် ဦးအရိယဝံသကလည်းကောင်း၊ ဖလမ်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၇၉ အိတ်၊ ငါးခြောက် ခုနစ်အိတ်၊ ပဲအိတ် ၃၀၊ ဆား ၅ အိတ်၊ စားသုံးဆီ ၁၅ ပုံးနှင့် စားသောက်ကုန်ပစ္စည်းများကို လှူဒါန်းပေးအပ်ရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးနှင့် သိက္ခာတော်ရ ဆရာတော် ဒေါက်တာဖရန်စစ်(စ)တီယမ်းအုပ် တို့ကလည်းကောင်း၊ သီတဂူသာသနာပြုအဖွဲ့ ဦးမြင့်အောင် (ဗိုလ်စိန်မှန်)၊ ဦးမြင့်အောင်(သီရိမင်္ဂလာဈေး)၊ ဦးဝင်းထွန်းနှင့် ဦးမောင်မောင်တို့က ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို လှူဒါန်းပေးအပ်ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်းနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိန်မိုးဝင်းတို့က လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများကိုယ်စား သိက္ခာတော်ရ ဆရာတော် ဒေါက်တာဖရန်စစ်(စ)တီယမ်းအုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီတဂူသာသနာပြုအဖွဲ့ လာရောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံရုံးမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**


ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံရုံးမှ H.E. Pehin Dato Abdu'r Rahmani Dato Basir, Ambassador of the Brunei Darussalam to the Republic of the Union of Myanmar က အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သံအမတ်ကြီးက ရေဘေးသင့်ပြည်သူများအတွက် His Majesty the Sultan and Yang Di-Pertuan of Brunei Darussalam မှ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဧဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ဧဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**





ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ပျက်စီးခဲ့သော ကလေးဝ-ကျီးကုန်း-တမူးလမ်း မိုင် (၅၉/၀) (၅၉/၁) ကြားရှိ ကနန်တံတား ပေ ၁၀၀ ဘေလီ ထိုးပြီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။ (ဆောက်လုပ်ရေး)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈)ပါ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်သာကျေးရွာအနီးရှိ မြစ်သာမြစ်၏ မြစ်ကျဉ်း(၁)တွင် ရေစီးရေလာကောင်းမွန်စေရေး မြစ်ကြောင်းချဲ့ထွင်မည့် လုပ်ငန်းများအား စစ်ဆေးစဉ် (ပုံစာ)**အစား** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နယ် ပျဉ်သာကျေးရွာ၌ ရေဘေးကာကွယ်ရေးတာ ဆောင်ရွက်မည့်အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**



## ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေကျဆင်း၊ မြို့၏စိုးရိမ်ရေမှတ်အောက်သို့ရောက်ရှိ

**ညောင်တုန်း စက်တင်ဘာ ၂၄**

ယခုနှစ် ဧရာဝတီမြစ်ရေကြီးမြင့်ချိန်က မြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက် ၂၅ ဒသမ ၈ ပေသို့ ကျော်လွန်ရောက်ရှိကာ လိမ္မော်ရောင်အဆင့်သို့ တိုးမြှင့်သတ်မှတ်၍ ပြောင်းရွှေ့ခြင်းများ၊ ကယ်ဆယ်ရေးစခန်းများဖွင့်ခြင်း၊ တာတမံပေါ်ရှိ ရေကျော်နိုင်သည့်နေရာများတွင် အရေးပေါ် သဲအိတ်ဆင့်ခြင်း၊ ရေပေါက်ထွက်သော နေရာများတွင် ရေခွေပြုလုပ်ကာ ကာကွယ်ခြင်းများကို တပ်မတော်နှင့် ဒေသခံပြည်သူတို့က ဝိုင်းဝန်းကာကွယ်မှုများ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်သမ္မတနှင့် စေတနာရှင်ပြည်သူများကလည်း လာရောက်အားပေးကူညီမှုများ ရှိခဲ့ကြသည်။

အဆိုပါ မြစ်ရေမြင့်တက်မှုအပြီးတွင် အန္တရာယ်ဖြစ်နိုင်သော မြို့ပတ်တာများဖြစ်သည့် (၁၂)လမ်း၊ လမ်း(၃၀)၊ ရပ်ကွက်(၁)အတွင်းရှိ ကျောင်းကြီးကျောင်းအနီး စံအောင်ကျောင်းရှေ့နှင့် အမှတ်(၅) ရပ်ကွက်နေရာများကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက အသေးစားမြေတူးစက်ဖြင့် တူးဖော်ပိတ်ဆို့ခြင်း၊ ရေကျော်နိုင်သည့်နေရာများရှိ သဲအိတ်ဟောင်းများကို ဖယ်ရှားပြီး စနစ်တကျ တာခွဲ၍ ပြန်လည်စီဖို့ကာကွယ်ခြင်း၊ မြို့နယ် ဆည်မြောင်းဦးစီးဌာန၏ အချိန်မီ ဆောင်ရွက်နိုင်မှုများကြောင့် ယခုစက်တင်ဘာလအတွင်း ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာသော ဧရာဝတီမြစ်ရေသည် မြို့၏စိုးရိမ်ရေအမှတ် ၂၂ ဒသမ ၅ ပေသို့ ကျော်လွန်ကာ စိုးရိမ်ရေအမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ ထပ်မံတက်ရောက်ခဲ့သော်လည်း မြို့၏ ရေဘေးကာကွယ်ရေးတာတမံများမှ ရေထွက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်းများ လုံးဝမတွေ့ရှိရတော့ဘဲ ကောင်းမွန်ကြံ့ခိုင်လျက်ရှိကြောင်းနှင့် အများပြည်သူစိုးရိမ်ထိတ်လန့်ကြောင့်ကြမှုများ ကင်းဝေးပြီး ပုံမှန်သွားလာရောင်းဝယ်လှုပ်ရှားလျက်ရှိသည်။

ယခု ဒုတိယအကြိမ် ဧရာဝတီမြစ်ရေ မြင့်တက်မှုသည်လည်း စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့သည့်တိုင် မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုများကြောင့် ညောင်တုန်းမြို့ပေါ်နှင့် မြို့နယ်ကျေးလက်ဒေသများအတွင်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရသည်။ ယခုအခါ အဆိုပါမြစ်ရေသည် စက်တင်ဘာ ၁၉ ရက် ညနေအထိ ၂၄ ဒသမ ၈ ပေမှ ပြန်လည်ကျဆင်းသွားပြီဖြစ်သည်။ မြို့၏ စိုးရိမ်ရေအမှတ် ၂၄ ဒသမ ၅ ပေအောက်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ရာ စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ ၂၃ ဒသမ ၄ ပေသို့ ဆက်လက်ကျဆင်းသွားပြီ ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

ပြည်တွင်းရေးရာ

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရေဆိုးသန့်စင်စနစ် လွှဲပြောင်းပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံ Mitsubishi Rayan Co.,Ltd. နှင့် မြန်မာနိုင်ငံ Myanmar water Engineering & Products Co.,Ltd. တို့မှ ရေဆိုးသန့်စင်စနစ်တစ်ခုဖြစ်သော Membrane Bio-Reactor(MBR) ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းဝင်း၌ ပြုလုပ်ခဲ့သည်။



အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က Membrane Bio-Reactor(MBR) ရေဆိုးသန့်စင်စနစ်သည် ရေဆိုးရေညစ်များကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်သော အဆင့်မြင့်နည်းပညာဖြစ်သည့်အတွက် ခေတ်မီနည်းစနစ်ဖြင့် စနစ်တကျ သန့်စင်စွန့်ပစ်ခြင်း အသုံးပြုမှုများပြားလာစေခြင်းဖြင့် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေမှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကြီးကို ခေတ်မီမြို့တော်ဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်နေသည့်အချိန်တွင် အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း၊ Membrane Bio-Reactor ရေဆိုးသန့်စင်စနစ်ကို သိရှိနားလည်ပြီး ပြန်လည်အသုံးပြုနိုင်ခြင်းအားဖြင့် ရန်ကုန်မြို့တော်တွင် နေထိုင်ကြသည့် ပြည်သူများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရာ ရောက်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

Myanmar water Engineering & Products Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက "ကျွန်တော်ကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အင်ဂျင်နီယာ တစ်ယောက်ပါ။ ရေနဲ့ ရေဆိုးသန့်စင်လုပ်ငန်းကို လုပ်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ကြာသွားပါပြီ။ အဲဒီနည်းပညာတိုးတက်ပြောင်းလဲမှု တစ်ခုကို နိုင်ငံတော်အဖွဲ့အစည်းတွေရော ပြည်သူတွေပါ သိအောင် လက်တွေ့ကျကျ ဆောင်ရွက်ပြီးတော့ လှူဒါန်းတာပဲ ဖြစ်ပါတယ်။ ဒီရေက ပြန်ပြီးသုံးလို့ရတဲ့အဆင့်ထိတော့ ရပါတယ်။ သုံးရေအဆင့်ပါ။ သောက်ဖို့အတွက်တော့ နောက်ထပ်တစ်ဆင့် လိုသေးပါတယ်။ စင်ကာပူမှာလိုပဲ RO System တစ်ခုထပ်ထည့်ရင်တော့ သောက်လို့ရပါပြီ။ စက်မှုဇုန်တွေက စက်ရုံတွေမှာ စက်ရုံကထွက်တဲ့ ရေဆိုးတွေကို သန့်စင်တဲ့အပိုင်းမှာလည်း ဒါတွေကို စပြီးလုပ်နေပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာမှ လူဦးရေ ၅၀၀အတွက် 300m$^3$/day capacity ရှိသော Membrane Bio-Reactor (MBR)နှင့် မိလ္လာသန့်စင်ကန်ပါသော ရေဆိုးသန့်စင်စနစ်ကို Myanmar Water Engineering & Products Co.,Ltd. မှ အမေရိကန်ဒေါ်လာ နှစ်သောင်းငါးထောင် အကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက Power Pump House၊ မိလ္လာပိုက်လိုင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Membrane Bio-Reactor (MBR) စနစ်ဆိုသည်မှာ ရေဆိုးသန့်စင်စနစ်ဖြစ်သော Conventional Activated Sludge(CAS)process တွင် Aeration Tank ၌ Hollow Fiber Membrane များကို ထည့်ပေးခြင်းဖြင့် နောက်ဆက်တွဲ အနည်ထိုင်ကန်နှင့် ပိုးသတ်ခြင်းကိစ္စများကို မလိုအပ်ဘဲ ရေဆိုးများကို High MLSS condition တွင် သန့်စင်ပေးသော စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်ကို အသုံးပြုခြင်းဖြင့် အသုံးပြုရမည့်မြေနေရာ နည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှု လွယ်ကူခြင်း၊ ပိုမိုကောင်းမွန်သော ရေအရည်အသွေးရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**(သီသီမင်း)**

# မီးလောင်မှုအချိန်ကြာမြင့်ခဲ့ပြီး ကျပ်သိန်းတစ်ထောင်ကျော်ဆုံးရှုံးခဲ့သည့် မင်္ဂလာဒုံ ကိုကာကိုလာကုန်ကြမ်းဂိုဒေါင် မီးလောင်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဥယျာဉ်ဝင်းအတွင်း ရန်ကုန်စက်မှုဇုန်ရှိ ကိုကာကိုလာဘူးခွံကုန်ကြမ်းဂိုဒေါင်၌ ယနေ့နံနက် ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

"မီးလောင်တဲ့ ဂိုဒေါင်က လူမရှိဘူး။ မနေ့ည ရှစ်နာရီလောက်ကတည်းက ဂိုဒေါင်ပိတ်ပြီး ပြန်သွားကြတယ်လို့ သိရပါတယ်။ မီးလောင်နေတာက နံနက် ၆ နာရီခွဲကတည်းက လောင်နေတာ။ ၇ နာရီလောက်မှာ ဘေးအိမ်က ညော်နံ့ရမှ ဂိုဒေါင်ထဲမှာ မီးလောင်နေမှန်း သိရတယ်။ အဲဒီအချိန်ကျမှ မီးသတ်ကို အကြောင်းကြားလို့ မီးလောင်တဲ့ ပမာဏက ပိုများသွားတာပါ။ မီးငြိမ်းရတဲ့အခါမှာလည်း ဂိုဒေါင်ရဲ့ရှေ့ဘက်ကပဲ ငြိမ်းလို့ရတယ်။ ဘေးတွေ နောက်တွေက ဝင်လို့မရလို့ အဆင့်မြင့်မီးသတ်ယာဉ် ဝါးတားတာဝါ ကရိန်းတွေပါသုံးပြီး ခေါင်မိုးပေါ်ကနေ ငြိမ်းခဲ့ရတယ်။ အထဲမှာလည်း ကော်စေ့တွေနဲ့ဆိုတော့ မီးလောင်အားက တော်တော်ကောင်းတယ်။ ဒါကြောင့် မီးလောင်မှုအချိန်ကြာသွားတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာက မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းပြသည်။

အဆိုပါမီးလောင်မှုသည် နံနက် ခြောက်နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကြာမြင့်ခဲ့ကြောင်း သိရပြီး မီးငြိမ်းသတ်ယာဉ် ၄၅ စီး၊ အထောက်အကူပြုယာဉ် ရှစ်စီး၊ အုပ်ချုပ်မှုယာဉ်ခြောက်စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ် ကိုးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၆၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၉၅ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးငြိမ်းသတ်ခဲ့မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက "ဒီနေရာက စက်မှုဇုန်လည်းဖြစ်တယ်၊ လောင်တာကလည်း ဂိုဒေါင်ဖြစ်နေတော့ မီးကများတယ်။ ဒါကြောင့် မီးသတ်ယာဉ်စေလွှတ်မှုအဆင့်ကို Level 3 အထိသတ်မှတ်ပြီး စေလွှတ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အပါအဝင် အခြားမိတ်ဖက်အဖွဲ့တွေနဲ့ ပူးပေါင်းငြိမ်းသတ်နိုင်ခဲ့လို့ နံနက် ၈ နာရီခွဲမှာ မီးကို ထိန်းနိုင်ခဲ့ပြီး မွန်းတည့် ၁၂ နာရီမှာ အပြီးငြိမ်းသတ်နိုင်ခဲ့ပါတယ်"ဟု မြန်မာ့သတင်းစဉ်က မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါမီးလောင်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သူ ဒေသခံ ဦးထွန်းဝင်းကလည်း "မီးလောင်နေတဲ့အချိန် မီးအားကလည်း ပြင်းသလို လေတိုက်တာကလည်းပြင်းတယ်။ မီးသတ်ယာဉ်တွေက လောင်တဲ့နေရာအထိ အကုန်သွားလို့မရဘူး။ ဘေးက မြေကွက်လပ်တွေကလည်း ရွှံ့ဗွက်တွေများတော့ အနီးကပ်ငြိမ်းသတ်ဖို့ အခက်အခဲဖြစ်နေတာ တွေ့ရတယ်။ ဂိုဒေါင်ထဲမှာ ကော်စေ့တွေရှိတယ်လို့ ပြောသံတော့ကြားရတယ်။ အဓိကကတော့ မီးလောင်တဲ့ ဂိုဒေါင်ကို မီးသတ်ယာဉ်တွေ တစ်ပြိုင်နက်မဝင်နိုင်တာလည်း ပါပါတယ်"ဟု သူ၏အမြင်ကိုပြောသည်။

အဆိုပါ မီးလောင်မှုကြောင့် ကုန်ကြမ်းပစ္စည်းများနှင့် အကျယ်ပေ (၂၀၀×၂၅၀) ရှိ အာစီတစ်ထပ်ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးခဲ့သဖြင့် စုစုပေါင်းမီးလောင်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၁၂၅ သိန်းခန့်ဆုံးရှုံးခဲ့ပြီး မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သည့် မင်္ဂလာဒုံမြို့နယ်မှ အရန်မီးသတ်တပ်စုမှူးတစ်ဦး အပူလောင်ဒဏ်ရာရရှိခဲ့၍ မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။ ထိုသို့ မီးလောင်ခဲ့ရသည့် အကြောင်းအရာနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်တင်ဘာလဆန်းမှ ၂၄ ရက်အထိ ယခုမီးလောင်မှုအပါအဝင် မီးလောင်မှုမှာ ၁၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ဩဂုတ်လအတွင်း၌လည်း မီးလောင်မှု ၁၁ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး(ပဏီတ)**

**ဓာတ်ပုံ-ကိုကျော်**



# သဘာဝဘေးဒဏ်သင့်ဒေသများတွင် မဲစာရင်းများထုတ်ပြန်မည့်ရက် တိုးမြှင့်ကြေညာမည်

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်

**သဘာဝဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ကြောင့် အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် မဲစာရင်းထုတ်ပြန်ကြေညာခြင်းကို ယှဉ်တွဲဖော်ပြပါရက်များအထိ တိုးမြှင့်ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တိုးမြှင့်ကြေညာရန် သတ်မှတ်ကာလ |
|---|---|---|---|
| ၁ | ချင်း | မတူပီ | ၁၀-၁၀-၂၀၁၅ |
| | | ဟားခါး | ၁၀-၁၀-၂၀၁၅ |
| | | တွန်းဇံ | ၁၀-၁၀-၂၀၁၅ |
| ၂ | စစ်ကိုင်း | မုံရွာ | ၂-၁၀-၂၀၁၅ |
| | | ဆားလင်းကြီး | ၂-၁၀-၂၀၁၅ |
| | | ကနီ | ၂-၁၀-၂၀၁၅ |
| | | မော်လိုက် | ၂-၁၀-၂၀၁၅ |
| | | ဖောင်းပြင် | ၂-၁၀-၂၀၁၅ |
| ၃ | မကွေး | စေတုတ္တရာ | ၄-၁၀-၂၀၁၅ |
| ၄ | မန္တလေး | မြင်းခြံ | ၄-၁၀-၂၀၁၅ |
| ၅ | ဧရာဝတီ | ဟင်္သာတ | ၄-၁၀-၂၀၁၅ |
| | | ဇလွန် | ၄-၁၀-၂၀၁၅ |
| | | မြန်အောင် | ၄-၁၀-၂၀၁၅ |
| | | အင်္ဂပူ | ၃၀-၉-၂၀၁၅ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်စဉ် ဓာတ်အားပို့လွှတ်မှု ခေတ္တပြတ်တောက်မည်

**နေပြည်တော် စက်တင်ဘာ ၂၄**

မန်း(မင်းဘူး) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ၁၄ မိုင်ခန့်အကွာရှိ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ဓာတ်အားကို မန်း(မင်းဘူး) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ပို့လွှတ်ရန်အတွက် မန်း(မင်းဘူး) ပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၂၇ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ၁၂ နာရီကြာ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်စဉ်အတွင်း မန်း(မင်းဘူး) ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်ထားသော ၆၆ ကေဗွီ ဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီ ပွင့်ဖြူ မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ သံပရာကန်ရေနံမြေ၊ မလွန်မြို့၊ မင်းလှမြို့၊ ဓာတ်ငွေ့ရည်စက်ရုံ၊ ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ ဓာတ်အားလိုင်းများ ၁၁ ကေဗွီ စကုမြို့၊ ဆင်ဂေါင်းကျေးရွာ ဇလီဖားတုံးစက်ရုံ ဓာတ်အားလိုင်းများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

## မီးသတိပြု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၉-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉) ပါ သတင်းအဖွဲ့၏ အင်တာဗျူးတွင် သိက္ခာတော်ရဆရာဒေါက်တာဆခါး ကချင်နှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာ (အစား) သိက္ခာတော်ရဆရာ ဒေါက်တာဇခါရ် သင်းအုပ်ဆရာ အင္ဂပေနှစ်ခြင်း အသင်းတော် ဟားခါးမြို့ ချင်းပြည်နယ်ဟု ပြင်ဆင်ဖတ်ရှု ပေးပါရန်။

**(သတင်းအဖွဲ့)**

## ပြည်တွင်းရေးရာ

### စက်သုံးဆီမှ

တစ်ပုလင်းလျှင် ငွေကျပ် ၁၅၀ ဝန်းကျင် သူ့အတွက် အမြတ်ကျန်သည်ကိုသာသိသော အဘိုးအို ဦးသိန်းအဖို့ နိုင်ငံတကာစက်သုံးဆီဈေးကိုမဆိုထားနှင့် မြို့ပေါ်တွင် ရောင်းချသော နေ့စဉ်ဈေးနှုန်းအတက်၊ အကျကိုပင်သူမသိ။ သူဝယ်နေကျဆိုင်ကတော့ ပုံမှန်ဈေးဖြင့်သာ သူ့ကိုရောင်းချပေးနေသည်။ သို့တိုင်အောင် ရန်ကုန်၏လက်ရှိစက်သုံးဆီပေါက်ဈေးကို သူ့ကိုပြောပြသည့်အခါ နယ်ဈေးနှုန်းက သူ့အမြတ်အစွန်းကို ကျပ်လေးငါးဆယ်ခန့်ထိပါးစေကြောင်း တဖျစ်တောက်တောက်ဖြင့် အပြစ်တင်သည်။

နိုင်ငံတွင်း ပုဂ္ဂလိကစက်သုံးဆီနှင့် နိုင်ငံပိုင်စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၁၅ရက်အထိ စုစုပေါင်း ၁၆၁၂ ဆိုင်နှင့် သိုလှောင်ကန် ခြောက်ခုခန့်ရှိသည်။ နိုင်ငံတစ်ဝန်းဆိုင်များ၏ နေ့စဉ်ရောင်းချနေကြသည့် စက်သုံးဆီဈေးနှုန်းများမှာ ကွာခြားမှုရှိပြီး အမည်တူဆိုင်များပင်လျှင် မြို့နယ်အလိုက် ဈေးနှုန်းမတူ ကွဲပြားသည်ကို မြင်တွေ့ရသည်။

“သယ်ယူပို့ဆောင်မှုတွေကြောင့် ဈေးတွေကိုပြောင်းရတယ်။ လမ်းတံတားကြေးတွေကြောင့်လည်း ကုန်ကျစရိတ်ကတက်ရတယ်။ မြေဈေးကြီးမြင့်တာတွေနဲ့ အခြားအခွန်အခတွေကြောင့် စက်သုံးဆီဈေးကို ညှိနှိုင်းပေးပေမယ့် အခက်အခဲတွေအများကြီးရှိတယ်။ ဒ့ါအပြင် ဗဟိုဘဏ်ရည်ညွှန်းဈေးနဲ့ ဝယ်ခွင့်ပေးပေမယ့် ရည်ညွှန်းဈေးမြင့်လာတာတွေလည်း ပါဝင်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ၂၀၁၀ပြည့်နှစ်ကတည်းက open market ကို ဖွင့်ပေးခဲ့ပါတယ်။ သို့သော် ဆိုင်အများစုက နိုင်ငံတကာမှာ ဈေးနှုန်းတွေကျတဲ့အခါ ချက်ချင်းဈေးချပေးဖို့အတွက် အကြောင်းပြချက်မျိုးစုံပြပြီး လက်နှေးနေပေမယ့် နိုင်ငံတကာဆီဈေးတက်လာပြီဆိုရင်တော့ အချိန်နဲ့တစ်ပြေးညီဈေးလိုက်တက်ကြတာတွေရှိနေတယ်” ဟု စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

ကမ္ဘာ့စက်သုံးဆီဈေးသည် ကုန်ကြမ်းဖြစ်သည့် ရေနံစိမ်းပေါ်တွင် အခြေခံပြီး ၂၀၁၄ခုနှစ် ဇွန်လအထိ ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၁၀၀ နှင့်အထက် ရှိခဲ့ပြီး ဈေးနှုန်းလှုပ်ခတ်မှုများ တောက်လျှောက်ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၄၉ ဝန်းကျင်သာ ရှိတော့သဖြင့် ကုန်ချောဖြစ်သည့် စက်သုံးဆီဈေးများ လိုက်ပါကျဆင်းလာခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာမူ လိုက်ပါကျဆင်းခြင်းမရှိသေးကြောင်း စီးပွားရေးသမားများက သုံးသပ်သည်။

၂၀၁၄ နှစ်လယ်မှ ယခုနှစ်ဆန်းမတိုင်မီအထိ ပြည်တွင်းစက်သုံးဆီဈေးများမှာ အမြင့်ပိုင်းတွင်ရှိခဲ့ပြီး ဝေဖန်မှုများကြောင့် ယခုနှစ်ဆန်းတွင် တစ်လီတာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင် ကန့်သတ်လျှော့ချပေးခဲ့သည်။ တင်သွင်းမှုကို လေ့လာကြည့်ရာ ၂၀၁၀ ခုနှစ်မတိုင်မီက တစ်နှစ်လျှင် ဓာတ်ဆီ ဂါလန်သန်းပေါင်း ၁၁ ဒသမ ၅၁၄၊ အောက်တိန်း ၉၂ဂါလန်သန်းပေါင်း ဝ ဒသမ ၂၅၄နှင့် ဒီဇယ်ဂါလန်သန်းပေါင်း ၁၃ ဒသမ ၃၁သာ တင်သွင်းခဲ့ရာမှ ယခုအခါ တစ်နှစ်လျှင် ဓာတ်ဆီဂါလန်သန်းပေါင်း ၅ ဒသမ ၈၆၉၊ အောက်တိန်း ၉၂ ဂါလန်သန်းပေါင်း ၃၆ ဒသမ ၈၂၈နှင့် ဒီဇယ် ဂါလန်သန်းပေါင်း ၅၅ ဒသမ ၁၄၂ အထိ မြင့်တက်လာခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

“ဆီဈေးမကျတာကငွေကြေးတန်ဖိုးကြောင့်လည်း ဖြစ်နိုင်တယ်။ ဥပမာပြောရရင် ဆီတစ်ဂါလန်ကို နှစ်ဒေါ်လာ ဖြစ်တယ်ထားလိုက်ရင် မြန်မာငွေနဲ့တွက်မယ်ဆိုရင် လွန်ခဲ့တဲ့နှစ်ငွေကြေးပေါက်ဈေးက တစ်ဒေါ်လာကို ၈၀၀ ကျပ်ဖြစ်ရင်၁၆၀၀ ကျပ်ကျပါလိမ့်မယ်။ အခုချိန်မှာ နှစ်ဒေါ်လာကို ၂၆၀၀ ကျပ်နဲ့ဝယ်ယူကြရပါလိမ့်မယ်။ နိုင်ငံတကာဆီဈေးကျလို့ တစ်ဒေါ်လာနဲ့ ဝယ်ရတယ်ဆိုရင်တောင် ရောင်းဈေးဟာ ဒေါ်လာဈေးမြင့်တဲ့အတိုင်း ၁၃၀၀ ကျပ်ဝန်းကျင်နဲ့ ဝယ်ယူကြရမှာဖြစ်လို့ အခုလည်းဈေးမကျရခြင်းဟာငွေကြေးတန်ဖိုးကြောင့်အများကြီးမူတည်တယ်“ ဟု ဦးသန့်စင်က ဥပမာပေးသည်။




ဆီတင်သွင်းခြင်းတွင်လည်း ယခင်က နယ်စပ်မှ တင်သွင်းခြင်းသာရှိခဲ့ပြီး ယခုအခါ သင်္ဘောဖြင့် ဆိပ်ကမ်းအရောက် စီအိုင်အက်ဖ် တန်ဖိုးသတ်မှတ် တင်သွင်းခြင်းများကို လုပ်ငန်းရှင်များက ဆောင်ရွက်လာကြောင်း၊ နယ်စပ်မှ တင်သွင်းသူများက ဆီဘောက်ဆာကားများကိုအသုံးပြုခြင်းကြောင့် ပမာဏအနည်းငယ်သာ တင်သွင်းနိုင်သဖြင့် ဈေးနှုန်းကြီးမြင့်ရပြီး ပင်လယ်ရေကြောင်းမှတင်သွင်းသူများကမူ မက်ထရစ်တန် ထောင်သောင်းခန့် ပမာဏများပြားစွာ သယ်ယူနိုင်သဖြင့် ဈေးနှုန်းအရ သက်သာမှုရှိကြောင်း စက်သုံးဆီတင်သွင်းသူများထံက သိရသည်။

“ကမ္ဘာ့ရေနံဈေးက ကျဆင်းလာပြီး စက်သုံးဆီဈေးနှုန်းတွေလည်း ကျဆင်းနေတာကိုတွေ့ရမှာပါ။ မြန်မာနိုင်ငံက စွမ်းအင်ကဏ္ဍကို အဓိကပို့ကုန်အဖြစ် တင်ပို့နေတဲ့နိုင်ငံဖြစ်တာကြောင့် ဈေးနှုန်းတည်ငြိမ်ဖို့မျှော်လင့်တယ်။ နိုင်ငံကိုပိုပြီးကောင်းမွန်အောင်တည်ဆောက်နေချိန်မှာ ဝင်ငွေလျော့ကျတာက ဆုံးရှုံးရသလို တက်ဈေးနဲ့ တင်သွင်းရတာလည်း ထိခိုက်ပါတယ်။ ပြည်သူတွေအတွက် အမှန်တကယ် အရည်အသွေးပြည့်မီတဲ့ စက်သုံးဆီတင်သွင်းဖို့လိုအပ်တယ်။ မော်တော်ကားတွေလည်း အများကြီးတင်သွင်းခွင့်ပြုထားသလို မော်တော်ယာဉ်နဲ့ ဆက်စပ်တဲ့ထုတ်ကုန်ပစ္စည်းတွေ၊ စက်သုံးဆီတွေ၊ အပိုပစ္စည်းတွေနဲ့ နည်းပညာတွေကို ဈေးသက်သာစွာနဲ့ တင်သွင်းတာဖြစ်ဖြစ် ပြည်တွင်းမှာထုတ်တာဖြစ်ဖြစ် မြှင့်တင်ဖို့ လိုအပ်နေပါသေးတယ်” ဟု ပါမောက္ခဒေါက်တာအောင်ထွန်းသက်က စက်သုံးဆီနှင့် ပတ်သက်ပြီး ပြောကြားသည်။

၂၀၁၀ ခုနှစ်မှစတင်ကာ စက်သုံးဆီတင်သွင်းရောင်းဝယ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပေးခဲ့သည့်အတွက် ယခင်က ဆီဆိုင်များတွင်တန်းစီကာ စောင့်ဆိုင်းဝယ်ယူခဲ့ရသည့် အနေအထားကိုကျော်ဖြတ်ခဲ့ပြီးဖြစ်သော်လည်း စက်သုံးဆီဈေးနှုန်းများကို နိုင်ငံတကာဈေးနှုန်းအတိုင်း အချိန်နှင့်တစ်ပြေးညီရောင်းချနိုင်ရန်အတွက် စက်သုံးဆီရောင်းချသူများအနေဖြင့် အဖြေရှာသင့်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ကြသည်။

“လုပ်ပိုင်ခွင့်တွေပေးလိုက်တော့ တင်သွင်းကြတယ်။ ဖြန့်ဖြူးကြတယ်။ တစ်ဆိုင်နဲ့တစ်ဆိုင် ဝန်ဆောင်မှုတွေ အပြိုင်အဆိုင်ပေးကြတယ်။ ဒါပေမယ့် အဓိကပြိုင်ဆိုင်ရမှာက ပမာဏအများကြီးရောင်းချနိုင်ဖို့ဖြစ်ပါတယ်။ သို့သော် ဈေးနှုန်းပိုင်းမှာ တစ်ဆိုင်နဲ့တစ်ဆိုင် အပြိုင်အဆိုင် ဈေးတင်းမာနေကြတာကို တွေ့ရတယ်။ လေ့လာကြည့်တဲ့အခါ စက်သုံးဆီလုပ်ငန်းကြီးတွေက ဆီတင်သွင်းတယ်။ အကောက်ခွန်ကြေးနဲ့ ကုန်သွယ်ခွန်ကိုပေးဆောင်ကြတယ်။ ကိုယ်တိုင်တင်သွင်းရောင်းချသူတွေဟာ တင်သွင်းတာရော ဖြန့်ဖြူးရောင်းချတာရောကိုယ်တိုင်မို့ အခွန်မှာလည်း သက်သာမှုရှိပါတယ်။ သူတို့ဆီက တစ်ဆင့်ပြန်ဝယ်တဲ့ ဆိုင်သေးတွေကျတော့ သူတို့ဆိုင်ကြီးတွေလို အခွန်နှုန်းထားလျှော့နည်းတာမရှိတာကြောင့် ဈေးကိုလျှော့မရောင်းနိုင်တော့ ဈေးကမြင့်ရတယ်။ ဒါပေမယ့်လည်း ကိုယ်တိုင်သွင်းတဲ့သူတွေက ဆိုင်သေးတွေအတိုင်းလိုက်ရောင်းကြတာဆိုတော့ တံခါးဖွင့်လုပ်ကိုင်ခွင့်ပေးပြီး ငါးနှစ်အတွင်းမှာ စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးမှ အရှုံးပေါ်တာမျိုးမကြုံဖူးဘူး”ဟု စက်သုံးဆီဈေးကွက်အား စောင့်ကြည့်လေ့လာသူတစ်ဦးက ပြောသည်။

စက်သုံးဆီလုပ်ငန်းရှင်အများစုက ဈေးနှုန်းများကို အပြိုင်အဆိုင်တင်းခံနေကြသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှုမဟုတ်ကြောင်း၊ ဝန်ဆောင်မှုကိုမြှင့်တင်ကာ ဈေးနှုန်းကို နိုင်ငံတကာနှင့်အညီဆောင်ရွက်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သည့် ဈေးကွက်တစ်ခု ဖြစ်လာနိုင်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးက အကြံပြုပြောကြားသည်။

“ကျွန်တော်တို့အနေနဲ့ လုပ်ပိုင်ခွင့်တွေအားလုံးကို ပေးထားပေမယ့် စက်သုံးဆီတင်သွင်းရောင်းချသူတွေဘက်က မျှော်မှန်းသလောက် ဈေးနှုန်းကျဆင်းခြင်းမရှိတဲ့အတွက် စက်သုံးဆီဈေးနှုန်း ထိန်းသိမ်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ကမ္ဘာ့ရေနံဈေးနှုန်းနဲ့ အညီဖြစ်စေဖို့ ထိန်းညှိပေးနေပါတယ်” ဟု ဆက်လက်ပြောကြားသည်။

“ဓာတ်ဆီဆိုင်ကြီးကနေ တစ်ဆင့်ပြန်ဝယ်ရောင်းတာ။ ဆိုင်ကြီးတွေက တက်ဈေးနဲ့မိတော့ ကျွန်တော်တို့လည်း ဈေးကအမြင့်ဈေးတွေနဲ့ ရောင်းနေရတယ်။ ပြီးခဲ့တဲ့လက




ဆိုင်ကို ဈေးများတယ်ဆိုပြီး သက်ဆိုင်ရာက လာစစ်တယ်။ အရောင်းသမားတွေက ဝယ်ထားတဲ့ဘောက်ချာတွေကို အကုန်ထုတ်ပြတော့မှ ပြေလည်သွားတယ်။ ရန်ကုန်မှာ နေ့စဉ်ဈေးတွေပြောင်းတာကျွန်တော်တို့ မသိဘူး။ နယ်တွေမှာတော့ ရန်ကုန်နဲ့ မတရားကြီးဈေးကွာမှသာ သုံးလေးရက်တစ်ခါကြည့်ပြီး ဈေးအပြောင်းအလဲရှိတယ်”ဟု ပျဉ်းမနား-တပ်ကုန်းကားလမ်းမကြီးပေါ်မှ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

နည်းပညာမြင့်မော်တော်ယာဉ်များတင်သွင်းခွင့်ရရှိထားသဖြင့် စက်သုံးဆီသုံးစွဲမှုမြင့်မားလာချိန်တွင် အိမ်နီးချင်းနိုင်ငံများ၏ စက်သုံးဆီ လက်လီဈေးနှုန်းများမှာ ငွေလဲလှယ်နှုန်းထားအရ မြန်မာနိုင်ငံထက်ပင် ပိုမိုမြင့်မားနေသေးကြောင်း စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“ရေနံစိမ်းဈေးကျပေမယ့် ကုန်ချောဆီဈေးနှုန်းတွေကို နှိုင်းယှဉ်ရင် စင်ကာပူကလက်လီဈေးနှုန်းထက် ကျွန်တော်တို့ဆီကတောင် ပိုပြီးသက်သာတာကို တွေ့ရပါတယ်။ လက်ရှိစင်ကာပူမှာ အောက်တိန်း ၉၂တစ်ဂါလန်ကို ၇ ဒေါ်လာဝန်းကျင်ရှိပြီး မြန်မာမှာတော့ ငွေကျပ် ၃၂၀၀ ကျော်သာကျပါတယ်။ ဆီဆိုင်တွေအနေနဲ့ ငွေကြေးတန်ဖိုးပေါ်မူတည်ပြီး ဈေးကစားကြတယ်”ဟု စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆီဆိုင်တိုင်းတွင် ဂါလန်စံခွက်ကိုထားရှိပြီး စစ်ဆေးသူများနှင့် ဝယ်ယူသူ မည်သူမဆို ခြင်တွယ်အသုံးပြုနိုင်ရန် သက်ဆိုင်ရာက ညွှန်ကြားထားကာ စစ်ဆေးရေးအဖွဲ့များဖွဲ့၍ ဈေးနှုန်းနှင့်အရည်အသွေးကို တစ်နိုင်ငံလုံးတွင် ရှောင်တခင်စစ်ဆေးပေးလျက်ရှိပြီး အရောင်းဆိုင်များအပြင် ဆီလှောင်ကန်များကိုလည်း Mobile Fuel lab များဖြင့် စစ်ဆေးပေးလျက်ရှိကြောင်း၊ နောက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေးများနှင့် စက်သုံးဆီအရောင်းဆိုင်များကို ခေတ်မီအရောင်းဆိုင်များအဖြစ် ကူးပြောင်းနိုင်ရန်အတွက် အဆင့်ဆင့်ပညာပေးကာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

“ဝယ်ယူသူအများစုက ဈေးနှုန်းထက် ကိုယ်ဆီထည့်နိုင်တဲ့ ငွေပမာဏကိုသာ အဓိကပြောလာကြတယ်။ ဈေးနှုန်းဆယ်ဂဏန်းအထိ ကွာနေရင်တောင် သတိမထားတော့ဘူး။ အချို့ဆိုရင် ဈေးက နိမ့်နေရင်တောင် ဆီအရည်အသွေးမပြည့်မီတာတွေရောင်းတယ်လို့ ထင်တာလည်းရှိတယ်။ စက်သုံးဆီမှာက ဈေးနှုန်းထက် ဝန်ဆောင်မှုကောင်းပြီး အခြင်အတွယ်ပြည့်မီဖို့က ပိုအရေးကြီးတယ်လို့ ထင်ပါတယ်။ ဈေးတွေကတော့ များနေလည်း ဆယ်ဂဏန်းလောက်ဆိုတော့ မဖြစ်မနေသုံးရမယ့်သူတွေက ဝယ်ကြပါလိမ့်မယ်။ ပြည်တွင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ဈေးပိုပေးရတာတွေ လုံးဝမပျောက် သွားသေးဘူး”ဟု စက်သုံးဆီဝယ်ယူသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှ နောက်ဆုံးရသည့် သတင်းအချက်အလက်များအရ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအား နိုင်ငံတကာ အတွေ့အကြုံရှိ ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်ခြင်းကို လာမည့်ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်သွားရန်စီစဉ်နေခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုတွင် ပိုမိုအားကောင်းလာကာ ပုဂ္ဂလိကနှင့် အစိုးရဖက်စပ်လုပ်ငန်းတို့အကြား ဈေးကွက်ယှဉ်ပြိုင်မှုမှတစ်ဆင့် ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းရသည်။

“ပုဂ္ဂလိကအနေနဲ့ အနာဂတ်မှာ တစ်ဦးပိုင်ကနေ အများပိုင်ကုမ္ပဏီတွေ ထူထောင်ပြီး လုပ်ငန်းချဲ့ထွင်နိုင်ပါတယ်။ လက်ရှိမှာတော့ ဆိုင်အများစုရဲ့ ဈေးနှုန်းတွေကို ဝန်ကြီးဌာနအနေနဲ့ ကန့်သတ်ပေးဖို့ မဖြစ်နိုင်တဲ့အတွက် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးသူများ အသင်းက တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ထိန်းညှိပေးတာတွေကို ဆက်လက်ဆောင်ရွက်ပေးနေပါတယ်” ဟု ဖြန့်ဖြူးရောင်းချရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။

ထို့ပြင် အဆင့်မြင့်မော်တော်ကားများကို ပိုမိုသုံးစွဲလာကြသည့်အတွက် အောက်တိန်း ၉၂၊ ၉၅စသည့် စက်သုံးဆီများအပြင် စက်သုံးဆီလုပ်ငန်းရှင်များ တင်ပြတောင်းဆိုထားသည့် အောက်တိန်း ၉၇ကိုပါ တင်သွင်းနိုင်ရန် စိစစ်ခွင့်ပြုချက်များ ပေးအပ်သွားရန်ရှိပြီး လိုအပ်ချက်ရှိပါက အခြားနိုင်ငံများနည်းတူ အောက်တိန်း ၁၀၀ နှင့် စူပါစက်သုံးဆီအမျိုးအစားများကိုလည်း တိုးချဲ့တင်သွင်းသွားရန် နှစ်အလိုက်အစီအစဉ်များ ချမှတ်ထားကြောင်း သိရသည်။

“ဆီဆိုင်တွေဘက်မှာလည်း ရင်းနှီးမြှုပ်နှံမှုကွာခြားချက်တွေကြောင့် ဈေးနှုန်းတစ်ပြေးညီသတ်မှတ်ဖို့ရာမှာ မူဝါဒချမှတ်ဖို့ မလွယ်ပါဘူး။ စက်သုံးဆီဆိုင် ဖွင့်ဖို့အတွက် သတ်မှတ်ချက်တွေအများကြီးရှိပြီး နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်တွေကို ရရှိထားတဲ့ လုပ်ငန်းရှင်တွေအဖို့ ရင်းနှီးမြှုပ်နှံမှုက သက်သာပြီး ပုဂ္ဂလိကစစ်စစ် စက်သုံးဆီဆိုင်တွေကျတော့ အစအဆုံးရင်းနှီးမြှုပ်နှံမှုများတဲ့အတွက် ဈေးနှုန်းကို လျှော့ချဖို့အခက်အခဲတွေဖြစ်နေရပါတယ်။ နောက်ပိုင်းမှာ အစိုးရက ပြည်ပလုပ်ငန်းတွေနဲ့ပေါင်းစပ် ဆောင်ရွက်ပြီး စက်သုံးဆီဈေးကွက်မှာ ပါဝင်လာမယ်ဆိုလည်း ဈေးနှုန်းတွေက ထင်သလောက်မကျနိုင်ဘူးလို့ ခန့်မှန်းရပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ပုဂ္ဂလိက တင်သွင်းတဲ့ ဂျက်တီတွေဟာ ဆီတန်ချိန် တစ်သောင်းခွဲလောက်အထိ ဆိုက်ကပ်နိုင်ပေမယ့် အစိုးရပိုင် သန်လျင်ရေနံချက်စက်ရုံ ဆိပ်ကမ်းက သင်္ဘောသေးတွေသာ ဝင်ထွက်နိုင်တာကြောင့် တင်သွင်းတဲ့ပမာဏ၊ ဗဟိုဘဏ်ဈေးနှုန်း တူညီမှုတွေအရ ဆိုရင် မကွာခြားနိုင်ဘူးလို့ ခန့်မှန်းတယ်”ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းထက် ပြည့်ဝသည့် အခြင်အတွယ်၊ အရည်အသွေး ကောင်းမွန်မှုကို ဝယ်ယူသူများက ပိုမိုအလေးအနက်ထားကြပြီး ယခုနောက်ပိုင်းတွင် ဝန်ဆောင်မှုကိုအလေးပေးခြင်းဖြင့် ဝယ်ယူသူအား ဆွဲဆောင်လာကြကြောင်း စက်သုံးဆီအရောင်းဆိုင်များက သိရသည်။

“ဆီဈေးက တစ်နေရာနဲ့တစ်နေရာ ကွာခြားမှုက များပြားတယ်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမှာ ဆီသုံးဆိုင်ဝင်ထည့် ကြည့်တယ်။ ဈေးကသုံးမျိုးဖြစ်နေတယ်။ စားသုံးသူတွေဟာ နိုင်ငံတကာထုတ်ကုန်တွေကို ကမ္ဘာ့ပေါက်ဈေးနဲ့အညီသုံးနိုင်ဖို့ လိုအပ်ချက်တွေက အများကြီးရှိနေတယ်။ ကမ္ဘာ့ဈေးနှုန်းက မြင့်လာရင် ဈေးကမြန်မြန်ဆန်ဆန်တက်သွားတာထုံးစံဖြစ်နေသလို နိုင်ငံတကာမှာ ဈေးကျလာရင်တော့ အကြောင်းပြချက် အမျိုးမျိုးနဲ့ ဈေးကို ထိန်းချုပ်ထားတာ စိစစ်ပေးဖို့လိုတယ်”ဟု စက်သုံးဆီဝယ်ယူသူတစ်ဦးက ဆိုသည်။

အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမျှတသော စက်သုံးဆီများကို ပြည်သူများတစ်ပြေးညီ ဝယ်ယူခွင့်ရရှိလာစေရန်နှင့် ကမ္ဘာ့စက်သုံးဆီဈေးနှင့် ယှဉ်ထိုးရောင်းချနိုင်ရန်အတွက် မြို့နေလူတန်းစားတစ်ရပ်က မျှော်လင့်ကြသော်လည်း ဦးသိန်း၏အမြဲတမ်းစားသုံးသူများအတွက်မူ ဈေးနှုန်းနှင့် အရည်အသွေးသည် ထူးခြားမှုသိပ်မရှိလှကြောင်း၊ မိမိစက်တပ်ယာဉ်အတွင်းသို့ ထည့်သွင်းနိုင်မည့် တတ်နိုင်သောငွေကြေးပမာဏဖြင့်သာ ချိန်ဆဝယ်ယူကြကြောင်း ၎င်းကဖြေကြားရင်း လမ်းမတစ်လျှောက် နီးကပ်လာသည့် ဆိုင်ကယ်စက်သံသည် ဝယ်ယူသူဖြစ်လာမလားဟု မျှော်လင့်ကြီးစွာ စောင့်စားနေသည့် ဦးသိန်း၏ ဇွဲကောင်းမှုကို မြင်တွေ့ရသည်။ ။

# ဘူဆန်ပန်းပုပွဲတော်သို့ မြန်မာနိုင်ငံမှ ပန်းပုဆရာနှစ်ဦး သွားရောက်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

နိုင်ငံတကာမှ ပန်းပုပညာရှင်များစွာ လာရောက်ပြသမည့် ဘူဆန်ပန်းပုပွဲတော်သို့ မြန်မာနိုင်ငံမှ ပန်းပုပညာရှင်နှစ်ဦးဖြစ်သည့် ဦးချမ်းအေးနှင့် ဦးမင်းဆွေတို့မှလည်း ယင်းတို့၏ ပန်းပုလက်ရာများကို သွားရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံ ဘူဆန်ပန်းချီ၊ ပန်းပုအနုပညာအဖွဲ့အစည်းမှ စီစဉ်ဆောင်ရွက်ပြီး အောက်တိုဘာ ၁၀ ရက်မှ ၁၈ ရက်ထိ ကျင်းပမည့် အဆိုပါပြပွဲတွင် တစ်ဦးစီကို ပန်းပုလက်ရာတစ်ခုစီဖြင့် ပြသခွင့်ရရှိမည်ဟု သိရသည်။ ထို့ကြောင့် ဘူဆန်ပန်းချီ၊ပန်းပုပွဲတော်တွင် ထုဆစ်မည့် ပန်းပုဒီဇိုင်းနှင့်ပတ်သတ်၍ ဦးချမ်းအေးက "ဘူဆန်ကခုမှရောက်မယ့် အတွေ့အကြုံဖြစ်နေတော့ သူတို့နိုင်ငံရဲ့ ယဉ်ကျေးမှုတွေကို စာတွေ့နဲ့ ရုပ်ရှင်တွေမှာလောက်ပဲ သိသေးတာပါ။ ဘယ်လိုပန်းပုထုဖြစ်မလဲဆိုတာ သူတို့ပေးတဲ့ ပစ္စည်းနဲ့ သူတို့ရဲ့ယဉ်ကျေးမှုလေ့ပေါ်မူတည်ပြီး မြန်မာ့အငွေ့အသက်တွေပါတဲ့ ပန်းပုမျိုးကိုပဲ ထုဆစ်ပြသမှာပါ"ဟု ပြောသည်။

ပန်းပုပညာရှင် ဦးချမ်းအေးသည် ၁၉၈၀ကျော်နှစ်များတွင် ရန်ကုန်အနုပညာလောကထဲသို့ ဝင်ရောက်လာခဲ့သည့် မန္တလေးမြို့သားအနုပညာရှင်တစ်ယောက်ဖြစ်သည်။ သူသည် မည်သည့်အရာဝတ္ထုပစ္စည်းမှာမဆို လူသားမျက်စိဖြင့် မမြင်နိုင်သည့် အပေါက်ကလေးတွေ ကြားလေဟာနယ်ရှိသည်ဆိုသည့် အဓိပ္ပာယ်ကို ကိုးကားပြီး အချိုင့်ကလေးများကို ထုထွင်းကာ သူ၏ ပန်းပုလက်ရာများကို ဗုဒ္ဓ၊ အဘိဓမ္မာတရားများဖြင့် ပေါင်းစပ်၍သော်လည်းကောင်း၊ အတိတ်ကာလတစ်ခုစီမှ ဖြတ်သန်းလာသည့် ပစ္စည်းများဖြင့် သော်လည်းကောင်း၊ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုနှင့် သွယ်ဝိုက်စွာ ပတ်သက်နေသည့် ပစ္စည်းများဖြင့်သော်လည်းကောင်း စသည်တို့ကို ကိုယ်ပိုင်



ဦးချမ်းအေး၏ပန်းပုလက်ရာ




ဦးမင်းဆွေ၏ ပန်းပုလက်ရာတစ်ခု

အတွေးဖြင့် မော်ဒန်အယူအဆတွဲဖက်ကာ တီထွင်ဖန်တီးနေသူတစ်ယောက် ဖြစ်သည်။

ထို့အတူ ဦးမင်းဆွေသည် မော်ဘီမြို့ဇာတိ အနုပညာရှင်တစ်ဦးဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ရန်ကုန်အနုပညာလောကထဲသို့ ဝင်ရောက်လာသူတစ်ဦးဖြစ်သည်။ သူ၏ ပန်းပုလက်ရာများတွင် ပျော့ပျောင်းသည့် မြန်မာ့ဟန်များကို အများဆုံးတွေ့ရှိရပြီး နိုင်ငံ၏အခြေအနေ၊ လူသားတို့၏ စရိုက်များကို မေတ္တာတရားဖြင့်သော် လည်းကောင်း၊ အလှတရားများဖြင့်သော် လည်းကောင်း ကိုယ်ပိုင်အတွေးများကို မော်ဒန်အယူအဆများဖြင့် တွဲဖက်ကာ ကိုယ်ပိုင်ဟန်ဖြင့် တီထွင်ဖန်တီးသူဖြစ်သည်။ "ပန်းပုဆရာတွေက စိတ်သိနဲ့လက်သိ သွားရတာ။ လက်ကလည်းသိရသလို စိတ်ကလည်း သိနေရမယ်။ အားလုံးတစ်သားတည်းကျနေပြီဆိုမှ ကိုယ့်ရဲ့ အတွေးတွေက ရုပ်လုံးပေါ်လာမှာ။ ဦးလေးတို့ အနုပညာရှင်တွေက ဒီလိုပန်းပုတွေထုဆစ်တယ်ဆိုတာ ဈေးကွက်အတွက် မဟုတ်ဘူး။ နောင်လာနောက်သားတွေအတွက် စိတ်ကူးစိတ်သန်းတွေကို ချန်ခဲ့ပေးချင်တဲ့စိတ်နဲ့ ထုဆစ်ခဲ့ကြတာပါ။ ဦးလေးအခု ကိုရီးယားမှာပြမယ့် ပုံစံကိုအကြမ်းဆွဲထားတယ်။ အဲဒါက တောင်နဲ့မြောက်ကို ကိုယ်စားပြုမယ့် ပန်းပုလေးရဲ့ထိပ်မှာ ဂျိုးငှက်လေးကို ငြိမ်းချမ်းရေးသင်္ကေတနဲ့ထုဆစ်ထားမယ့်။ ရန်ကုန်မှာနေရင် ရန်ကုန်ရဲ့ စိတ်ထားရသလို သူများနိုင်ငံရောက်ရင်လည်း သူတို့နိုင်ငံရဲ့ယဉ်ကျေးမှုကို အလေးထားရမယ်လေ။ အဲဒါကိုမှ ဖျော့တဲ့ကာလာအရောင်လေးတွေကိုပဲ သုံးဖြစ်မှာပါ"ဟု ဦးမင်းဆွေက ပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် ခေတ်ပြိုင်မော်ဒန် ပန်းချီ၊ ပန်းပုဈေးကွက်အတွက် ဝယ်ယူသူအများစုမှာ နိုင်ငံခြားသားခရီးသွား ဧည့်သည်များသာဖြစ်သည်။ ပန်းပုဟုဆိုရာတွင် ပြည်တွင်းဝယ်ယူသူအများစုမှာ ဘုရားကျောင်းကန်၊ဇရပ်၊ မင်းသား၊ မင်းသမီး၊ ခြသေ့်၊ ကျားရုပ်တုအစရှိသည်များကိုသာ ထုဆစ်သူများဟု သတ်မှတ်ခဲ့ကြသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဟန်များဖြင့် ဖန်တီးကြသူများ နိုင်ငံတကာ အနုပညာ လက်ရာများနှင့် ယှဉ်တွဲပြသနိုင်သော အနုပညာရှင် အများအပြားရှိကြသည်။ ပန်းပုရုပ်တစ်ခုသည် နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်ရှိနိုင်သည်။ ထို့အတူပန်းပုရုပ်နှင့်တွဲလျက် ပါရှိနေသော ယဉ်ကျေးမှုတစ်ခုသည်လည်း နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်ရှိသွားမည်ဖြစ်သည်ဟု ပန်းပုပညာရှင် ဦးချမ်းအေးက ဆက်လက်ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ**

# အသက်မွေးဝမ်းကျောင်း ဝါးအခြေခံလက်မှုထည်လုပ်ငန်းသင်တန်းဖွင့်

**မကွေး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဘုရားပြုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးပြုလုပ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံလက်မှုထည်လုပ်ငန်း သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့က သင်တန်းရည်ရွယ်ချက်များနှင့် ပြည်သူ့အကျိုးစီးပွားမျှော်မှန်းချက်များကို ရှင်းလင်းခဲ့ပြီး လက်တွေ့သင်ကြားပို့ချနေမှုများအား ကြည့်ရှုအားပေးသည်။ ငွေကျပ် ၈၀၀ဖြင့် ဝယ်ယူထားသည့် ကြသောင်းဝါးတစ်လုံးကိုလက်မှုထည်များလက်တွေ့လုပ်ကြသည့်အခါ တောင်းငယ်ငါးခုရရှိပြီး လက်မှုထည်များပြန်ရောင်းသည့်ဆိုင်များသို့ တစ်လုံး တစ်ထောင်ကျပ်ဖြင့် သွင်းရကြောင်း၊ သင်တန်းသားများအနေဖြင့် တစ်ရက်ဝါးတစ်လုံး ၈၀၀ ကျပ် ရင်းနှီးလုပ်ကိုင်ရုံဖြင့် တစ်ရက်အသားတင်ဝင်ငွေကျပ် ၄၂၀၀ ရရှိမည်ဖြစ်ကြောင်း သင်တန်းဆရာက တက်ရောက်လာသူများအား ရှင်းလင်းပြောကြားသည်။

မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက "စက်ချုပ်သင်တန်းတွေကို ကံပြားကျေးရွာနဲ့ ငွေးတောက်စမ်းကျေးရွာတွေမှာ ဖွင့်ပြီးပါပြီ။ ဒီသင်တန်းပြီးရင် ဆိုင်ကယ်ဝပ်ရှော့ သင်တန်းတွေပေးဖို့ရှိပါတယ်။ ဒေသထွက်သီးနှံတွေကနေ သစ်သီးဖျော်ရည်နဲ့ မုန့်ထုတ်လုပ်တဲ့သင်တန်းတွေလည်း ပို့ချပေးဖို့ စီစဉ်ထားပါတယ်။ ကိုယ့်ဒေသမှာ အိုးမကွာအိမ်မကွာ မိသားစုနဲ့အတူ နေထိုင်ပြီး ဝင်ငွေရလုပ်ငန်းတွေရဖို့ ကျေးလက်ဦးစီးနဲ့ပေါင်းပြီး အစဉ်တစိုက် ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း၊ သင်တန်းသားများအား ဝါးနှီးဖျာရသည့်အခါသုံးသည့် ဓားမ၊ စူးနှင့် ပဲကွပ်များ တစ်စုံစီပေးအပ်ပြီး သင်တန်းကာလအတွင်း အသုံးပြုသည့်ဝါးများ ထောက်ပံ့ပေးထားကြောင်း၊ ဝါးကိုအခြေခံ၍ သင်ကြားပေးသည်ဆိုသော်လည်း ဒေသနှင့်အဆင်ပြေသည့်ထန်းလက်များဖြင့် ပေါင်းစပ်အသုံးချနိုင်ရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပုတ်၊ ဆန်ကော၊ ဆန်ကာ၊ ခြင်းတောင်း၊ တောင်း အစရှိသည့် ၁၅ မျိုးခန့် လုပ်ကိုင်တတ်စေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**



ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် မန္တလေးမြို့အဝင် မိုင်တိုင် (၃၆၅) အနီးတွင် လမ်းဘေးဝဲ၊ယာတစ်လျှောက်မှ နွားများ လမ်းပေါ်သို့ သွားလာနေမှုများကြောင့် အမြန်လမ်းမကြီးပေါ်တွင် အရှိန်ဖြင့်ဖြတ်သန်းသွားလာနေသော ကားများနှင့် ဆိုင်ကယ်များမှာ အန္တရာယ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

**ဇေယျာဝင်း**



# ကလေးရေဘေးသင့်ဒေသမှ လယ်ယာမြေများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး ထွန်စက်ကြီးများအား မုံရွာဆိပ်ကမ်းမှ ထပ်မံပို့ဆောင်

**မုံရွာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ကလေးဒေသတွင် ရေဘေးသင့်ခဲ့ပြီး လယ်ယာမြေများ ရေနစ်မြုပ်ခဲ့သည်။ သို့ဖြစ်ရာ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ရေနစ်မြုပ်ခဲ့သည့် လယ်ယာမြေများတွင် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်များနှင့် ဆက်စပ်ပစ္စည်းများအား ကလေးရေဘေးသင့်ဒေသသို့ ပို့ဆောင်နိုင်ရေးအတွက် စက်တင်ဘာ၂၃ရက်က မုံရွာဆိပ်ကမ်းတွင် ဖလက်ဇက်ရေယာဉ်ပေါ်သို့ တင်ဆောင်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဇက်ရေယာဉ်ပေါ်သို့ ထွန်စက်များ တင်ဆောင်နေမှုအခြေအနေနှင့် ပတ်သက်ပြီး "နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျွန်တော်တို့ ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာနကနေ ထွန်စက်မောင်း ၂၉ဦးနဲ့ ကြီးကြပ်သူသုံးဦးလိုက်ပါပြီး ထွန်စက် ၂၉ စီးနဲ့ ကလေးဒေသက တောင်သူတွေဆီ အရောက်သွားပြီး အခမဲ့ ကူညီထွန်ယက်ပေးမှာဖြစ်ပါတယ်။ ဌာနရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ တောင်သူအကျိုးပြုလုပ်ငန်းဖြစ်သလို ရေဘေးသင့်တောင်သူတွေရဲ့ လယ်ယာမြေတွေကို ကူညီထွန်ယက်ပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ ကောလင်းရေဘေးသင့်တောင်သူတွေကို ကူညီထွန်ယက်ပြီးဖြစ်လို့ အခုထပ်မံပြီး ကလေးဒေသကို အားဖြည့်ကူညီဖို့အတွက် သွားရောက်ကြခြင်းဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင်စက်မှုလယ်ယာဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ထွန်စက်များတင်ဆောင်ထားသည့် ဇက်ရေယာဉ်ကြီး မုံရွာ မင်းဒေါက်ဆိပ်ကမ်းမှကလေးဝဆိပ်ကမ်းအထိ ပို့ဆောင်ပေးမည်ဖြစ်ပြီး ကလေးဝမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ရေဘေးသင့် တောင်သူများထံ အရောက်သွားကာ အခမဲ့ကူညီထွန်ယက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ရွှေ့ပြောင်းဒုက္ခသည်များဝင်ရောက်လာမှုကိုပိတ်ဆို့ရန် ဥရောပခေါင်းဆောင်များ သဘောတူ

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၄**

ဥရောပခေါင်းဆောင်များက အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ ရွှေ့ပြောင်းအခြေချနေထိုင်ရန် ရောက်ရှိလာသူများနှင့် ဒုက္ခသည်များဝင်ရောက်လာမှုကို တားဆီးပိတ်ဆို့မှုများပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။

ဖိနှိပ်ချုပ်ချယ်မှုများနှင့် စစ်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများ အဆမတန်ဝင်ရောက်လာမှုများကြောင့် ဂျာမနီ၊ ဟန်ဂေရီနှင့် အခြားဥရောပနိုင်ငံများတွင် နယ်စပ်ဒေသထိန်းချုပ်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြရသည်။ အီးယူ(ဥရောပသမဂ္ဂ) ခေါင်းဆောင်များက ဒုက္ခသည်များ ဝင်ရောက်လာမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် စက်တင်ဘာ ၂၃ က ဘရပ်ဆဲလ်မြို့တွင် အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။

အီးယူခေါင်းဆောင်များက အရှေ့အလယ်ပိုင်းဒေသတွင် ကျန်ရှိနေသည့် ဒုက္ခသည်များကို ကူညီထောက်ပံ့နိုင်ရန် ကုလသမဂ္ဂအေဂျင်စီများသို့ ယူရိုငွေတစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) လှူဒါန်းရန် သဘောတူညီခဲ့ကြပြီး ဆီးရီးယားဒုက္ခသည်များကို လက်ခံထားသည့် ဂျော်ဒန်၊ တူရကီနှင့် အခြားနိုင်ငံများကို ပိုမိုထောက်ပံ့ကူညီသွားရန်လည်း သဘောတူခဲ့ကြသည်။ ထို့ပြင် အီးယူနိုင်ငံများသည် ဒုက္ခသည်များဝင်ရောက်လာမှုကို တင်းတင်းကျပ်ကျပ် စစ်ဆေးသွားမည်ဖြစ်သည်။

ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်ထရပ်စ်က ရွှေ့ပြောင်းအခြေချနေထိုင်ရန်လာရောက်သူများနှင့် ဒုက္ခသည်များမှာ ဝင်ရောက်လာနေဦးမည်ဖြစ်သည့်အတွက် အီးယူအနေဖြင့် ၎င်း၏တံခါးဖွင့်ဝါဒကို ပြန်လည်ပြင်ဆင်ရန် လိုအပ်သည်ဟု ပြောကြားသည်။

အီးယူနိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများ စက်တင်ဘာ ၂၂ ရက်က တွေ့ဆုံပြီးနောက် အဖွဲ့ဝင်နိုင်ငံအသီးသီးက ဒုက္ခသည် ၁၆၀၀၀၀ ကို ခွဲဝေလက်ခံရန်သဘောတူညီခဲ့ကြသည်။ သို့သော် အချို့နိုင်ငံများက ဝေစုခွဲတမ်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြပေ။



လေ့လာသုံးသပ်သူများက အီးယူသည် အစုလိုက်အပြုံလိုက်ဝင်ရောက်လာသူများကို ခွဲဝေလက်ခံရေး အစီအစဉ်မှ ပိတ်ဆို့တားမြစ်ရေးအစီအစဉ်သို့ ပြောင်းလဲရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ဆိုကြသည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ အမေရိကန်ပြည်ထောင်စုခရီးစဉ် စတင်

**နယူးယောက် စက်တင်ဘာ ၂၄**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အမေရိကန်ပြည်ထောင်စု၌ ငါးရက်ကြာနေထိုင်မည့်ခရီးစဉ်ကို စက်တင်ဘာ ၂၄ ရက်တွင် စတင်လိုက်သည်။ မိုဒီသည် အမေရိကန်ပြည်ထောင်စု၌ ရှိနေစဉ်ကာလအတွင်း ကုလသမဂ္ဂအစည်းအဝေးများတွင် မိန့်ခွန်းပြောကြားခြင်း၊ နယူးယောက်မြို့၌ ကမ္ဘာ့ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း၊ ဆီလီကွန် ဗယ်လီသို့သွားရောက်ခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်မိုဒီသည် ပထမခရီးတစ်ထောက်အဖြစ် နယူးယောက်မြို့သို့ရောက်ရှိလာခဲ့သည်။ မိုဒီသည် နှစ်ပေါင်းအတန်ကြာကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ ဒုတိယအကြိမ်လာရောက်ခြင်းဖြစ်သည်။

နယူးယောက်မြို့၌ နှစ်ရက်ကြာနေထိုင်ပြီးနောက် စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကယ်လီဖိုးနီးယား၌ ခရီးလှည့်လည်မည်ဖြစ်သည်။

မိုဒီသည် စက်တင်ဘာ ၂၄ ရက်အစောပိုင်းတွင် နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီနိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် စက်တင်ဘာ ၂၈ ရက်တွင် နယူးယောက်မြို့သို့ ပြန်လည်သွားရောက်ကာ သမ္မတဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ကုလသမဂ္ဂဌာနချုပ်၌ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်အဆင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စီစဉ်ထားသည်။

ဝန်ကြီးချုပ်မိုဒီသည် စက်တင်ဘာ ၂၅ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကမကထပြုကျင်းပမည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်ကာ ကမ္ဘာ့ခေါင်းဆောင်များကို မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီသည် စက်တင်ဘာ ၂၆ ရက်တွင် ဂျီ-၄ ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်မည်ဖြစ်သည်။ ၎င်းသည် အမေရိကန်၌ရှိနေစဉ် ဖေ့စ်ဘွတ်၊ အက်ပဲလ်နှင့် ဂူဂဲလ်ကုမ္ပဏီတို့၏အကြီးအကဲများနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားသည်။

**ပီတီအိုင်။**

# ဟာဂျ်ပွဲတော်ဆင်နွှဲရန်ရောက်ရှိနေသော ဘုရားဖူးလူအုပ်အတွင်း လူပြိုမှုဖြစ်ပွား

**မီနာ စက်တင်ဘာ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံ၏ ဘာသာရေးအရ အထွတ်အမြတ်ပြုရာမြို့ကြီးဖြစ်သည့် မက္ကာမြို့အနီးရှိ မီနာမြို့၌ ဟာဂျ်ပွဲတော်ဆင်နွှဲရန် ရောက်ရှိနေသော ဘုရားဖူးခရီးသည် လူအုပ်အတွင်း အစုလိုက်အပြုံလိုက်တိုးဝှေ့ကြရာမှ လူပြိုမှုဖြစ်ပွားရာ လူပေါင်း ၇၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဟာဂျ်ဘုရားဖူးခရီးစဉ်တွင် ပါဝင်ဆင်နွှဲကြသူ လူအုပ်ကြီးအတွင်း လူပြိုမှုကြောင့် လူ ၈၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နှစ်စဉ်ကျင်းပသည့် ဟာဂျ်ဘုရားဖူးခရီးစဉ်အဖြစ် ကမ္ဘာတစ်ဝန်းမှ မွတ်စလင်ဘုရားဖူးခရီးသည် နှစ်သန်းခန့် မက္ကာမြို့သို့ ရောက်ရှိနေချိန်တွင် ယင်းမတော်တဆမှု ဖြစ်ပွားခြင်းဖြစ်သည်။

မက္ကာမြို့အရှေ့ဘက် ကီလိုမီတာအနည်းငယ်ကွာဝေးသော မီနာမြို့၌ ဘုရားဖူးဧည့်သည်များ စခန်းချရပ်နားကြလေ့ရှိသည်။

ဟာဂျ်ဘုရားဖူးခရီးသည်များ ဘေးအန္တရာယ်လုံခြုံရေးအတွက် မကြာသေးမီနှစ်များမှစ၍ ဒေါ်လာငွေဘီလီယံပေါင်းများစွာအသုံးပြုကာ အစီအမံများချမှတ်ဆောင်ရွက်နေသည့်ကြားမှ လူပြိုခြင်း၊ တည်းခိုရာစခန်းတွင် မီးလောင်မှုဖြစ်ပွားခြင်းစသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ဖူးသည်။

စက်တင်ဘာ ၂၄ရက်တွင် ဖြစ်ပွားသော လူပြိုမှုအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အရေးပေါ်လုပ်ငန်းဝန်ထမ်း ၄၀၀၀ ကျော်ကို စေလွှတ်ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို ဒေသအတွင်းရှိ ဆေးရုံလေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း ဆော်ဒီအရပ်ဘက်ကာကွယ်ရေးညွှန်ကြားရေးမှူးရုံးကပြောကြားသည်။

**ရိုက်တာ။**



# မစ္စထရက်အတန်းအစား ရဟတ်ယာဉ်တင်သင်္ဘောများ အီဂျစ်သို့ရောင်းချရန် ပြင်သစ်သဘောတူညီ

**ပါရီ စက်တင်ဘာ ၂၄**

ဩဂုတ်လအတွင်းက ပြင်သစ်နိုင်ငံမှ ရုရှားနိုင်ငံသို့ ရောင်းချရေးအစီအစဉ်ဖျက်သိမ်းခဲ့သော မစ္စထရက်အတန်းအစား ရဟတ်ယာဉ်တင်သင်္ဘောနှစ်စင်းကို အီဂျစ်နိုင်ငံသို့ ယူရိုငွေသန်း ၉၅၀(ပေါင် ၆၅၆ သန်း)ဖြင့် ရောင်းချရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ပြင်သစ်အစိုးရတာဝန်ရှိသူများက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။



ဆူးအက်တူးမြောင်းတစ်ဖက်တစ်ချက်ရှိ ဆိုင်းနိုင်းကျွန်းဆွယ် ဒေသတစ်ဝန်း၌ သောင်းကျန်းသူများ နှစ်နှစ်ကျော်ကြာ အခြေစိုက်လှုပ်ရှားနေမှုများနှင့် ရင်ဆိုင်နေရပြီး အိမ်နီးချင်း လစ်ဗျားနိုင်ငံမှ လက်နက်ကိုင်တိုက်ခိုက်မှုများ ကူးစက်ပြန့်ပွားလာခြင်းအတွက် စိုးရိမ်သောကရောက်နေသည့် အီဂျစ်နိုင်ငံသည် ၎င်း၏စစ်ရေးစွမ်းပကားတိုးမြှင့်ရေးအတွက်လုပ်ဆောင်နိုင်ရန် အဆိုပါရေယာဉ်နှစ်စင်းကို တန်ဖိုးယူရိုငွေသန်း ၉၅၀ ရှိ ကန်ထရိုက်စာချုပ်ဖြင့် အီဂျစ်သို့ရောင်းချခြင်းဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဌာနတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရေယာဉ်များတွင် တပ်ဆင်ထားမည့် လက်နက်စနစ်များနှင့်ပတ်သက်၍ ယခုအချိန်ထိ ပြောဆိုခြင်းမရှိသော်လည်း ရေယာဉ်တစ်စင်းတွင် ရဟတ်ယာဉ် ၁၆ စင်းနှင့် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ခန့်တင်ဆောင်နိုင်မည်ဟု သတင်းတွင်ဖော်ပြသည်။

အီဂျစ်နိုင်ငံမှ တပ်ဖွဲ့ဝင်ဦးရေ ၄၀၀ ခန့်အားရေယာဉ်နှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး နောက်ဆုံးအကြိမ် စမ်းသပ်ခုတ်မောင်းမှုပြုလုပ်ကာ လာမည့်နှစ် မတ်လအစောပိုင်းတွင် အီဂျစ်သို့လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

အီဂျစ်နိုင်ငံသည် အဆိုပါရေယာဉ်များအနက် တစ်စင်းကို မြေထဲပင်လယ်တွင် အခြေပြုထားရှိပြီး အခြားတစ်စင်းကို ပင်လယ်နီတွင်ထားရှိကာ ယီမင်နိုင်ငံအတွင်း အနာဂတ်ကာလ၌ ပြုလုပ်မည့်စစ်ဆင်ရေးများ၌ အသုံးပြုရန်ဆန္ဒရှိကြောင်း သံတမန်သတင်းရပ်ကွက်က ဖော်ပြသည်။ အီဂျစ်နိုင်ငံသည် ဆော်ဒီအာရေဗျဦးဆောင်သော မဟာမိတ်အဖွဲ့တွင်ပါဝင်ပြီး ဟူသီသူပုန်များကို တိုက်ခိုက်နေသည်။

**ရိုက်တာ။**

# တရုတ်နှင့်အိန္ဒိယတပ်မတော်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ပေကျင်း စက်တင်ဘာ ၂၄**

တရုတ်နှင့် အိန္ဒိယတပ်မတော်များက အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် အောက်တိုဘာ ၁၁ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်ခန်းသည် နှစ်နိုင်ငံတပ်မတော်များအကြား နှစ်ပတ်လည်အမြင်ချင်းဖလှယ်သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူဝူကွင်းက စက်တင်ဘာ ၂၄ရက်တွင်ပြောကြားသည်။

Hand-in-Hand 2015 ဟုအမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်ခန်းတွင် ချန်ဒူးစစ်တိုင်းမှ တရုတ်တပ်ဖွဲ့ဝင် ၁၄၄ ဦးသည် အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံအကြား ငါးကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ။**

# အက်စတွန်ဗီလာနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲကို ဘန်တီကီ လွဲချော်ဖွယ်ရှိ




ဘာကလေပရီမီယာလိဂ်ပွဲစဉ်များအနက် လာမည့်စနေနေ့တွင် အော်စတွန်ဗီလာနှင့် အိမ်ရှင်လီဗာပူးအသင်းတို့ လီဗာပူးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်တွင် လီဗာပူးအသင်းမှ ခရစ်စတိန်ဘန်တီကီသည် ဝင်ရောက် ကစားနိုင်လိမ့်မည်မဟုတ်ဘဲ အဆိုပါပွဲနှင့်လွဲချော်နိုင်ခြေရှိကြောင်း သည်တိုင်းဒေ့ါကွန်းကဖော်ပြခဲ့သည်။

ဘန်တီကီသည် ပြီးခဲ့သည့်သီတင်းပတ်က တစ်ဂိုး-တစ်ဂိုးဖြင့် သရေကျခဲ့သော နော့ဝှစ်ချ်စီးတီးနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးကောက်ကြောဒဏ်ရာရရှိခဲ့သောကြောင့် ပွဲနားခဲ့ရခြင်းဖြစ်ပြီး အက်စတွန်ဗီလာအသင်းသည် ဘန်တီကီ လီဗာပူးသို့ မပြောင်းရွှေ့မီက ကစားခဲ့သော သူ၏အသင်းဟောင်းလည်း ဖြစ်သည်။

အက်စတွန်ဗီလာအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၂ ဒသမ ၅သန်းဖြင့် ဘန်တီကီသည် လီဗာပူးအသင်းသို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

[ခင်ခင်သက်]

# ဂျရတ်နဲ့ လမ်းပတ်တို့လောက် အရည်အချင်းရှိတဲ့ ဘာကလေ



အဲဗာတန် ကွင်းလယ်ကစားသမား ဂါရက်သ်ဘာရီက သူ့ရဲ့အသင်းဖော်ဖြစ်တဲ့ ရို့စ်ဘာကလေဟာ အင်္ဂလန်ရဲ့ ကစားသမားကောင်းတွေ ဖြစ်ကြတဲ့ စတီဗင်ဂျရတ်နဲ့ ဖရန့်ခ်လမ်းပတ်တို့လို အရည်အချင်းရှိတဲ့ ကစားသမားတစ်ဦး ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

ယခုနှစ်ဘောလုံးရာသီမှာ အသက်(၂၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘာကလေဟာ အောင်မြင်မှုတွေနဲ့စတင်နိုင်ခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ အင်္ဂါနေ့က ရီးဒင်းအသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာ အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဘာရီက 'ရို့စ်မှာ ရှေ့ဆက်ဖို့နဲ့ ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာဖို့အတွက် အရည်အချင်းတွေပြည့်စုံပြီးသားပါ။ သူ့မှာ ဂျရတ်နဲ့ လမ်းပတ်တို့လို နာမည်ကျော်တစ်ဦးဖြစ်လာဖို့လည်း အလားအလာတွေရှိနေပါတယ်"လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။

ဆက်လက်ပြီး ဘာရီက ရို့စ်ဘာကလေဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီတုန်းက အလယ်တန်းမှ နေရာစုံကစားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ကြောင်းနဲ့ သူဟာ အသက်အရွယ်အားဖြင့် ငယ်ရွယ်သေးတဲ့အတွက် ကျန်ရှိနေသေးသည့် အသင်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို သင်ယူရဦးမည်ဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

[ခင်ခင်သက်]

# ၂၀၁၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသား/အမျိုးသမီး အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

**ပဲခူး စက်တင်ဘာ ၂၄**

ပဲခူးမြို့ မိုးလုံလေလုံအားကစားခန်းမ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ၂၀၁၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသား/အမျိုးသမီး (အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။



အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လူမှုရေး ဦးတည်ချက်လေးချက်တွင် တစ်ချက်အပါအဝင်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အဓိကကျသည်ကို တွေ့ရှိရပါကြောင်း၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော အားကစားသမားများအနေဖြင့် စည်းကမ်းစနစ်ရှိစွာ မိမိခရိုင် ပိုက်ကျော်ခြင်းအသင်း အောင်မြင်မှုရရှိစေရန် တရားသဖြင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားမည်ဆိုသောစိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီး ကွင်းအတွင်းမှပြန်လည်ထွက်ခွာကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုငွေချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း လေးသင်း၊ အမျိုးသမီးအသင်း သုံးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# စီးရီးအေရင်ခုန်သံ-၆

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် (၆)ကို စက်တင်ဘာ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ ပွဲစဉ်(၅)နဲ့ နီးကပ်နေသလို ဒီပွဲအပြီးမှာလည်း ဥရောပပွဲစဉ်တွေရှိနေတာကြောင့် အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိနေနိုင်သလို ဥရောပပွဲစဉ်တွေ ကစားရမယ့်အသင်းကြီးတွေ ရလဒ်ကောင်းရပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။**



**ရိုးမား - ကာပီ ည ၁၀း၃၀ (၂၆-၉-၁၅)**

ရိုးမားဟာ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းပွဲစဉ်ဖြစ်နေသလို ပြိုင်ဘက်ကလည်း ကာပီလိုအသင်းဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ကာပီမှာ ရိုးမားကိုထိန်းချုပ်တုံ့ပြန်နိုင်တဲ့ ခြေစွမ်းမျိုးလည်းမရှိတာကြောင့် ဒီပွဲမှာ အိမ်ရှင်ရိုးမားသာ နိုင်ပွဲရမှာပါ။

**နာပိုလီ - ဂျူဗင်တပ် နံနက် ၁း၁၅ (၂၇-၉-၁၅)**

နာပိုလီက ဒီပွဲပြီးရင် ယူရိုပါလိဂ်ကစားရဖို့ရှိနေသလို လက်ရှိအချိန်မှာ အသင်းလိုက်ကစားပုံကလည်း အားကောင်းမှုမရှိသေးပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်ရဲ့လက်ရှိခြေစွမ်းကလည်း မတည်ငြိမ်သေးသလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါသေးတယ်။ ဒါကြောင့် အိမ်ကွင်းလည်းဖြစ်နေတဲ့အတွက် နာပိုလီ သရေလောက်ရမှာပါ။

**ဂျီနိုအာ - အေစီမီလန် ညနေ ၅း၀၀ (၂၇-၉-၁၅)**

အေစီမီလန်ဟာ လာအိုကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ကစားပုံက အကောင်းဆုံးပုံစံမှာ မရှိပါဘူး။ ပါလာမိုရဲ့ တုံ့ပြန်ကစားမှုကိုခံခဲ့ရကာ ခံစစ်ပိုင်းကလည်း ပွဲတိုင်းနီးပါး ဂိုးတွေပေးခဲ့ရတာ တွေ့ရပါတယ်။ ဂျီနိုအာကတော့ အိမ်ကွင်းကစားပုံကောင်းမွန်တတ်တဲ့အသင်း ဖြစ်လို့ အေစီမီလန်ရှုန်းကန်ရနိုင်ပြီး ဂျီနိုအာကို နှစ်သက်ပါတယ်။

**ဘိုလော့ဂ်နာ - အူဒီးနီးစ် ည ၇း၃၀ (၂၇-၉-၁၅)**

ဘိုလော့ဂ်နာရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေ များလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ် မသေချာပါဘူး။ ဒါပေမယ့် အူဒီးနီးစ်ကလည်း နောက်ဆုံးသုံးပွဲဆက်တိုက် ရှုံးပွဲကြုံထားရပါတယ်။ ဒ့ါအပြင် အူဒီးနီးစ်ရဲ့ တိုက်စစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဘိုလော့ဂ်နာတို့ အိမ်ကွင်းမှာ သရေလောက်ရမှာပါ။

**ဗီရိုနာ - လာဇီယို ည ၇း၃၀ (၂၇-၉-၁၅)**

ဗီရိုနာရဲ့ခြေစွမ်းပိုင်းက သာမန်ထက်မပိုပါဘူး။ ဒါပေမယ့် အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကိုတော့ သတိပြုရမှာပါ။ ဒ့ါအပြင် လာဇီယိုရဲ့ ခြေစွမ်းကလည်း တည်ငြိမ်မှုအားနည်းသလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲစဉ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ခက်ပါလိမ့်မယ်။ လာဇီယိုအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

**ဆာစူအိုလို - ချီယေဗို ည ၇း၃၀ (၂၇-၉-၁၅)**

ချီယေဗိုရဲ့ခြေစွမ်းပိုင်းက ဒီရာသီမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ကစားပုံထက်မြက်မှုရှိတာကြောင့် ဆာစူအိုလိုရဲ့ အိမ်ကွင်းဖိအားပေးမှုကို တုံ့ပြန်နိုင်မှာပါ။ ဆာစူအိုလိုကလည်း ခြေစွမ်းမဆိုးသလို အိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ချီယေဗိုရဲ့ ကစားအားကြောင့် သရေလောက်ပဲရမယ်။

**တိုရီနို - ပါလာမို ည ၇း၃၀ (၂၇-၉-၁၅)**

တိုရီနိုရဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်တယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်း ထိုးဖောက်ကစားပုံမဆိုးသလို အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်တာကြောင့် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းလာတဲ့ ပါလာမိုကို ဖိအားပေးကစားသွားနိုင်မှာပါ။ တိုရီနိုတို့ အိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

**အင်တာမီလန် - ဖီအိုရင်တီးနား နံနက် ၁း၁၅ (၂၈-၉-၁၅)**

အသင်းကြီးနှစ်သင်းဆုံတဲ့ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ လက်ရှိအချိန်မှာ အင်တာမီလန်ဟာ တိုက်စစ်ပိုင်းလိုအပ်ချက်အနည်းငယ်ရှိပေမယ့် အသင်းလိုက်ကစားပုံမဆိုးသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဖီအိုရင်တီးနားကတော့ ကစားပုံမဆိုးပေမယ့် ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲစဉ်ကစားရဖို့ရှိနေပါတယ်။ အင်တာမီလန်ပဲ နိုင်ပွဲရမှာပါ။

**ဖရိုစီနိုနီ - အမ်ပိုလီ ည ၁၁း၃၀ (၂၈-၉-၁၅)**

တန်းတက်ဖရိုစီနိုနီဟာ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရ အားနည်းမှုတွေများလွန်းတဲ့အသင်းဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းသေချာမှုလုံးဝမရှိပါဘူး။ ဒါကြောင့် အမ်ပိုလီကို ဖိအားပေးဖို့ခက်ပါလိမ့်မယ်။ အမ်ပိုလီရဲ့ ခြေကလည်း အခုနောက်ပိုင်းကောင်းမွန်လာလို့ အမ်ပိုလီပဲအနိုင်ရမှာပါ။

**အတ္တလန္တာ - ဆမ်ဒိုးရီးယား နံနက် ၁း၃၀ (၂၉-၉-၁၅)**

ဆမ်ဒိုးရီးယားခြေစွမ်းပိုင်းကကောင်းမွန်နေပါတယ်။ အထူးသဖြင့် ထိုးစစ်ပိုင်းက ထိုးဖောက်ကစားပုံရော အဆုံးသတ်ပိုင်းပါထက်မြက်မှုရှိပါတယ်။ ဒါကြောင့် အတ္တလန္တာရဲ့ အိမ်ကွင်းအားကိုတုံ့ပြန်သွားနိုင်မှာပါ။ အတ္တလန္တာကတော့ ခြေစွမ်းပိုင်းရောတိုက်စစ်အားမှာပါ သာမန်သာရှိပါတယ်။ ဒါကြောင့် ဆမ်ဒိုးရီးယားကို သရေလောက်အနိမ့်ဆုံးရမှာပါ။

[ရှိုင်းမင်းမင်း]

## ယာဉ်/လမ်းစည်းကမ်းစစ်ဆေးခြင်းဆောင်ရွက်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ကို ဓားဖြင့်ထိုးသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၉×၆၆ လမ်းဆုံတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် ယာဉ်/လမ်း စည်းကမ်းစစ်ဆေးစဉ် မတ္တရာမြို့နယ်၊ ကျောက်တံတားရွာနေ လှမျိုးထွန်း(၂၀)နှစ် စီးနင်းလာသော KENBO-125 CZI ဖြူနက်ကျား ရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်လိုင်စင်မပါသဖြင့် ရဲတပ်သားကျော်ဇင်ဦးက ယာဉ်မောင်းလိုင်စင်အား သိမ်းယူပြီး ပြေစာယူရန် ပြောဆိုနေစဉ် လှမျိုးထွန်းမှ ပြေစာမယူဘဲ ဆိုင်ကယ်အား မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း၊ နံနက် ၁၀နာရီ ခန့်တွင် လှမျိုးထွန်းနှင့် ၎င်း၏အစ်ကိုဖြစ်သူ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(က)နေ သွားဆရာဝန်လှစိုးထွန်း(၃၀)နှစ်တို့ ပြန်လည်ရောက်ရှိလာစဉ် ရဲတပ်သားကျော်ဇင်ဦးမှ ပြေစာယူရန်ပြောဆိုနေစဉ် လှစိုးထွန်းမှ လက်သီးနှင့်ထိုးပြီး ခါးကြားတွင် ဝှက်ယူလာသည့် အရိုး အသွား(၁၁)လက်မခန့်ရှိ ဓားဖြင့်ထပ်မံထိုးသဖြင့် အနီးရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှ ဝိုင်းဝန်း ဖမ်းဆီးထိန်းသိမ်းခဲ့ရာ လှစိုးထွန်းအား ဦးခေါင်းပေါက်ပြဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ရဲတပ်သားကျော်ဇင်ဦးမှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးသွားခဲ့သဖြင့် လှမျိုးထွန်းနှင့် လှစိုးထွန်းတို့ နှစ်ဦးအား အမှတ်(၁)နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



## တန်းကျိုး၍ရပ်ထားသောယာဉ်အား နောက်ကဝင်တိုက် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မြင်းမူ စက်တင်ဘာ ၂၄**

မြင်းမူမြို့ ပျော့ရွာကျေးရွာအနီး မုံရွာ-မြင်းမူ-မန္တလေးကားလမ်းမ မိုင်တိုင်(၄၁/၇) နှင့် (၄၁/၆)အကြားတွင် မန္တလေးမှ မုံရွာသို့ ဖိုးသား (၁၉)နှစ် ချောင်းဦးမြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ဖိုးခွား(၂၀)နှစ် ချောင်းဦးမြို့နေသူလိုက်ပါသည့် MGY iB/--- NISSAN iESEL ခြောက်ဘီးယာဉ်သည် တန်းကျိုး၍လမ်းဘေး၌ ရပ်ထားစဉ် မန္တလေးမှ မုံရွာသို့ ကိုမြင့်ဦး (၃၀)နှစ် ကန်ထောင်ရွာ ပုလဲနယ် မောင်းနှင်ပြီး ယာဉ်မောင်းဘေးတွင်လိုက်ပါလာသည့် ကိုကျော်ဇော (၁၇)နှစ် တောင်ရွာသစ် ပုလဲနယ် ကိုချမ်းအေး (၂၇)နှစ် တောင်ရွာသစ် ပုလဲနယ် နေသူတို့လိုက်ပါလာသည့် BGO-3K/-------isusu EFF လေးဘီးယာဉ်သည် လမ်းဘေးရပ်ထားသောယာဉ်အားအရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်သဖြင့် ယာဉ်မောင်းကိုမြင့်ဦးနှင့်ယာဉ်ပေါ်ပါ ကိုကျော်ဇောတို့တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်ပေါ်ပါ ကိုချမ်းအေးတွင် ဒဏ်ရာရရှိခဲ့သဖြင့် မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၆၂၄)**

## ရန်ကုန်မြို့ပေါ်တွင် အိမ်ဖော်လုပ်ကိုင်ရန်ညာခေါ်ပြီး တရုတ်နိုင်ငံတွင် ရောင်းစားခဲ့သူအား အရေးယူ

**အောင်လံ စက်တင်ဘာ ၂၄**

သမီးဖြစ်သူနှင့် တူမဖြစ်သူတို့အား အောင်လံမြို့နယ် ဖောင်တင်ကျေးရွာနေလင်မယားနှစ်ဦးက ရန်ကုန်မြို့ပေါ်တွင် အိမ်ဖော်လုပ်ကိုင်ရန် ပြောဆိုပို့ပေးခဲ့ပြီးနောက် သမီးဖြစ်သူနှင့် တူမဖြစ်သူတို့အား တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံသား၏ ဇနီးအဖြစ် ရောင်းစားခဲ့မှုနှင့်ပတ်သက်၍ ၎င်းရွာနေ အမျိုးသမီးတစ်ဦးက စက်တင်ဘာ ၂၂ ရက်တွင် အောင်လံမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ဒေါ်မာမာအေး(၄၇)နှစ် ဖောင်တင်ကျေးရွာ အောင်လံမြို့နယ်နေသူသည် နေအိမ်တွင်ရှိနေစဉ် တစ်ရွာတည်းနေသူများဖြစ်သည့် မျိုးထိုက် (၃၇)နှစ်နှင့် ၎င်းဇနီးဖြစ်သူ မစာ(ခ) မငြိမ်းငြိမ်းအေး (၂၆)နှစ်တို့ ရောက်ရှိလာပြီး ရန်ကုန်မြို့တွင်နေထိုင်သူ မျိုးထိုက်၏ညီမ မဝေနှင်းလှိုင် (၃၃)နှစ် လှိုင်မြို့နယ်နေသူ၏ နေအိမ်တွင် အိမ်ဖော်လုပ်ရန်အတွက် သမီးဖြစ်သူ မတင်မာဌေး (၁၉)နှစ်နှင့် တစ်ရွာတည်းနေ တူမဖြစ်သူ မကြည်လှ (၃၂)နှစ်တို့အား တစ်လလျှင် လစာငွေကျပ်တစ်သိန်းဖြင့် ခေါ်ယူလိုသည်ဟု ပြော၍ စားဝတ်နေရေးအဆင်မပြေသဖြင့် သဘောတူညီခဲ့ရာ အဆိုပါအမျိုးသမီးနှစ်ဦးအား ရန်ကုန်မြို့သို့ ခေါ်ဆောင်သွားပြီး တစ်လခန့်အကြာတွင် သမီးဖြစ်သူထံသို့ မစာ(ခ) မငြိမ်းငြိမ်းအေးနှင့်အတူ တွေ့ဆုံရန် လိုက်သွားခဲ့သည်။

ထိုသို့လိုက်သွားရာ သမီးနှင့် တူမဖြစ်သူတို့အား ရန်ကုန်မြို့တွင် မဟုတ်ဘဲ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ မဝေနှင်းလှိုင်နေအိမ်တွင် တွေ့ရှိခဲ့ကာ သမီးဖြစ်သူအတွက် ကိုးလစာငွေကျပ် ကိုးသိန်းကျပ်နှင့် တူမဖြစ်သူ မကြည်လှအတွက် ကိုးလစာ ငွေကျပ်ကိုးသိန်းအား ပေးအပ်သဖြင့် ရယူခဲ့ပြီးနောက် ဇူလိုင်လတွင် ကိုးလပြည့်၍ သမီး တင်မာဌေးနှင့် တူမဖြစ်သူ မကြည်လှတို့အား ပြန်လည်ခေါ်ယူပေးရန် ပြောဆိုသောအခါ မျိုးထိုက်က ဖုန်းခေါ်ပေး၍ သမီးဖြစ်သူနှင့် ဆက်သွယ်ပြောဆိုရာ ဟင်္သာတမြို့တွင် မဟုတ်တော့ဘဲ တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံသား၏ ဇနီးအဖြစ် ရောင်းစားခံထားရကြောင်း ပြောပြသိရသဖြင့် ရန်ကုန်မြို့တွင် အလုပ်လုပ်ရန် လိမ်လည်လှည့်ဖြားခေါ်ဆောင်ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သော မျိုးထိုက်နှင့် မစာ(ခ) မငြိမ်းငြိမ်းအေး၊ မဝေနှင်းလှိုင်တို့ သုံးဦးအား အရေးယူပေးရန် စက်တင်ဘာ ၂၂ ရက်က ဒေါ်မာမာအေးက တရားလိုပြုလုပ် တိုင်ကြားခဲ့သဖြင့် အောင်လံမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(ကျော်ဇေယျ)**

## ပထမတန်းကျောင်းသူတစ်ဦး ရေပြည့်နေသော အိမ်သာဆားပစ်ကျင်းသစ်အတွင်း ပြုတ်ကျသေဆုံး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၄**

ဆင်ပေါင်ဝဲမြို့နယ် သာယာကုန်းကျေးရွာရှိ အမက(၄၁) ကျောင်းတွင် စက်တင်ဘာ ၂၃ရက်က ကျောင်းသူတစ်ဦး အိမ်သာဆားပစ်ကျင်းသစ်အတွင်း ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီခွဲက သာယာကုန်းကျေးရွာရှိ အမက (၄၁) ကျောင်း၌ ကျောင်းသူတစ်ဦး အိမ်သာဆားပစ်ကျင်းအတွင်း ပြုတ်ကျသေဆုံးကြောင်းသတင်းအရ ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်ရဲကင်းစခန်းမှူး ဒုရဲအုပ်ထွန်းထွန်းဝင်း သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ သေဆုံးသူမှာ အဆိုပါကျေးရွာနေ မတင်ဇာမိုး(၇)နှစ် ပထမတန်းကျောင်းသူဖြစ်ကြောင်းသိရှိရပြီး ထိုမိန်းကလေးသည် မုန့်စားကျောင်းဆင်း၍ ကျောင်းပြန်တက်ချိန်တွင် ပျောက်ဆုံးနေသဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာငြိမ်းနှင့် အတန်းပိုင် ဆရာဦးခင်မောင်သန်းတို့က လိုက်လံရှာဖွေရာ ကျောင်းဝင်းအတွင်းရှိ အိမ်သာဆောက်ရန်တူးထားသည့် အလျား၁၂ပေ၊ အနက် ခြောက်ပေခန့်ရှိ မိုးရွာ၍ရေပြည့်နေသော အိမ်သာဆားပစ်ကျင်းအသစ်ထဲသို့ ပြုတ်ကျကာ ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကျော်ဇေယျ)**



ရန်ကုန်-သန်လျင်တံတားအဆင်းအောက် သုခမီးပွိုင့်တွင် ကုန်တင်ယာဉ် တစ်စီးအား Taxi တစ်စီးမှ ဘေးတိုက်ပွတ်တိုက်ပြီး ၎င်းကုန်တင်ယာဉ်နောက်မှ ဆလွန်ကားတစ်စီးက ထပ်မံဝင်တိုက်ကာ ဆလွန်းကားနောက်သို့ သဲတင်ယာဉ်တစ်စီးမှ ထပ်မံဝင်တိုက်ပြီး ၎င်းသဲတင်ယာဉ်အား လင်းရောင်ခြည်ခရီးသည်တင် ယာဉ်လိုင်းကားမှ ဝင်တိုက်ပြီး ယာဉ်ငါးစီးဆက် ဆင့်ကဲတိုက်မှုဖြစ်ပွားနေသည်ကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက တွေ့ရစဉ်။

**တင်မောင်ဌေး (သန်လျင်)**


## သုံးဘီးဆိုင်ကယ် မီးလောင်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (၆၂) လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀နာရီ မိနစ် ၄၀က ယာဉ်မောင်း လင်းထိန်(၃၂)နှစ် ချမ်းမြသာစည် မြောက်ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူ မောင်းနှင်သည့် ဟ/--သုံးဘီးဆိုင်ကယ်သည် အင်ဂျင်ပေါ်သို့ ဝါယာကြိုးများ ကျရာမှ ဝါယာကြိုးများ ပေါက်ပြဲပြီး မီးလောင်ကျွမ်းရာ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက်၁၀နာရီ မိနစ်၅၀တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဆိုင်ကယ် အင်ဂျင်ဝါယာကြိုးများ၊ ယာဉ်မောင်းထိုင်ခုံ၊ ဆီတိုင်ကီတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




- မဲဆွယ်ခရီး လိုက်လံ စောင့်ကြည့်တာဟာ လွတ်လပ်မှုကို ခြိမ်းခြောက်နေ
- သန်းခေါင်ယံအထိ ဆရာဝန်ကို စောင့်နေကြရ
- တရုတ် – မြန်မာသစ်ကုန်သွယ်မှု ပြုပြင်ပြောင်းလဲရေးကာလမှာ အများဆုံးဖြစ်နေ
- လုပ်ခပြဿနာတွေကြောင့် မတည်မငြိမ်ဖြစ်မှာ စိုးရိမ်

(၂၅-၉-၂၀၁၅ ထွက်ပြီ)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄E⁹၊ မြေကွက်အမှတ်-ပဥ္စမတန်းစား (၁၃)၊ မြေကွက်တည်နေရာအမှတ်-အမှတ်(၁၉)၊ ယောသကလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးကျော်ဝင်း)[၁၂/သကတ(နိုင်)၀၅၅၆၀၆]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် (ဦးကျော်ဝင်း)ခင်ပွန်း ကွယ်လွန်သဖြင့် ဒေါ်နန်းအေးမွန်[၁၃/မဆတ (နိုင်)၀၂၉၆၈၇]မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သင့်သွေးဖြင့်အသက်ကယ်ပါ**

GOLDEN STAR Travels & Tours
◆ ပုပ္ပား(ရွှယ်တော်လေးဘူ)–ပုပ္ပါး(အဘတွက်ခွဲ)–ပုဂ္ဂိုလ် Sep-28,29
( Popa Mountain Resort , Myanmar Treasure Hotel )
◆ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ပင်းတာယ Oct-23,25
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

POST ရာထူးဝင်ခွင့်သင်တန်း
ဈေးကောက်ပွဲကော်မရှင် စနေ၊တနင်္ဂနွေ(၉း၀၀-၁၂း၀၀)
တနင်္ဂနွေတစ်ရက်တည်း(၁၀း၃၀-၁း၀၀) ကြားရက် ညနေ(၅း၃၀-၇း၀၀)
၁၆၅ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့ အထက၊ တက္ကသိုလ်ဝင်တန်း(င)မှ မချစ်စု၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း[၅/မမန(နိုင်)၀၉၆၃၅၄]ဖြစ်ပါကြောင်း။
ဦးဇော်လင်း

ပြည်တွင်းရေးရာ

## စစ်ကိုင်းတိုင်းဒေသကြီး ကျီကုန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် ရှင်သန်ရေးဆောင်ရွက်

**ချောင်းဦး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက်တင်ဘာ ၂၀ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လင်းရောင်ခြည် စာကြည့်တိုက်ကို ကျီကုန်းကျေးရွာ ကျောင်းသစ်ကျောင်းအတွင်း ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လိုအပ်နေသောစာအုပ်စာစောင်များကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ တင်ပြတောင်းခံခဲ့ရာ စက်တင်ဘာ ၁၈ ရက်က ပေးပို့လှူဒါန်းခဲ့သည်။

လင်းရောင်ခြည် စာကြည့်တိုက်ရှိ စာအုပ်များ စနစ်တကျစာရင်းရေးသွင်းခြင်း၊ စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ငှားရမ်းခြင်းများကို စာကြည့်တိုက်ကော်မတီဝင်များသို့ လက်တွေ့ လုပ်ငန်းဆောင်ရွက်ချက်များ၊ သင်ကြားပေးခြင်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ကျောင်းသစ်ကျောင်း ဆရာတော်ဦးမဏ္ဍလ၏ အစီအစဉ်ဖြင့် ဓမ္မစကူးလ် ကျောင်းသား၊ ကျောင်းသူများကို စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်ပေးခဲ့ရာ ဆုရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

**အိအိစိုး(ချောင်းဦး)**

## (လိုင်စင်မဲ့)သက်သေခံ ဆိုင်ကယ်များအား လေလံတင် ရောင်းချ ဝယ်ယူသော ဆိုင်ကယ်များကို လိုင်စင်ပြုလုပ်ပေးမည်ဖြစ်



**ကသာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ သက်သေခံ မော်တော်ဆိုင်ကယ်များအား လေလံတင်ရောင်းချရာ၌ဝယ်ယူပြီးသော ဆိုင်ကယ်များအားလိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လေလံတင်ရောင်းချခြင်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီမှစ၍ ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးရုံး အဆောက်အအုံဘေးတွင် ကျင်းပခဲ့သည်။

လေလံတင်ရောင်းချသော မော်တော်ဆိုင်ကယ်များမှာ တရုတ်နိုင်ငံထုတ် စက်ပစ္စည်းများဖြစ်ပြီး ဆိုင်ကယ်အမျိုးအစားနှင့် ဆိုင်ကယ်ပုံကိုကြည့်ပြီး ဈေးနှုန်းတစ်သိန်းနှင့်အထက် လေလံတင်ရောင်းချခဲ့သည်။

အဆိုပါ လိုင်စင်မဲ့ဆိုင်ကယ်များအား လုပ်ငန်းအတွက်လုပ်ဆောင်သူများမှ ဝယ်ယူသူဖြစ်ကြောင်း၊ ထို့ပြင်ရောင်းချခြင်းကို ရုံးတော်ကအတည်ပြုပြီးပြီးဖြစ်ကြောင်း၊ သက်သေခံလက်မှတ်စာရေးပေး၍ လေလံတင်ရောင်းချခဲ့ကြောင်း၊ ယခုဝယ်ယူသော ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးမှာဖြစ်ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါတွင် လိုင်စင်မဲ့ဆိုင်ကယ် ၂၀ စီးကို ရောင်းချရာတွင် ကြမ်းခင်းဈေးတစ်သိန်းနှင့်အထက် လေလံတင်ရောင်းမှာဖြစ်ပြီး ပစ္စည်းမပြည့်မစုံသော ဆိုင်ကယ်များကိုမူ ခြောက်သောင်းနှင့်အထက် လေလံတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကသာခရိုင်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းများခင်းကျင်း

**လိပ်သို စက်တင်ဘာ ၂၄**

ကရင်ပြည်နယ် လိပ်သိုမြို့ (၃)ရပ်ကွက်အတွင်းရှိ လမ်းများဖြစ်သော အလင်းရောင် စာသောက်ဆိုင်ဘေးလမ်းကြားနှင့် သမဝါယမလမ်းကြားအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းများခင်းကျင်းထားမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်နှင့် မြို့ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးဇော်မင်းတို့မှ စက်တင်ဘာ ၂၀ ရက်က စစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းများမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ဒုတိယအကြိမ်)မှ အလင်းရောင် စားသောက်ဆိုင်ဘေးလမ်းကြားအား ငွေကျပ်သိန်း ၂၀ ဖြင့် ကွန်ကရစ်လမ်းအရှည်ပေ ၂၅၀ရှည်ခြောက်ပေအကျယ်ဖြင့် ခင်းကျင်းခဲ့သည်။

ထို့အပြင် သမဝါယမလမ်းကြားအား ငွေကျပ် ၂၅ သိန်းဖြင့် ကွန်ကရစ်လမ်းပေ အရှည် ၃၀၀ ခြောက်ပေအကျယ်ဖြင့် Box Culvert အား ငွေကျပ်ကိုးသိန်းဖြင့် ၁၅×၃×၄ ပေဖြင့် လည်းကောင်း ပြည်သူများသွားလာရေးကောင်းမွန်စေရန် ချထားပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ခင်းကျင်းနေသည့် ကွန်ကရစ်လမ်းများ အရည်အသွေးပြည့်မီရေးအတွက် မြို့အုပ်ချုပ်ရေးမှူးနှင့် မြို့အင်ဂျင်နီယာတို့မှ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

**မြို့နယ် ( ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်တွင် လျှပ်စစ်မီးလင်းရေးသမဝါယမချေးငွေပေးအပ်

**စဉ့်ကိုင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကျေးရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်မီးလင်းရေး သမဝါယမချေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉နာရီက ဝန်းသိုကျေးရွာ ရွာဦးကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးမိုးထံသို့ သမဝါယမချေးငွေ ကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့သည်။

စဉ့်ကိုင်မြို့နယ် ဝန်းသိုကျေးရွာသည် မြို့နှင့် ခြောက်မိုင်ခန့်ကွာဝေးပြီးအိမ်ခြေ ၂၃၁ အိမ်ရှိရာ ကျေးရွာမီးလင်းရေးအတွက် ငွေကျပ် ၆၀၆ သိန်းကုန်ကျမည်ဖြစ်သောကြောင့် ကျေးရွာပြည်သူများမှ စုပေါင်းထည့်ဝင်ငွေကျပ် ၃၀၆ သိန်းရှိသည့် အတွက်လိုအပ်လျက်ရှိသော ငွေကျပ်သိန်း ၃၀၀ ကို သမဝါယမချေးငွေရယူ၍ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက်ဆောင် ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



## မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း ယာဉ်တိမ်းမှောက်မှုတွင် သေဆုံး၊ ဒဏ်ရာရရှိသူများအား အာမခံလျော်ကြေးပေးအပ်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း မိုင်တိုင်၁၉/၄ နှင့် ၁၉/၅ အကြား မီးသတ်ကွေ့အနီးတွင် စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီက ပြင်ဦးလွင်-သံဖြူဇရပ်ပြေးဆွဲသည့် မန်းရွှေမြို့တော်ယာဉ်လိုင်းမှ ခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိမ်းနိုင်ဘဲ လမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည် ၁၆ ဦးအနက် ဒေါ်ကြည်ကြည်ညွန့် ၅၃ နှစ်၊ ဘုရားကြီးကျေးရွာ ပဲခူးတိုင်းဒေသကြီး သေဆုံးပြီး ခရီးသည် ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်မှုသတင်းရသည်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းမှ ဒုတိယတာဝန်ခံ ဦးမျိုးသန့်ဇော်နှင့် လက်ထောက်မန်နေဂျာ ဦးသက်တင်နှင့်အဖွဲ့က သွားရောက်၍ကူညီမှုများပေးခဲ့ပြီး စက်တင်ဘာ ၂၂ ရက် နံနက်တွင် လူနာများရှိရာဆေးရုံများသို့ သွားရောက်ပြီး အားပေးစကားများပြောကြားသည်။

ပြင်ဦးလွင်စစ်ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာအမျိုးသမီးအတွက် ကြိုတင်ဆေးကုသစရိတ် ကျပ်တစ်သိန်း၊ မန္တလေးအရိုးအထူးကုဆေးရုံတွင် တက်ရောက်ကုသနေသော လူနာနှစ်ဦးအတွက် ကြိုတင်ဆေးကုသစရိတ် ကျပ်တစ်သိန်းစီနှင့် ညာဘက်လက်တစ်ဖက်ပြတ်သွားသော ခရီးသည်အမျိုးသမီးအတွက် ကျပ် ၁၂ သိန်း၊ မန္တလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသောလူနာများအတွက် လျော်ကြေးများ ပေးအပ်သွားမည်ဖြစ်သည်။

ကွယ်လွန်သူဒေါ် ကြည်ကြည်ညွန့်၏ ကျန်ရစ်သူမိသားစုသို့လည်း ခရီးသွားအာမခံလျော်ကြေးကျပ် သိန်း၃၀ အား ဘုရားကြီးကျေးရွာနေအိမ်သို့ သွားရောက်ပေးအပ်မည်ဖြစ်သည်။

ခရီးသွားအာမခံအား အဝေးပြေးခရီးစဉ်များတွင် မော်တော်ယာဉ်ဂိတ်များတွင် တစ်ယူနစ်ကျပ် ၃၀၀ ဖြင့် ရောင်းချပေးပြီး သေဆုံးပါက ကျပ်သိန်း ၃၀ ဒဏ်ရာရရှိပါက ဒဏ်ရာအခြေအနေပေါ် မူတည်ပြီးပေးလျော်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ များအား ထုတ်ချေးပေးပြီး ဖြစ်

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးရာသီ သီးနှံထုတ်လုပ်မှု စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ်သိန်းပေါင်း ၂၈၆၂၁ဒသမ ၈၀ ကျော်အား စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ချေးရန် လျာထား သတ်မှတ်သည့် ငွေများအား မိုးရာသီ သီးနှံစိုက်တောင်သူများထံအရောက် ထုတ်ချေးပြီးစီးကြောင်း သိရသည်။

အဆိုပါထုတ်ချေးရာတွင် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၅၄ အုပ်စုမှ လယ်ယာမြေပိုင်ဆိုင်မှု သက်သေခံလက်မှတ်များ တင်ပြနိုင်သည့် တောင်သူများအား စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီတွင် စပါးစိုက်ပျိုးသည့် လယ်မြေဧက ၂၀၃၇၅ ဧကနှင့် အခြားသီးနှံစိုက်ပျိုးသည့် ယာမြေဧက ၄၁၂၃၄ ဧက တို့အတွက် ငွေကျပ် သိန်းပေါင်း ၂၈၆၂၁ဒသမ ၈၀ အား မေ ၂၁ရက်မှစတင်ထုတ်ချေးပေးရာ စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ချေးရန်လျာထားသတ်မှတ်သည့် ငွေများအား မိုးရာသီ သီးနှံစိုက်တောင်သူများထံ အရောက် ထုတ်ချေးပြီးစီးကြောင်း မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ခရိုင်မန်နေဂျာ ဦးဝင်းဇော်က ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပရဟိတဂေဟာရှိ မိဘမဲ့ ကျောင်းသား၊ ကျောင်းသူများအား ဆန်အိတ် ထောက်ပံ့

**သံတောင်ကြီး စက်တင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်မြို့ သက်စမ်းရေ ပရဟိတဂေဟာရှိ မိဘမဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် သံတောင်ကြီးမြို့နယ်ဌာနဆိုင်ရာများမှ ဆန်အိတ်များကို စက်တင်ဘာ ၂၂ ရက်ကထောက်ပံ့ခဲ့သည်။

ထိုသို့ထောက်ပံ့ရာတွင် သံတောင်မြို့ သက်စမ်းရေ ပရဟိတဂေဟာရှိမိဘမဲ့ ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးအတွက် နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ ဌာနဆိုင်ရာများမှ စုပေါင်းထည့်ဝင်လှူဒါန်းသော ဆန်အိတ် ၂၀ ကို သွားရောက်ထောက်ပံ့ရာ ပလေဝေနှစ်ခြင်းခရစ္စယာန်အသင်းတော်မှ ဆရာတော်သာရှီးနှင့်ကျောင်းတာဝန်ခံ ဦးစောအဲမရီတို့က လက်ခံရယူခဲ့ကြောင်းသိရသည်။

**စောမင်းသား(ပြန်/ဆက်)**

## အခြေခံဆိုင်ကယ်ပြုပြင်နည်းသင်တန်း အမှတ်စဉ် ၂/ ၂၀၁၅ ရွှေဘိုတွင်ဖွင့်

**ရွှေဘို စက်တင်ဘာ ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွက် အခြေခံဆိုင်ကယ်ပြုပြင်နည်းသင်တန်း အမှတ်စဉ် ၂/ ၂၀၁၅ ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက်ကြီး အောင်ဇေယျရပ်ကွက် အိမ်အမှတ် ၄/၇၅၈ တွင် ကျင်းပခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသား ၂၀ တို့၏ မေးမြန်းချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဘဏ္ဍာရေးအခြေအနေပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။ (၅၇၂)

# ပျားရည်သောက်ရန် သင့်တော်သူများနှင့် မသင့်တော်သူများ



**à ပေါက်ပေါက်**

ပျားရည်သောက်တော့မယ်ဆိုရင် နံက်စောစော အိပ်ယာထချိန်ဖြစ်တဲ့ ဝမ်းဗိုက်ထဲမှာ ဘာအစာမျှမရှိတဲ့ အချိန်ဟာ ပျားရည်သောက်ရန် အသင့်တော်ဆုံးအချိန်ပဲ ဖြစ်ပါတယ်။ သို့မဟုတ် ညစာမစားခင်နှစ်နာရီခန့်အလို နဲ့ ညအိပ်ယာဝင်ခါနီးချိန်တွေမှာလည်းသောက်ပေးနိုင် ပါတယ်။ အရွယ်ရောက်ပြီးသူ လူတစ်ယောက်ဟာ ပျားရည်ကို တစ်နေ့လျှင် လက်ဘက်ရည်ဇွန်း နှစ်ဇွန်းထက်ပို၍ မသောက်သင့်ပါဘူး။ ဆေးညွှန်းပမာဏမှာ တစ်ကြိမ် သောက်တိုင်း ကြက်သီးနွေးခန့်ပူသော ရေနွေးဖြူ တစ်ဖန် ခွက်နှင့် ပျားရည်စစ်စစ်တစ်ဇွန်း (လက်ဖက်ရည်ဇွန်း အရွယ်) ဖြစ်ပါတယ်။ ၎င်းဖျော်ရည်ကို အကြာကြီး အအေး ခံမထားသင့်ဘဲ ချက်ချင်းသောက်ပေးသင့်ပါတယ်။

**ပျားရည်သောက်ရန် သင့်တော်သူများ**

(၁) နို့တိုက်မိခင်များ
မီးဖွားပြီးစ နှင့် နို့ချိုတိုက်ချိန်များမှာ ပျားရည်စား သင့်ပါတယ်။ အထူးသဖြင့် မီးဖွားပြီးစ သွေးသားနု ချိန်မှာ ပျားရည်ကို အရက်နှင့်ရော၍ သောက်ပါ။ အမျိုးသမီးများ ဓမ္မတာရာသီလာချိန်မှာလည်း ပျားရည်သောက်သင့်ပါတယ်။

(၂) ကင်ဆာ ရောဂါသည်များ
အရိုးကင်ဆာ နှင့် အဆာအိမ်ကင်ဆာ ဝေဒနာသည် များဟာ သဘာဝနှစ်ချို့ပျားရည်စစ်စစ်နှင့် သစ်ကြ ပိုးခေါက်မှုန့်တို့ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းကျ ပမာဏစီ ဆတူရော၍ ၎င်းဆေးညွှန်းအတိုင်း တစ် နေ့လျှင် သုံးကြိမ်နှုန်းဖြင့် အစာမစားမီ နာရီဝက် အလို သို့မဟုတ် အစာစားပြီးနောက် နာရီဝက်အကြာ မှာ သောက်သုံးပေးရပါမယ်။ အထူးသတိပြုရန်မှာ ဆေးသောက်ပြီးတဲ့အခါ သောက်ရေအေး တစ်ဖန် ခွက် သောက်ပါ (ရေခဲရေနှင့် ရေနွေးပူတို့မဟုတ် ပါ။)

(၃) အပူကန် လည်ချောင်းနာသူများ
ပျားရည်ဟာ အပူဓာတ်ရှိတာကြောင့် ကိုယ်တွင်း အပူဓာတ်များသူတွေက ပျားရည်သောက်ရန် သင့်၊ မသင့် ဒွိဟဖြစ်နေကြပါတယ်။ တကယ် တော့ သောက်လို့ရပါတယ်။ အပူကန်လည်ချောင်း နာသူများဟာ ပျားရည်ကို ရှောက်ရည်ညှစ်၍ သောက်သုံးခြင်းဖြင့် အပူငြိမ်း၍ ရောဂါပျောက်စေပါ တယ်။

(၄) ချောင်းဆိုးနေသူများ
ချောင်းဆိုးနေသူများအတွက် ပျားရည်က ဆေး ကောင်းတစ်ခွက်ပါပဲ။ ဆေးသောက်ရန်အသင့် တော်ဆုံးအချိန်ကတော့ နံက်အိပ်ယာထ ဘာမျှ မစားခင်ဖြစ်ပြီး၊ ရေနွေးဖြူတစ်ဖန်ခွက်ထဲကို ပျား ရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းထဲ့၍ ဖျော်သောက် ပေးရမှာပါ။ တဖန်နှာစေး၊ ချောင်းဆိုးခြင်းအတွက် ပျားရည်ကို ရှောက်ရည်၊ သို့မဟုတ် သံပုရာရည်ဖြင့် ဆတူရော၍ သောက်ပါ။

(၅) အသက် တစ်နှစ်နှင့်အထက် ကလေးငယ်များ
(က) ကလေးငယ်များ ချွဲကျပ်၊ ရင်ကျပ်ဖြစ်ရင် ပျား ရည်ကိုသံပုရာရည်ဖြင့် ဆတူရော၍ တိုက် ပါ။
(ခ) ကလေးငယ်များ ဝမ်းပျက်၊ ဝမ်းလျှောခြင်း အတွက် ပျားရည် အနည်းငယ်ကျွေးပါ။
(ဂ) ပျားရည်က စိတ်ကိုထိန်းပေးနိုင်သောအစွမ်း သတ္တိရှိ၍ အိပ်ရာထဲ အပေါ့စွန့်တတ်သော ကလေးများကို ညအိပ်ယာဝင်ခါနီးပျားရည် ကျွေးပေးခြင်းဖြင့် အပေါ့အပါးမသွားအောင် ဟန့်တားနိုင်ပါတယ်။
(ဃ) ကလေးငယ်များ သူငယ်နာအကြောဆွဲ၍ သေလုမျောပါးဖြစ်နေရင် ပျားရည်ကျွေးပေး ခြင်းဖြင့် အသက်ချမ်းသာရာ ရနိုင်ပါတယ်။
(င) တုတ်ကောင်၊သန်ကောင် ရှိသောကလေး ငယ်များကို နာနတ်သီးကို ပျားရည်ဖြင့်နယ် ၍ ကျွေးပါ၊ သို့မဟုတ် ပျားရည်နှင့် အုန်းနို့ ရောစပ်၍ တိုက်ပါ။

**ပျားရည်သောက်ရန် မသင့်တော်သူများ**

(၁) အသက် တစ်နှစ်အောက် ရင်ခွင်ပိုက် ကလေးငယ် များ။ ပျားရည်ထဲမှာ Microorganisms လို့ခေါ်တဲ့ Clostridium ဗက်တီးရီးယားပိုးငယ်လေးတွေ မြောက် များစွာပါရှိနေကြပါတယ်။ အရွယ်ရောက်ပြီးသူ များ၏ အစာချေလမ်းကြောင်းက ၎င်းဗက်တီးရီး ယားများကို ကောင်းစွာ ချေဖျက်နိုင်သော်လဲပဲ ကလေးငယ်များအတွက်ကတော့ အစာချေ လမ်းကြောင်းမှာ သွေးခဲ၍ အစာ အဆိပ်သင့် ဝေဒနာကို ဖြစ်စေပါတယ်။ ဒါကြောင့် အသက် တစ်နှစ်အောက် ရင်ခွင်ပိုက် ကလေးငယ်များကို ပျားရည် (လုံးဝ) မကျွေး သင့်ပါဘူး။

(၂) ကိုယ်ဝန်ဆောင် မိခင်လောင်းများ
Botulinumtoxin(ခေါ်)ပျားရည်ထဲရှိ ဗက်တီးရီးယား ပိုးမှ စွန့်ထုတ်ပစ္စည်းအဆိပ်တစ်မျိုးကြောင့် ကိုယ်ဝန် သည်တွေက ပျားရည်သောက်ရန် သင့်လား၊ မသင့်ဘူးလားဆိုတာကို ဝေခွဲမရဖြစ်နေကြပါတယ်။ အရွယ်ရောက်ပြီးသူ တစ်ယောက်ဟာပျားရည် သောက်ပြီးနောက်၊ ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ် က ပျားရည်ထဲမှာပါရှိတဲ့ Botulinumtoxin အဆိပ် ကို အလိုအလျောက် ဖယ်ရှားသုတ်သင်ပေးလေ့ရှိပါ တယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်များ ပျားရည် သောက်လို့ရပါတယ်။ ပဋိသန္ဓေသားကိုလည်း လုံးဝ ဘေးဥပဒ်မဖြစ်စေနိုင်ပါဘူး။ သို့သော်မိခင် လောင်းအများစုဟာ ကိုယ်ဝန်ဆောင်နေစဉ်မှာ သွေး ထဲရှိသကြားပမာဏ မြင့်တက်လေ့ရှိကြပါတယ်။ ပျားရည်ထဲမှာလည်း Fructose သကြားပမာဏ မြင့်မားစွာ ပါရှိနေတာကြောင့် ကိုယ်ဝန်သည်များ အနေဖြင့် ပျားရည်မစားတာဘေးအကင်းဆုံးပဲ ဖြစ် ပါတယ်။

(၃) ဆီးချိုသွေးချို ရောဂါသည်များ
ပျားရည်ထဲမှာ Fructose နှင့် Glucose တို့ဓာတ်တွေ ပြည့်ဝတူညီစွာပါရှိနေပါတယ်။ ဒါကြောင့် ဆီးချို သွေးချိုရောဂါသည်များနှင့် သွေးထဲမှာ Glucose ပြဿနာရှိနေသူများဟာ ပျားရည်စားသုံးခြင်းမှ အထူးရှောင်ရှားရပါမယ်။

(၄) ကိုယ်အလေးချိန် လျှော့ချလိုသူများ
ပျားရည်နဲ့ သကြားညို(သဘာဝသကြား) တို့ကို နှိုင်း ယှဉ်ကြည့်ပါက လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ ပမာဏစီရှိကြသော ပျားရည်ထဲတွင် ကယ်လိုရီ ၂၂ ပါရှိနေပြီး၊ သကြားထဲတွင် ကယ်လိုရီ ၁၆ ပါရှိနေ ပါတယ်။ ဒါကြောင့်ပျားရည်ဟာ ကယ်လိုရီ တက်စေ တာကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများ အနေဖြင့် ပျားရည်မသောက်သင့်ပါဘူး။

**ပျားရည် သံပုရာကို သောက်ခြင်းဖြင့် ရရှိလာမည့် ကျန်းမာရေး အကျိုးကျေးဇူးများ**

ရေနွေးဖြူ တစ် ဖန်ခွက်ထဲကို ပျားရည်နှင့် သံပုရာရည် တို့အား လက်ဖက်ရည်ဇွန်း တစ်ဇွန်းကျစီရော၍ နံနက် အိပ်ရာထ ဗိုက်ထဲမှာ ဘာအစာမျှမရှိခင်မှာ သောက်ပေး ရမှာဖြစ်ပါတယ်။

၎င်းဆေးပျားရည်ကို သောက်ပေးခြင်းဖြင့်တစ်နေ့ တာလုံး အစာကျေညက်စေခြင်း၊ အူသိမ်အူမထဲမှအချွဲ အကျိ အရိအရွဲများကျစေခြင်း၊ အူမကြီးကို သန့်စင် ကျန်းမာစေခြင်း၊ အူမကြီးကို စိုစွတ်၍လွယ်ကူစွာ ဝမ်း သက်စေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ စိတ်ဖိစီးမှု တွေပြေပျောက်စေခြင်း၊ ကိုယ်ခံစွမ်းအားကို တိုးတက် မြင့်မားလာခြင်း၊ ဆီးပုပ်များသက်ဆင်း၍ ဆီးလမ်း ကြောင်းကို သန့်စေခြင်း၊ ခံတွင်းရနံ့ သင်းပျံ့ခြင်း၊ ခန္ဓာကိုယ် အနံ့ဆိုးထွက်ခြင်းမှ ကာကွယ်ပေးခြင်း၊ အသားအရည် ဝင်းပကြည်လင်ခြင်းစတဲ့ ကျန်းမာရေးအကျိုးကျေးဇူးများ ကိုရရှိနိုင်မှာ ဖြစ်ပါတယ်။

# မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ မြိတ်မြို့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**မြိတ် စက်တင်ဘာ ၂၄**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက် တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက် တင်ဘာ ၂၁ ရက်နံနက် ၁၀ နာရီမှ မွန်း တည့် ၁၂နာရီခွဲ အထိ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း ကြီးကြပ်၍ တပ်ဖွဲ့ဝင်အမျိုးသား ၁၈ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၂၂ ဦး တို့သည် တနင်္သာရီတိုင်းဒေသကြီး မြိတ် မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေး လှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင် များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး သိန်းထွန်းအောင်၊ မြိတ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး နေလင်းနှင့် မြိတ်ပြည်သူ့ဆေးရုံကြီး သွေလှူဘဏ် တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာလမင်း စိုးနှင့်သူနာပြုများက ကြည့်ရှုအားပေး ခဲ့သည်။

မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးက သွေးလှူရှင် တပ်ဖွဲ့ဝင်များအား နို့ဆေးဗူး၊ ကြက်ဥ နှင့်ဓာတ်ဆားထုပ်များ ပေးအပ်ခဲ့ပြီး မြိတ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်သို့ အိုအမျိုးအစားသွေးအိတ် ၁၀ အိတ်၊ အေဘီအမျိုးအစား သွေးအိတ်တစ်အိတ်၊ အေအမျိုးအစားသွေးအိတ် ခြောက်အိတ်၊ ဘီအမျိုးအစားသွေးအိတ်ငါးအိတ် စုစု ပေါင်းသွေးအိတ် ၂၂ အိတ် ပေးအပ်လှူ ဒါန်းခဲ့သည်။

မြိတ်ပြည်သူ့ဆေးရုံကြီးမှ သွေး လှူဘဏ်တာဝန်ခံဆရာကြီး ဒေါက်တာ လမင်းစိုးက သွေးအားဆေးနှင့် သွေးလှူ ဘဏ်မှတ်တမ်းစာအုပ်များ ပြန်လည်ပေး အပ်ခဲ့ကြောင်းသိရသည်။ **မြင့်ဦး (မြိတ်)**

# ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှု အခွင့်အရေးခိုင်မာမှုရှိစေရန် ဒေးဒရဲမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးလျက်ရှိ

**ဒေးဒရဲ စက်တင်ဘာ ၂၄**

ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှု အခွင့်အရေး ခိုင်ခိုင်မာမာရရှိစေရန်အတွက် ကျေးရွာမြေငှားဂရန် ထုတ် ပေးပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးကျေးရွာ မဟာဗောဓိကျောင်း ၌ ကျင်းပခဲ့သည်။

အဆိုပါ ကျင်းပရာသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ဖျာပုံခရိုင် အုပ်ချုပ် ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင် ရာများ၊ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး လုပ်ငန်းအဖွဲ့ဝင် များ၊ မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူများ ၁၆၆ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်က မြေငှားဂရန် ထုတ်ပေးရခြင်းနှင့် ပက်သတ် ၍ ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာတွင် မြေငှား ဂရန် ရရှိခြင်းသည် ပိုင်ဆိုင်မှု အထောက်အထား တစ်ခုအဖြစ် ရရှိခြင်းဖြစ်၍ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ခုရရှိ လိုက်ခြင်းဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက ပိုင်ဆိုင်သူအနေဖြင့် ပေါင်နှံခြင်း၊ ရောင်း ချခြင်းစသည်ဖြင့် မိမိတို့စိတ်တိုင်းကျ စီမံဆောင်ရွက်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနခရိုင်မှူး ဦးရဲဇော်ဟိန်းက ဒေသခံပြည်သူ ၁၆၆ ဦး တို့အတွက် မြေငှားဂရန်များကို လက်ဝယ်အရောက် ထုတ် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပခုက္ကူမြို့၌ နှလုံးကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြော

**ပခုက္ကူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ သုဂတိ စေတနာ လူမှုကူညီရေးအသင်းနှင့် United Pharmarceuticals Co.Ltd တို့က ပူးပေါင်း ကာ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်း အမှတ် နှလုံးကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၈)ရပ်ကွက် အမျိုးသား ခန်းမတွင် ကျင်းပခဲ့သည်။

ကျန်းမာရေး အသိပညာပေးဟောပြော ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဘုန်းမော်၊သူနာပြု သင်တန်းကျောင်းမှ သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မန္တလေးမြို့မှ အထွေထွေ သမားတော် ဒေါက်တာဝင်းထွန်းဦးက နှလုံးသွေးကြော ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းမှုများကိုပြန် လည်၍ ဖြေကြားခဲ့သည်။

**စိုးလင်းနိုင်** (IPRD)

# လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးပြည်သူများနှင့်ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်သည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက ပြည်ကြီး တံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့မိမြို့ဖများ၊ ဖွံ့ ဖြိုးရေးအထောက်အကူပြု အဖွဲ့များ၊ ရပ်ကွက် တာဝန်ရှိသူများအား တွေ့ ဆုံခဲ့သည်။

လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး နှင့် ပုံမှန်အသုံးပြုနိုင်ရေးအတွက် ဖြည့် ဆည်းဆောင်ရွက်ရမည့် ကိစ္စများအား အဆိုပါတွေ့ဆုံပွဲ၌ ဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးတင်ပြချက် များအပေါ် တိုင်းဒေသကြီးဝန်ကြီးက ရပ်ကွက်အတွင်း လမ်းတစ်လမ်းစီ အလိုက် ကွန်ကရစ်တိုင်များ၊ ACSR ကြိုး များ၊ ထရန်စဖော်မာများတိုးချဲ့တပ်ဆင်နိုင် ရန် လိုအပ်သောနေရာများအတွက် ဆက် လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ များကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိ ရသည်။ **မောင်ပြည်သူ(မန္တလေး)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ဗြိတိသျှများ မော်လမြိုင် အပါအဝင် တနင်္သာရီကို သိမ်းပိုက်ထားပြီး ၁၂ နှစ် ကြာကာလ ရတနာပုံ နေပြည်တော်တွင် မင်းတုန်းမင်းကြီး စိုးစံတော်မူနေဆဲ ခရစ်နှစ် ၁၈၇၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ်၌ မော်လမြိုင်မြို့နေ ဆရာဇိမ်ဟာဇွေလ ရေးသားပြုစုသည့် ပထဝီဝင်ချုပ်စာအုပ် စာမျက်နှာ (၁၅၇)၊ မြန်မာပြည်အကြောင်း၊ မန္တလေး မြို့တော်အကြောင်းရေးသားဖော်ပြထားရာ၌ မန်းဒလေးမြို့တော်သည် (မူရင်းသတ်ပုံအတိုင်း)ရောဝတီမြစ် အရှေ့ဘက်ကမ်းနှင့် မနီးမဝေးတွင် အင်းဝမြို့တော် ဟောင်းအထက် မြောက်ဘက်အပြိုင်တန်း(၂၂)ဒီဂရီ၊ အရှေ့ဘက်မွန်းတည့်တန်း (၉၆)ဒီဂရီ ဆုံရာ၌ တည်ရှိလေ၏။

မင်းတုန်းမင်းသည် ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် နန်းတက်၍ စိုးစံတော်မူပြီးနောက်များမကြာမီ ထိုမြို့ကို တည်ထောင်ပြုစုတော်မူလေ၍ မြို့နေလူအပေါင်း (၁၀၀၀၀၀)ခန့် သာရှိသတည်းဟူ၍ဖော်ပြထား၏။ ဆက်လက်၍ ပထဝီဝင်သဘော မြို့ပြအကြောင်း ရေးသားထားရာ၌ ၎င်းမြို့ပုံသည် စတုရန်းလေးထောင့်ဖြစ်၍ ကျုံးနှင့်တကွ ပတ်လည်၌ မြင့်သောအုတ်ရိုးဖြင့် ကာရံလျက်ရှိလေ၏။ ၎င်းမြို့တော်အလယ် အရပ်၌လည်း ကျုံးအစရှိမြို့ရိုး ကာရံဝန်းဝိုင်းလျက် ထားသဖြင့် အတွင်းမြို့တော်တွင် ရှိလေ၏။

နန်းတွင်းနန်းတော်မှတစ်ပါး ရုံးတော်၊ လွှတ်တော်၊ လက်နက်ကိရိယာတိုက်တော်မှစ၍ အရာရှိ၊ မှူးမတ်နေရာ အိမ်တော်များပါ တည်ထောင်လျက်ရှိကြသည်။ မြို့တွင်း၌ ဆိုခဲ့သော နန်းတော်၊ အိမ်တော် မဆိုသာဘဲ မှတ်သားလောက်သော တိုက်ကြီး၊ အိမ်ကြီးများမရှိ။ မြို့တော်အနောက်ဘက် ဆင်ခြေဖုံးအရပ်တွင် ပုဏ္ဏားလူမျိုးများနှင့် ကသည်းလူမျိုးများ ရှိကြ၏။ ၎င်းတို့သည် ပိုးထည်အမျိုးမျိုး ရက်လုပ်ခြင်းအမှု၌ အထူးသဖြင့် တတ်စွမ်းကြပေ၏။

၎င်းမြို့ပြ အရှေ့ဘက်၌ သာသနာပိုင်နေသော ကျောင်းကြီးတစ်ဆောင်ရှိ၍ အလွန်ပင် ကြီးကျယ်ခမ်းနား လှပတင့်တယ်ပါပေ၏။ ထိုကျောင်းကြီး၏ အလျားသည် ပေပေါင်း (၄၄၀)၊ အနံပေပေါင်း (၂၀၀) အကျယ်ရှိ၏။ ထိပ်ဝ နှစ်ပေရှိသော တိုင်လုံးကြီး (၄၀၀)တို့သည် ရွှေအတိ မွမ်းမံလျက်ရှိကြ၏။ သာသနာပိုင်နေသော ကျောင်းပတ်ဝန်းကျင်၌ရှိသော ကျောင်းငယ်တို့ပါ ရွှေနှင့် မွမ်းမံခြယ်လှယ်သော စသည်ဖြင့် သာသနာပိုင် ဆရာတော် ဦးဥ းယျ၏ ကျောင်းတော်ကို ချီးမွမ်းရေးသားထား၏။ (ယင်းကျောင်းတော်ကြီးမှာ အခြားမဟုတ်၊ နန်းတော်ရှေ့ မဟာဝိသုတာရာမတိုက်တော်အတွင်းရှိ မင်းတုန်းမင်းကြီးကောင်းမှု မဟာတုလွတ်ဘုံစံ ရွှေကျောင်းတော်ကြီးကို ဆိုလိုခြင်းဖြစ်၏)။ ထို့ပြင် ယင်းစာအုပ်၌ မင်းတုန်းမင်းလက်ထက် မဟာမုနိဘုရား၊ အတုမရှိကျောင်းတော်ကြီးနှင့် မင်းကွန်းအကြောင်း မြင်တွေ့ရေးသားထား၏။

ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး တတိယတွဲတွင်လည်း မန္တလေးမြို့လူဦးရေနှင့် လူမျိုးစုများ နေထိုင်ပုံ ဖော်ပြထား၏။ ပြဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒိယ၊ ဗိသျှလေးရပ် ၁၂၂၆ ခုနှစ်၊ (မန္တလေးတော်ခြေ) ကျောင်းတော်ကြီး ပင့်ဆောင်စဉ်က အစုအမှုထမ်းလူ (၁၂၀၀၀)ကျော်တို့ကို အိမ်ရှေ့မင်း၊ ဝန်ကြီးအတွင်းဝန်မှူး၊ သေနတ်စာရေး၊ သွေးသောက်ကြီးတို့ ကြပ်မတ်ဆွဲဆောင်စေရာ ဆွဲရက် ၁၃ ရက်နှင့် ပလ္လင်ပေါ်သို့ ကျောက်တော်ကြီးရုပ်ပွားတော် ရောက်သည်ဟု ဖော်ပြထား၏။

မင်းတုန်းမင်းတရားကြီးလက်ထက် မန္တလေးရွှေမြို့တော်၏ လူဦးရေ၊ လေးပြင်လေးရပ် အစုစု နေထိုင်လူဦးရေပေါင်း တစ်သိန်းကျော်မျှသာရှိကြောင်း အထက်ပါနိုင်ငံခြားသားများနှင့် ပထဝီဝင်ဆရာတို့ မှတ်တမ်းများကလည်း ဖော်ပြခဲ့ကြသည်။ ယင်းတို့၏ မှတ်သားချက်များလည်း ရာဇဝင်ဆရာတို့၏ မှတ်တမ်းတင်ချက်ကို အထောက်အထားပြုခဲ့ကြဟန်တူသည်။

သီပေါမင်း ပါတော်မမူမီ တစ်နှစ်ခန့် ၁၂၄၆ ခုနှစ်၊ သီတင်းကျွတ်လတွင် သီပေါဘုရင်မင်းမြတ်၏ သမီးတော် နားထွင်းမင်္ဂလာပြုလုပ်တော်မူ၏။ ထို့ကြောင့် အမိန့်တော်တစ်ရပ်တွင် ရွှေမြို့တော်ကြီး မြို့တွင်း၊ မြို့ပြင် တည်နေသမျှ ကျား၊မ ကြီးငယ် လူဦးရေတစ်သိန်းကျော် စာရင်းကို ရွှေမြို့တော်ဝန်၊ ထောင်မှူး၊ မြို့စာရေး တို့ကရာထူးနိမ့်မြင့်၊ အစုအသည်း၊ မျိုးတူမျိုးခြား ကွဲပြားခြင်းနှင့်တကွ ကုန်စင်အောင် စာရင်းစစ်ဆေးရေးသား ဆက်သွင်းစေရသည်ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး တတိယအုပ်တွင် ဖော်ပြသည်။

သီပေါမင်းလက်ထက် စစ်သည်တော်မှာ ၁၂၄၁ ခုနှစ်၊ သီတင်းကျွတ်လတွင် ကုန်းကြောင်း၊ ရေကြောင်း စစ်သည် ရဲမက်တော် အမှုထမ်းလူတို့အနက် ရွှေစက်တော်အောက်တွင် လစဉ်လစာငွေ အသနားတော်မြတ်ခံ၍ အမြဲတမ်း ရဲမက်တော်မှာ (၂၄၀၀၀)ကျော်မျှရှိသည်ဟု မှတ်တမ်းတင်သည်။ ထိုအခါ စစ်ရေးပြအခမ်းအနား ပြုလုပ်ရာတွင် ရွှေနန်းတော်ကြီး အနောက်တံခါးက လျှောက်၍ ရွှေမြို့တော် အနောက်စည်ရှည်တံခါးတော်က ထွက်ပြီးလျှင် ခရီးတာသုံးထောင်ခန့်ရှိ ရွှေမြို့တော်ကြီး လေးမျက်နှာ ကျုံးထိပ်လမ်းမတော်အတိုင်း လက်ယာရစ် လှည့်လည်ရာတွင် စည်ရှည်တံခါးတော်တို့ တပ်ဦးရောက်ချိန်၌ မြို့တွင်းက ထွက်လာသော နောက်ဆုံးတပ်နှင့် မဆက်မိသေးဟုဆိုသည်။

**(၈) ဌာနာ အုတ်ဇရပ်ကြီးများ**

မြို့တွင်း၌ လူဦးရေများလာသော်လည်း မြို့သူမြို့သားများ ကျန်းမာရေး၊ သာရေး၊ နာရေး ကိစ္စများကိုလည်း မင်းတုန်းမင်း လက်ထက်မှစ၍ စနစ်တကျ ဆောင်ရွက်သည်ကို တွေ့ရသည်။ မန္တလေးမြို့တွင် အစဉ်တစိုက်နေထိုင်သူ သက်ကြီးရွယ်အိုများက လေးပြင်လေးရပ်ရှိ အုပ်ဇရပ်တော်ကြီးများ တည်ရှိခဲ့ကြောင်း မှတ်မိသမျှ ပြောပြကြသည်။ မင်းတုန်းမင်းလက်ထက် မြို့ကြီးဟုခေါ်သော ပြင်မြို့ရိုးတံခါး ၅၇ ရပ်များတွင် ရဟန်းရှင်လူတို့ အသွားအလာများသည့် အရှေ့မျက်နှာ သုံးရပ်၊ တောင်မျက်နှာဌာန လေးရပ်၊ မြောက်မျက်နှာဌာန တစ်ရပ် စုစုပေါင်း ရှစ်ရပ်သော ဌာနများတွင် အုပ်ဇရပ်ကြီး ရှစ်ဆောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းအုတ်ဇရပ်တော်ကြီးများမှာ ရဟန်းရှင်လူပြည်သူများ ခေတ္တနားနေတည်းခိုရန်ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်သည်။ ဤအုတ်ဇရပ်တော်ကြီးများမှာ ကျွန်းသစ်လုံးများဖြင့် အခိုင်အမာ တည်ဆောက်ခြင်းဖြစ်သည်။ အုတ်ဇရပ်တော်ကြီးများသို့ လာရောက်သည့် ရဟန်းရှင်လူ၊ ပြည်သူ၊ ပရိသတ်အပေါင်းတို့ကို လက်ဖက်ရည်အချို၊ ကွမ်း၊ ဆေး၊ လက်ဖက်မှစ၍ တည်းခိုချက်ပြုတ်ရန် ကိရိယာ၊ ဂိလာနပစ္စည်းတို့ကို ပြုစုရန် သမားတော်၊ အနှိပ်တော်တို့နှင့်တကွ ပြုစုကျွေးမွေးရသည်။ ထိုမျှမက မြို့တွင်း၊ မြို့ပြင်၊ ရပ်ကွက်နေပြည်သူတို့ နေ့စဉ်၊ ညစဉ် ဝတ်တက်၊ ဝတ်ကပ်ပြုပြီး ဥပုသ်ဆောက်တည်ရန် ဓမ္မာရုံများလည်း မင်းတုန်းမင်းလက်ထက်မှစ၍ တည်ဆောက်ပေးထားသည်။ မြို့တော်တံခါး (၁၂) ရပ်တို့၌လည်း တရားတင်းကုပ် (၁၂)ဆောင် ဆောက်လုပ်ပေးခဲ့ကြောင်း မှတ်သားရသည်။

မင်းတုန်းမင်းကြီးသည် မြို့တည်ထောင်ပြီး ဘာသာရေး၊ သာသနာရေး အားပေးချီးမြှောက်သည့်မင်းအဖြစ် ခံလိုရငြား ယခုကဲ့သို့ လေးပြင်လေးရပ်တွင် အုတ်ဇရပ်များ၊ ရပ်ကွက်ဓမ္မာရုံများ တည်ဆောက်ခြင်းဖြစ်သည်။ ပြည်သူတို့ကိုလည်း ဥပုသ်နေ့တိုင်း ဥပုသ်ဆောက်တည်သော ပြည်သူများဖြစ်စေ၍ ပေးကမ်းချီးမြှင့်ခြင်းများလည်း ပြုလုပ်သည်။ ရွှေမြို့တော် လေးပြင်လေးရပ်ရှိ ဥပုသ်တော်စောင့် လူပေါင်းနှစ်ထောင့်လေးရာကျော် ဖွဲ့စည်းပြီးလျှင် အဝတ်၊ ပုဆိုး၊ ခေါင်းပေါင်း၊ လစာငွေတော် လစဉ်သနားတော်မူကြောင်း၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၌ ဖော်ပြထားသည်။

သက်ငယ် သက်ကြီး ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး ကြည့်ရှုစောင့်ရှောက်ပေးသကဲ့သို့ အသက်အရွယ် အိုမင်း၍ လုပ်ကိုင်ရှာဖွေစားသောက်နိုင်ခြင်း မရှိသူများ၊ ကျွေးမွေးထောက်ပံ့မှု မရှိသူ သက်ကြီးရွယ်အိုများအားလည်း မင်းတုန်းမင်းလက်ထက်တွင် ရွှေမြို့တော်တွင် သူအိုရုံများထားရှိစောင့်ရှောက်သည်။ သူအို၊ သူနာ၊ ယောကျ်ား၊ မိန်းမတို့ကိုလည်း ရုံဆောက်၍ စားစရိတ်ငွေ၊ အဝတ်အထည်၊ သမားတော်၊ အနှိပ်တော်တို့နှင့် တကွ ပြုစုစောင့်ရှောက်ပေးစေသည်။ သူအိုသူနာများ နေထိုင်ရန် ရွှေမြို့တော်အတွင်း လေးမျက်နှာမှာ ဆောက်လုပ်ထားရှိရသည်။ ဆန်၊ ဆား၊ ငါးပိ၊ အစားအစာ၊ ဟင်းလျာ၊ အသုံးအဆောင် လုံလောက်အောင်ပေးကမ်းပြီး အကြီးအကြပ်နှင့် ကောင်းမွန်စွာ ချက်ပြုကျွေးမွေးပြုစုရသည်။

သူအို၊ သူနာ တိုက်တန်းများသို့ ဘေသဇ္ဇပါရ မြန်မာသမားတော်ကြီး သုံးယောက်စီနှင့် အနှိပ်လက်သည်တော် အသီးသီး ပေးအပ်ကျွေးမွေး ပြုစုစေရုံသာမက သေလွန်လျှင်လည်း စရိတ်ငွေတော်ထုတ်ပေးပြီး သင်္ဂြိုဟ်စေသည်။ သူအိုရုံများကား နန်းမြို့တွင်းဝင်း အိမ်နေရာများ၏ ထောင့်တိုင်းတွင် တည်ရှိခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အုတ်ဇရပ်တော်ရှစ်ရပ်အကြောင်း စာပေလင်္ကာ၊ တေးသီချင်းများတွင်လည်း ရေးဖွဲ့စပ်ဆိုကြသည်ကို တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

> **သက်ငယ် သက်ကြီး ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး ကြည့်ရှုစောင့်ရှောက် ပေးသကဲ့သို့ အသက်အရွယ် အိုမင်း၍ လုပ်ကိုင်ရှာဖွေစားသောက်နိုင်ခြင်းမရှိသူများ၊ ကျွေးမွေးထောက်ပံ့မှုမရှိသူ သက်ကြီးရွယ်အိုများအား လည်း မင်းတုန်းမင်းလက်ထက်တွင် ရွှေမြို့တော်တွင် သူအိုရုံများထားရှိစောင့်ရှောက်သည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

သုံးရာသီ ဓမ္မဒါန
(၆၃)ကြိမ် အဘဘိုးမင်းခေါင်ထွက်ပွဲ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀၀ိ/-Sep - 29
ပုဂံ၊ ပုပ္ပါး၊ တောင်ကြီးအင်းလေး၊ ပင်းတယ
(၁)ဦးထမင်းကျွေး-၆၅၀၀၀ (၁၀)ဦးလျှင် တစ်ဦးအခမဲ့
420144148, 421153797

သီတာထွန်း
(၆၃)ကြိမ်မြောက်
အဘပွဲ၊ ပုပ္ပါးသီးသန့် (နေ့ချင်းပြန်) 25000 Sep 29
အဘပွဲ၊ ပုပ္ပါးသီးသန့် (ညအိပ်-ထမင်းကျွေး) 30000 Sep 28
အဘပွဲ၊ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ (ထမင်းကျွေး) 40000 Sep 28
09-254806015, 09-254806017

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph: 09-43117680, 09-5059821


ဖခင်အမည်မှန်
မိုးကောင်းမြို့နယ်၊ အထက(နမ္မတီး)၊ ဒသမတန်း(E)မှ မဝင်းပသော်၏ ဖခင် အမည်မှန်မှာ ဦးသန့်စင်သော် [၁/ပခက(နိုင်) ၀၆၀၀၆၅] ဖြစ်ပါသည်။

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
မိုးကောင်းမြို့နယ်၊ အထက(နမ္မတီး)၊ ဒသမတန်း(F)မှ မတင်တင်လင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ [၅/ကသန(နိုင်)၀၃၅၃၂၈] ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၄-၂၀၀၀ဖြစ်ပါသည်။

STARFISH Language & Business


✓ လုပ်ငန်းခွင်မှာအဆင်ပြေစေဖို့(English 4 skills)
✓ English စကားကို confidence ရှိရှိပြောနိုင်ပြီး အမြဲတမ်းရှေ့ပြေးနေတဲ့သူဖြစ်ဖို့ ----
☐ တနင်္လာ – သောကြာတန်းခွဲသစ်များ (Sep 28 နှင့် Oct 5) စမည်။
☐ စနေ – တနင်္ဂနွေတန်းခွဲသစ်များ၊(Oct 3) စမည်။
သပြေညိုတိုက် (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန် Ph: 09 799905715, 09-253179825

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ
ပညာရေး ဆွေးနွေးပွဲ
◆ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
◆ နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
◆ မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ၊
*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*
ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၃.၁၀.၂၀၁၅ (စနေနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)
လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်
Call Now : 09 789 888 222, 09 862 8806, 01 504632



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**




**ယမန်နေ့မှအဆက်**

ဦးခာတ်စံသည် ဆိုလည်း ဆိုပြ၏။ ငိုလည်း ငိုပြ၏။ ဆိုရင်း ငိုရင်းကလည်း ဟာသဖောက်သေး၏။ ဟာသဖောက်ရင်းကလည်း တရားဓမ္မကိုပြရှာ၏။

ပြင်စည်မင်းသား၏ မျှော်လေတိုင်း ပြာခြေဆိုင်း ဝေမှိုင်းမြူမှောင်ခြယ်ဟူသော စကားကို ပိတ်ဖုံးသော အဝိဇ္ဇာပစ္စယာခ်ါရာမှစ၍ သံသရာတည်းဟူသော ပန်းမြိုင်လယ်တွင် ဇာတိဇရာ ဗျာဓိမရဏာစသော ဒုက္ခတို့၏ အကြောင်းရင်း ပဋိစ္စသမုပ္ပာဒ်ကို ရှင်းပြ၏။

ဦးခာတ်စံ၏ အနုပညာကြောင့် ရယ်လည်း ရယ်ကြရသည်။ မျက်ရည်လည်း စို့ကြရသည်။ ဓမ္မသံဝေဂလည်း ဟာသကြွ၍ ရယ်ရသည်။ ဣန္ဒြေရှိသမျှ ပညာပြည့်သော ကောလိပ်မြိုင်၏ အကများလည်း ရှုမငြီးဖွယ်ပင်ရှိ၏။

ဆယ်နာရီကျော်သောအခါ ကျောင်းသူများ စပြန်ကြသည်။

သက်ခိုင်တို့ မွန့်ကို အင်းယားကျောင်းဆောင်သို့ လိုက်ပို့ကြ၏။

အေးဝင်းက မွန်နှင့်အတူ ကားပေါ်မှ ဆင်းပြီးဆိုသည်။

"သက်ခိုင်ရေ. . . ငါတော့ ဒီက ကြုံတဲ့ ကားတစ်စီးနဲ့ပဲ ပြန်လိုက်သွားတော့မယ်။ ငါ အငြိမ့်ဆက်ကြည့်ချင်သေးတယ်၊ မင်းတို့မောင်နှမက အိမ်ပြန်ရောက်ရင် ပီယာနိုတီးကြဦးမှာ မဟုတ်လား။ ငါ နေရစ်ခဲ့တော့မယ်"

သက်ခိုင်တို့သည် အေးဝင်းကို ထားခဲ့ကြပြီး ထွက်လာခဲ့၏။

မလေးနွယ်က ဦးချစ်တိုးကို ပြော၏။

"ဦးလေးကိုချစ်တိုး. . ဘွဲ့နှင်းသဘင် အဆောက်အအုံနောက်ဘက်က မောင်းပါ၊ နွယ် နည်းနည်းငြီးစီစီဖြစ်နေလို့ခဏ လေသန့်ရှူချင်သေးတယ်"

ဦးချစ်တိုးသည် မလေးနွယ်၏ အမိန့်အတိုင်း မောင်းကာ ဘွဲ့နှင်းသဘင်မြောက်ဘက်ရှိ အင်းယားကန်စပ်၌ ကားကို ရပ်ပေး၏။

ကန်စပ်တွင် အခြားလေညင်းခံ ကားသုံးစီး ရှိနေသေးသည်။

သက်ခိုင်နှင့် မလေးနွယ်သည် ကားပေါ်မှ ဆင်းကြပြီး ရေစပ်သစ်ပင်တစ်ပင်အောက်၌ ရပ်လိုက်ကြ၏။

"မမနွယ် တကယ်ပဲ ငြီးစီစီ ဖြစ်နေသလား"

"နည်းနည်းပါမောင်၊ မမနွယ်က အငြိမ့်တို့ ဇာတ်တို့ ကြည့်လေ့ မရှိဖူးတော့ ခေါင်းနည်းနည်းလေး အုံသွားတာပါ"

"ဒီလိုဆိုရင် မောင်က မမနွယ်ကို အငြိမ့်ဖိတ်ပြပြီး နှိပ်စက်သလိုဖြစ်နေပြီ"

"အို အို. . . မဟုတ်ပါဘူး၊ မမနွယ် ဒီည ပျော်ပါတယ်၊ လူရွှင်တော်တွေကလည်း သိပ်ရယ်ရတာပဲ၊ ရယ်ရလွန်းလို့ ခေါင်းအုံလာတာပါ၊ လေကောင်းလေသန့် ရှူရရင် ခုပျောက်သွားမှာပါ"

မလေးနွယ်သည် ခေါင်ကလေးနောက်သို့လှန်၍ သစ်ပင်ကို မှီရပ်ကာ ငြိမ်ငြိမ်လေး လေရှူနေ၏။

နတ်တော်ဆန်းရက်တွင်သာ ရှိသေးသောကြောင့် အချမ်းမသည်းလှသေး။ နှင်းငွေ့ငွေ့တို့ လှုံရုံဝေနေသည်။ မိုးပြင်မှ ရွန်းမြသောလနှင့် ကြယ်တို့သည် ရေပြင်၌ လည်းရောင်ပြန်လာထင် တောက်ပနေ၏။

ရေပြင်ကို ဖြတ်ကာ ညင်ညင်သာသာ တိုက်ခတ်လာသော မြောက်ပြန်လေ၌ ဆောင်း၏ ပန်းရနံ့များ သင်းပျံ့ပါလာနေ၏။

ငြိမ်ငြိမ် ရပ်နေရာမှ မလေးနွယ်က ရုတ်တရက်ခေါ်သည်။

"မောင်. . ."

"ဗျာ. . . မမနွယ်"

"မောင် သတိရလား"

"ဘာကို ပြောတာလဲ မမနွယ်"

"နတ်တော်လ ရောက်ပြန်ပြီလေ၊ မောင် မှတ်မိသေးလား၊ ပင်းချောင်းဘေးမှာ မောင်က မမနွယ်ကို တို့ဗမာသာကီမျိုးတရားတွေ ဟောတာ၊ အခုလိုနတ် တော်လမှာပဲလေ၊ ဆယ်နှစ်တိတိပြည့်ပြီ မောင်"

မလေးနွယ် စကားကြောင်း သက်ခိုင်၏ ရင်မှာ ထူးဆန်းစွာ ထိခိုက်ဆွေးမြည့်သွား၏။

မလေးနွယ် ပြောပြသည်ကို ကောင်းကောင်းမှတ်မိသည်။ ထိုစဉ်က တို့ဗမာသာကီမျိုးအကြောင်းကိုသာမက အာဒံနှင့် ဧဝတို့အကြောင်းကိုလည်း ပြောခဲ့ကြသေးသည်။

"ဆောင်းက လှနေတုန်းအခါမှာ နွေဟာ ကြိုတင်ပြီး မဝင်ပါနဲ့၊ မောင်နဲ့ မမနွယ် ကြုံနေရတဲ့ ဆောင်းဆိုတာဟာ တိုတိုကလေး ပါ၊ တိုတိုလေးမို့လည်း တတ်နိုင်သမျှ ရှည်ခွင့်ရဖို့ မောင်မျှော်လင့်ပါရစေ၊ နွေရောက်လာတဲ့ အချိန်မှာ ရွက်ဝါကြွေတာကို မောင်မကြောက်တော့ပါဘူး၊ အဲဒီအခါကျမှ မောင်အသည်းနှလုံးနဲ့ မပြောဘဲ ဦးနှောက်နဲ့ စကား ပြောရင် မမနွယ် ခွင့်လွှတ်ရမယ်နော်"

အာဒံနှင့်ဧဝမောင်နှမသည် မစားသင့်သော သစ်သီးကို စားမိကြ၍ မှောက်မှားကား သောကဒုက္ခ သမုဒယပွားခဲ့ကြရရှာသည်။

သက်ခိုင်သည် သက်ပြင်းရှိုက်ရင်း ညည်းညည်းဆို၏။

"ဟုတ်တယ် မမနွယ်၊ ဆယ်နှစ်တောင် ရှိသွားပြီ"

"မောင် အခုလို အသက်ကြီးလာတာကို ပျော်သလား"

"ပျော်သလား. . . အို. . . ဒီမေးခွန်းကို မောင် မဖြေတတ်ဘူး မမနွယ်"

"မမနွယ်တော့ မပျော်ဘူး"

သက်ခိုင်က အသာအယာ ရယ်သည်။

"မမနွယ်ရယ်. . အသက်ကြီးလာတာဟာ သဘာဝပဲ၊ မမနွယ်က အိုရမှာ ကြောက်လို့လား၊ အိုခြင်းတရားက အဝေးကြီးမှာ ရှိပါသေးတယ်၊ နွေလိုပဲ အဝေးကြီးမှာ ရှိနေသေးတယ်၊ မမနွယ်တို့ မောင်တို့ အခု အရွယ်က ဆောင်းတွင်းရယ်ပါ၊ အင်မတန်လှတဲ့ ဆောင်းတွင်းအခါ ရယ်မှာပါ"

မလေးနွယ်က မရယ် မပြုံးဘဲ သက်ခိုင်ကို ခေါင်းငဲ့ကြည့်၏။

"မမနွယ်. . အိုခြင်းတရားကို မကြောက်ပါဘူး။ နောင်နှစ်ခါဆိုတာကိုသာ ကြောက်တာ၊ မောင် သိရဲ့လား၊ နောင်နှစ်ခါဆိုရင် မမနွယ် အသက်နှစ်ဆယ်ပြည့်တော့မယ်"

"ဩော်. . မမနွယ်ကလည်း အသက်နှစ်ဆယ် ပြည့်မှာဟာ ကြောက်စရာလား"

"ကြောက်စရာပေါ့ မောင်. . . အသက်နှစ်ဆယ်ပြည့်တဲ့နေ့မှာ မမနွယ်ဟာ အဆုံးအဖြတ်တစ်ခုကို ပေးရတော့မယ်၊ အဲဒီအဆုံးအဖြတ်ဟာ မမနွယ်ရဲ့ဘဝအတွက်ရော၊ အန်တီရဲ့ ဘဝအတွက်ရော. . ဖေဖေတို့ အတွက်ရော. . ဒါတွေတင်မကသေးဘူး၊ နောက်လာမယ့် မမနွယ်တို့ရဲ့ တစ်ဆွေလုံး တစ်နွယ်လုံးအတွက်ရော အားလုံးရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်နေတယ်"

သက်ခိုင်သည် ဘာမျှ ပြန်မပြောဘဲ လရောင် ကြယ်ရောင်တောက်နေသော ရေပြင်ကိုသာ ငေးကြည့်နေ၏။ စိတ်တွင်းကမူ မလေးနွယ်သည် သူမကြားလိုသော စကားများကို ဆက်မပြောပါစေနဲ့ဟု ဆုတောင်းမိ၏။

မလေးနွယ်က ဆက်ပြောရင်း မေး၏။

"မောင် သိပ့်မလား မသိဘူး၊ အင်းလေ. . ဒေါ်လေး သက်သက်ပြောပြထားရင်တော့ သိမှာပါပဲ မောင်၊ ပုဆိုးစနဲ့ ထဘီစ ဆိုတဲ့ မမနွယ်တို့ မျိုးရိုးက အသုံးစကားကို သိတယ် မဟုတ်လား"

"သိပါတယ် မမနွယ်"

"သိတယ်ဆိုရင်တော့ မမနွယ် ဘာဆုံးဖြတ်ရမယ် ဆိုတာကိုလည်း မောင်နားလည်မှာပဲ၊ အဲဒီဆုံးဖြတ်ချက်ကို မချခင် မမနွယ် မောင်နဲ့ တိုင်ပင်ချင်တယ်၊ မမနွယ် ကြောက်တာက မောင်ဟာ မမနွယ် တိုင်ပင်တာကို နားမှ ထောင်ပ့ါမလား ဆိုတာ. . . ဟင်. . မောင်"

သက်ခိုင် ငိုင်ကျသွားသည်။ ခေါင်းမဖော်နိုင်အောင်ပင် ငိုင်ကျသွားသည်။ ဖြစ်ရလေ. . မမနွယ်ရယ်. . ဒီည ဒီအချိန်မှ မောင့်ကို ဒီစကားတွေ ပြောပလေတယ်။

မလေးနွယ်၏ နူးညံ့သော လက်ဝါးလေးတစ်ဖက်သည် ငုံ့ထားသော သက်ခိုင်၏ မျက်နှာကို ယုယကြင်နာစွာ ပင့်မလာ၏။

"ဟော. . . ကြည့်စမ်း မောင်၊ ဒီလောက်ကလေး ပြောရုံနဲ့တင် မောင် ဒီလောက်ဖြစ်သွားသလား၊ ဒီလိုဆိုရင် မောင့်ကို မမနွယ် ဘာတွေများ ဆက်ပြောဝံ့ပါဦးမတဲ့လဲ ရှင်ရယ်"

သက်ခိုင်သည် အံကြိတ်ပြီး မလေးနွယ်ကို ပြန်ကြည့်မိသည်။

လရောင်အောက်တွင် ဖြစ်သဖြင့် မလေးနွယ်၏ ပင်ကိုအသား ဝါသည်မထင်။ သို့ရာတွင် နုညက်သန့်စင် သောမျက်နှာလေးသည် ရှိန်းရှိန်းမြမြ ဝင်းဝင်းပနေသည်။ မျက်တောင်ကော့များ ဝန်းသည့် မျက်လုံးကြည်ကြီးများကလည်း လရောင် ကြယ်ရောင်နှင့် ပြိုင်ကာ ပြာပြာလဲ့နေ၏။

သက်ခိုင်၏ ရင်တွင် မြတ်နိုးစုံမက်ခြင်း၊ နှမြောတသခြင်း၊ ယူကျုံးမရခြင်းဟူသည့် ဆုံးရှုံးလက်လွှတ်ရသူ တစ်ဦး၏ ခံစားမှုမျိုးစုံကို အသည်းနင့်မျှ ခံစားရ၏။

သက်ခိုင်သည် မလေးနွယ်၏ လက်ဖဝါးနု နှစ်ခုကို ဆုပ်ကိုင်ယူလိုက်သည်။ ရဲရဲတင်းတင်း စိုးစိုးပိုင်ပိုင်နှင့်ပင် ဆုပ်ကိုင်ယူသည်။ မြတ်မြတ်နိုးနိုး စုံစုံမက်မက်နှင့်ပင် ဆုပ်ကိုင်ယူသည်။

"အမှန်ကတော့ မမနွယ် ပြောမယ့်စကားတွေကို မောင် မကြားချင်ပါဘူး မမနွယ်၊ တတ်နိုင်ရင်လေ. . မမနွယ်တို့ရဲ့ တစ်နည်းအားဖြင့် မေမေသက်သက်တို့ရဲ့ နဝရတ်ရောင်စုံစာရင်းကြီးကို မီးရှို့ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ ဒီစာရင်းကြီး မီးလောင်ပျက်စီးသွားရုံနဲ့ မပြီးဘူး။ ဒီစာရင်းထဲက လူတွေရဲ့အသည်းနှလုံးတွေအားလုံး ပြောင်းကုန်မှ ပြီးမှာ၊ ဒီတော့မှလည်း ရေနံ့သာမြေ ကကြေကွဲစရာ. . ရင်နာစရာ ဇာတ်လမ်းတွေက ပျောက်မှာ၊ အခုနေတော့ ဖေဖေစိုးခိုင်နဲ့ မေမေသက်သက် တို့ရဲ့သား. . မမနွယ်ရဲ့မောင်. . . သက်ခိုင်အဖြစ်နဲ့ လွှဲမရတာမို့လို့ ဒီစကားတွေကို မောင် နားထောင်ပ့ါမယ်၊ ဒါပေမဲ့ မမနွယ်ရေ. .

"ပြောလေ မောင်၊ ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒါပေမဲ့ အခုတော့ မတိုင်ပင်ပါနဲ့ဦး မမနွယ်၊ ဆောင်းက လှနေတုန်းအခါမှာ နွေဟာ ကြိုတင်ပြီး မဝင်ပါနဲ့၊ မောင်နဲ့ မမနွယ် ကြုံနေရတဲ့ ဆောင်းဆိုတာဟာ တိုတိုကလေးပါ၊ တိုတိုလေးမို့လည်း တတ်နိုင်သမျှ ရှည်ခွင့်ရဖို့ မောင်မျှော်လင့်ပါရစေ၊ နွေရောက်လာတဲ့အချိန်မှာ ရွက်ဝါကြွေတာကို မောင်မကြောက်တော့ပါဘူး၊ အဲဒီအခါကျမှ မောင် အသည်းနှလုံးနဲ့ မပြောဘဲ ဦးနှောက်နဲ့ စကားပြောရင် မမနွယ် ခွင့်လွှတ်ရမယ်နော်"

မလေးနွယ်သည် ကရုဏာနှင့် သမုဒယ လှပသင့်မြတ်စွာ ရောသောအကြည့်နှင့် သက်ခိုင်ကို ငေးငေးစိုက်ကြည့်၏။ သက်ပြင်းနှင့် ရင်ကို ဖော့မည်လုပ်ပြီးမှ သာယာကြည်လင်စွာ ရယ်လျက် စိတ်ကို ပြောင်းပစ်သည်။

"မောင်က သိပ်စကားတတ်တယ်၊ မောင် သိပ်စကားတတ်တော့ မမနွယ်မှာ ဘာမှ ပြန်ဖြေစရာ ရှာမတွေ့ တော့ဘူး၊ ဒီတော့ မောင် ပြောလေ၊ အခု မမနွယ်တို့ ဘာလုပ်ကြရမလဲ"

"ဆောင်းရဲ့အလှကိုပဲ သာယာကြည်နူးကြပါစို့ မမနွယ်၊ ဩော်. . မမနွယ်၊ ရှုမဝမှာ ပါလာတဲ့ မောင့်ကဗျာ ကို မမနွယ် ဘယ်လို သဘောရလဲ"

မလေးနွယ်သည် ပြုံးစူစူနှင့် မျက်မှောင်ကို ဟန်ဆောင်တွန့်ပြီး နှာခေါင်းလေး ရှုံး၍ဆို၏။

"မကြိုက်ဘူး၊ မောင်က လူကလေး ငယ်ငယ်နဲ့ ဝတ်လိုက်ရင် လူကြီးဆင်၊ စပ်လိုက်ရင် ဘုန်းကြီးလေ. . မောင့်ဒွိဟ ကဗျာက အဘိဓမ္မာစော်ညှော်လွန်းတယ်၊ မမနွယ် မကြိုက်ဘူး"

"ဒါဖြင့် ဒီည ဆိုပြခဲ့တဲ့ တကောင်းည လရောင်မှာကိုကော"

"အဲဒါကလည်း ကောင်းတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ပျော့လွန်းလျော့လွန်း နွဲ့လွန်းတယ်"

"နို့. . ဒါဖြင့် မောင် ဘာစပ်ပြီး ဘာဆိုရတော့မလဲ"

သက်ခိုင်က မျက်မှောင်ကြုတ် မေးသဖြင့် မလေးနွယ်က နှစ်ခြိုက်အားရစွာ ရယ်သည်။

"မောင်က မမနွယ်ကို မျက်မှောင်ကြုတ် မေးတော့ မမနွယ်ကလည်း ဟောဒီလို မျက်မှောင်ကြုတ်ပြီး ပြန်ဖြေမယ်"

မလေးနွယ်က မျက်နှာကို တမင်တည်လိုက်ပြီး မျက်မှောင်တမင်ကြုတ်ပြသည်။ မျက်နှာလေးသည် ထိုအခါမှ ပို၍ချစ်ဖွယ်ကောင်းနေ၏။

မလေးနွယ်သည် ချက်ချင်းပင် ပြန်ပြုံးလိုက်ပြီး ဆို၏။

"မလေးနွယ်က အလကား နောက်တာပါ၊ မောင်စပ်သမျှတော့ ကြိုက်တာချည်းပဲ၊ ဒါပေမဲ့ မမနွယ်က မောင့် ကတိကို မမေ့ဘူး၊ မောင် မိုးနတ်ဒေဝီအကြောင်း ကဗျာစပ်မလို့ဆို၊ စပ်မိရင်လည်း မမနွယ်ကို အရင်ပြမယ်ဆို"

သက်ခိုင်သည် မလေးနွယ်၏ မျက်လုံးများကို စူးစိုက်ကြည့်သည်။

မမနွယ်၏ မျက်လုံးများက ပြုံးကြည်ရယ်ရွှန်းနေ၏။

သက်ခိုင်သည် မိုးပြင်၊ ရေပြင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကြည့်မိပြန်သည်။

တစ်လောကလုံး ပြုံးကြည်ရယ်ရွှန်းနေ၏။

သက်ခိုင်က မလေးနွယ်၏ လက်ကလေးကို လွှတ်လိုက်ပြီးဆို၏။

ဆောင်း၌ တစ်လောကလုံးသည် ပြုံးကြည် ရယ်ရွှန်းမြဲပြစ်၏

"မမနွယ် နားထောင်ချင်တဲ့ မိုးနတ်ဒေဝီအတွက် ကဗျာ တစ်ပုဒ်ကိုပဲ မောင် ရွတ်ပြမယ်၊ မမနွယ် တကယ် နားထောင်မယ်နော်"

"ပိုလိုက်. . . ဝိလိုက်တဲ့ မောင်၊ နားထောင်ချင်ပါတယ်လို့ မမနွယ်က ဘယ်နှခါ သံတော်ဦးတင်ရဦးမှာလဲ"

"ဩော်. . . မမနွယ်ကလည်း စိတ်တိုနေပြန်ပြီ၊ ကဲပါလေ. . . မောင်ရွတ်ပြပ့ါမယ်၊ ကဗျာနာမည်ကတော့ မိုးနတ်ဒေဝီသို့ တောင်းပန်ချက်တဲ့"

"မောင် တောင်းပန်တာကို မောင့်မိုးနတ်ဒေဝီက ကြားမှာမို့လို့လား"

"ကြားမယ်ထင်လို့ စပ်ရတာပေါ့ မမနွယ်ရဲ့၊ မမနွယ်ကလည်း သိပ်အမေးအမြန်းထူတာပဲ"

"အင်းပါရှင်ရယ်. . . မမေးတော့ပါဘူး၊ ဆိုမှာသာဆိုပါ"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# HIV ပိုးကူးစက်ခံဝေဒနာရှင်များမှာ ART ဆေးဝါးရရှိရိက္ခာနှင့် အခြားအကူအညီများလိုအပ်နေ

**မော်လမြိုင် စက်တင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ HIV ရောဂါဖြစ်ပွားသူများအတွက် လစဉ် ART ဆေးဝါးများ အခမဲ့ရရှိနေသော်လည်း ဝေဒနာရှင်များ ရေရှည်ရပ်တည်နိုင်ရန်အတွက် ရိက္ခာနှင့်အခြားအကူအညီစောင့်ရှောက်မှုများ လိုအပ်နေသေးကြောင်း Myanmar Positive Group(MPG) ကွန်ရက်မြန်မာနိုင်ငံ HIV နှင့်နေထိုင်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဝေဒနာရှင်များအား လစဉ်ဆေးဝါးများ အခမဲ့ထုတ်ပေးနေသည့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့အပြင် နိုင်ငံတကာအရပ်ဘက်လူမှုအဖွဲ့အစည်း ပြည်တွင်းမော်လမြိုင် အခြေစိုက်အဖွဲ့တို့မှ ပူးပေါင်းချိတ်ဆက်ကာ ART ဆေးများပေးနေကြောင်း သိရသည်။

ART ဆေးဝါးအားကူညီပံ့ပိုးပေးနေသော ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် Consortium ART Program ဆေးတိုက်ကျွေးခြင်းလုပ်ငန်း IOM, AFXB နိုင်ငံတကာ အရပ်ဘက်လူမှု အဖွဲ့အစည်းတို့က HIV ဝေဒနာရှင်များအတွက် ART ဆေးဝါးများကို အဓိကထောက်ပံ့ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ကြပြီး ART ဆေးဝါးများကို ဆရာဝန်များ၏ လမ်းညွှန်ချက်များအတိုင်း ပုံမှန်သောက်သုံးနေပါက အခြားလူများနည်းတူ သာမန်လူတစ်ယောက်လို ကျန်းမာရေးကောင်းမွန်ပြီး လူ့သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ကြောင်း Consortium ART Program ဆေးတိုက်ကျွေးခြင်းလုပ်ငန်းမှ ဒေါက်တာမောင်မောင်လေးက ပြောသည်။

အဆိုပါ HIV ဝေဒနာရှင်များအတွက် နိုင်ငံတကာပြည်တွင်း မော်လမြိုင်အခြေအစိုက် အရပ်ဘက် ကဲရ်မြန်မာ မာရီစတုပ်အင်တာနေရှင်နယ်မြန်မာ MPG AFXB IOM အဖွဲ့တို့ကလည်း ဝေဒနာရှင်များရှိရာ အရပ်ဒေသများအထိ အိမ်တွင်းအခြေပြုစောင့်ရှောက်ပေးနေခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း ကာလသားရောဂါများ ကုသရေးတို့အတွက် ဆေးရုံသို့ သက်ဆိုင်သော ရောဂါများအလိုက် လူနာများကို လွှဲပြောင်းပေးနေရကြောင်း ၎င်းက ပြောသည်။

နိုင်ငံတကာလူမှုအဖွဲ့အစည်းများ မြန်မာနိုင်ငံသူနာနှင့် သားဖွားအသင်းက HIV ဝေဒနာရှင်များအတွက် ရိက္ခာထောက်ပံ့မှုများကို သတ်မှတ်ဇရိယာအတွင်းခန့်သာ ပေးဆောင်နေသဖြင့် အချို့သော HIV ဝေဒနာရှင်များမှာ ကျိုက်မရောမြို့နယ် ချောင်းဆုံမြို့နယ်တွင် ART ဆေးဝါးကို ပုံမှန်ရရှိနေသော်လည်း အခြားရိက္ခာ အထောက်အပံ့များနှင့်အခြား အကူအညီများပေးနိုင်ရန် အဖွဲ့အစည်းများ လိုအပ်နေသေးကြောင်း သိရသည်။

ထို့အပြင် မွန်ပြည်နယ်မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်တွင် MPG မှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသအတွင်းမှ HIVလူနာများအခမဲ့ တည်းခိုခွင့်ပေးထားသော်လည်း ထိုလူနာများ အနေဖြင့် ၎င်းတို့အစီစဉ်ဖြင့်စားသောက်နေရကြောင်း၊ လူနာစောင့်မရှိသည့် လူနာများလည်း ရှိကြောင်း သိရသည်။

ယင်းအပြင် သောက်သုံးရေမှာ ရေကောင်းရေသန့်မရရှိကြကြောင်း၊ ဆေးရုံမှ ART ဆေးဝါးများ သွားရောက်ထုတ်ယူရာတွင်လည်း သွားလာဖို့ ယာဉ်အခက်အခဲများနဲ့ ကြုံတွေ့နေရကြောင်း၊ လူနာများ သေဆုံးသွားသည့်အခါတွင်လည်း အသုံးဆောင်ပစ္စည်းများကို တစ်ပါတည်း ထည့်ပေးလိုက်ရသည့်အတွက် နောက်လူနာများကိုပါ အသုံးဆောင်ပစ္စည်းများမှာ အခက်အခဲဖြစ်နေကြောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံ ပြင်ပဌာနတွင် ART ဆေးများသွားရောက်ထုတ်ယူရသည့်အခါ ဝေဒနာရှင်များမှာ အရေအတွက်များပြားလာသဖြင့် လတ်တလော အခြေအနေမှာ နေရာနားခိုနေထိုင်ရာအထိုင်အခင်းများ မလုံလောက်၍ အခက်အခဲနဲ့လည်းကြုံတွေ့နေရကြောင်း ART ဆေးဝါးများကို ထုတ်ယူရရှိနိုင်ရန် ကူညီဆောင်ရွက်လုပ်ကိုင်နေကြသည့် လူမှုအဖွဲ့အစည်း MPG မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အများဆုံး HIV ရောဂါကူးစက်ခံရသူအများအပြားမှာ တစ်ဖက်နိုင်ငံသို့ နယ်စပ်မြို့များမှ ဖြတ်ကျော်ဝင်ရောက်ကာ ရွှေ့ပြောင်းလုပ်သား လုပ်ကိုင်နေသူများမှ ဖြစ်ပွားမှုနှုန်းထားပိုမိုမြင့်မားနေပြီး အမျိုးသားများထက် အမျိုးသမီးများမှာ ရောဂါကူးစက်ခံနေရကြောင်း၊ ယင်းတို့၏အသက်မှာ ၁၀ ကျော်သက်မှ အသက် ၄၅နှစ်အကြားထိဖြစ်ပွားနေကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်များမှတစ်ဆင့် ကူးစက်ခံရသည့် ကလေးသူငယ်များမှာ အနည်းငယ်လောက်သာရှိပြီး အဆိုပါရွှေ့ပြောင်းလုပ်ကိုင်နေသူများအထဲမှ လိင်တူဆက်ဆံရေးအပျော်အပါးလိုက်စားသူများတွင် ၁၀ ဦးခန့်ကို ရောဂါရှာဖွေစမ်းသပ်ကြည့်ရာမှ ပျမ်းမျှ သုံးဦးလောက်မှာ ရောဂါပိုးရှိကူးစက်ခံရသူရှိသည်ဟု အဆိုပါလူမှုအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။

HIVရောဂါဝေဒနာရှင်များခံစားနေရသူအများစုမှာ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းအတွင်း ဘဝရှင်သန်ဆက်လက်ရပ်တည်နိုင်ရန်အတွက် လက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်အပြုအမူပြောင်းလဲဖို့စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများအတွက် ဘဝပိုမိုလုံခြုံစိတ်ချရဖို့ ရေရှည်တွင်များစွာထိရောက်မှုအကူအညီရ ရှိကြရန် မျှော်လင့်ထားရှိကြကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**



# ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတွင် နိုင်ငံတကာအဆင့်မီ မန္တလေးကွန်ဗင်းရှင်းစင်တာတည်ဆောက်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း (၆၉) လမ်းနှင့် (၇၃) လမ်းကြားတွင် နိုင်ငံတကာအဆင့်မီ မန္တလေးကွန်ဗင်းရှင်းစင်တာကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ကာ MIDG Co.Ltd က ရင်းနှီးမြှုပ်နှံကာ မြေ ၂ ဒသမ ၃၆ ဧကတွင် စုစုပေါင်းတန်ဖိုးငွေ ၂၉ ဘီလီယံ ကုန်ကျခံကာ တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးကွန်ဗင်းရှင်းစင်တာသည် အလျား ၃၆၈ ပေ× အနံပေ ၃၀၀ ရှိပြီး ကွန်ကရစ်နှင့် သံပေါင်လေးထပ်အဆောက်အအုံအမျိုးအစားဖြစ်ကာ လူဦးရေ ၄၅၀၀ ဆံ့ ပင်မခန်းမတစ်ခု၊ လူဦးရေ ၁၄၀၀ ဆံ့ မင်္ဂလာနှင့် ပြပွဲခန်းမတစ်ခု၊ လူဦးရေ ၂၆၄ ဦးဆံ့ ကွန်ဖရင့်ခန်းမတစ်ခု၊ VIP နှင့် အစည်းအဝေးခန်းမငယ် ခြောက်ခု၊ ဗဟိုလေအေးပေးစက်စနစ်၊ လေထုတ်စနစ်၊ အသံစနစ်၊ မြေအောက်ယာဉ်ရပ်နားစခန်း၊ မြေအောက်လမ်းများပါဝင်သည်။

ဒုတိယအဆင့်အနေဖြင့် အခန်း ၂၀၀ ပါ ၁၂ ထပ် ဟိုတယ်တစ်လုံး၊ ၁၆ ထပ် တာဝါတစ်ခု၊ ၁၈ ထပ် ကွန်ဒိုမီနီယံနှစ်လုံး၊ လေးထပ် ဈေးဝယ်စင်တာတစ်ခုကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



မကွေးတိုင်းဒေသကြီး မြိုင်မြို့အမှတ် ၃ ရပ်ကွက် ပြည်သာယာလမ်းအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၅–၂၀၁၆ ခုနှစ်ခွင့်ပြုရုံပုံငွေဖြင့် အမှတ် ၃ ရပ်ကွက် ပြည်သာယာလမ်းအရှည်ပေ၄၀၀ ရှိလမ်းအကျယ် ၁၂ ပေတို့ဖြင့် ၄× ၂ကျောက်များခင်းခြင်း လုပ်ငန်းကိုဆောင်ရွက်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - စိန်မြိုင် (မြိုင်) ၁၀၀

# လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ဖွင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၂၄**

ပဲခူးမြို့ သီရိဟံသာခန်းမ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူး၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေး ဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဘောဘီအုန်းက အဖွင့်အမှာစကားပြောကြားရာ လူ့အခွင့်အရေးသည် လူသားတိုင်းနှင့် သက်ဆိုင်ပြီး တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ခံစားကျင့်သုံးခွင့်ရှိကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ သိရှိကြရန် လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာကြရန်လည်း အလွန်အရေးကြီးကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လူ့အခွင့်အရေးဆိုင်ရာ အယူအဆများနှင့် သမိုင်းကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ပါရီအခြေခံမှုများနှင့် မြန်မာနိုင်ငံသား လူ့အခွင့်အရေးကော်မရှင်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ မြန်မာနိုင်ငံ အမျိုးသားလူထုအခွင့်အရေးကော်မရှင်ဥပဒေ၊ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း စသည့် လူတိုင်းသိထားသင့်သည့် ဘာသာရပ်များ ဆွေးနွေးပို့ချကြောင်း သိရသည်။

ယင်းအလုပ်ရုံသင်တန်းအား စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ဖွင့်လှစ်ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးအဆင့်အရာထမ်းများ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၅၈၈)**

# ပလတ်စတစ် ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချရေးဟောပြော

**မြင်းခြံ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ မဏိဋ္ဌနာခန်းမတွင် ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)သုံးစွဲမှုလျှော့ချရေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်ကကြွပ်ကြွပ်အိတ်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများဖြစ်သော ကျန်းမာရေးထိခိုက်မှုများ၊ ကြွပ်ကြွပ်အိတ် အစားအခြားထည့်စရာ ပစ္စည်းများ ဖြစ်သော အင်ဖက်၊ စက္ကူအိတ်များသုံးစွဲရေး၊ မဖြစ်မနေအသုံးပြုပါက ၎င်းအိတ်များကို ပြန်လည်သုံးစွဲနိုင်အောင် ထားရှိရေး၊ မြင်းခြံမြို့လမ်းဘေးရှိကြွပ်ကြွပ်အိတ်အမှိုက်များကို ဌာနဆိုင်ရာဝန်ထမ်းများကလိုက်လံကောက်ယူရှင်းလင်းခဲ့ပုံများ၊ အသုံးမပြုတော့သည့် ကြွပ်ကြွပ်အိတ်များကို စနစ်တကျ ထုပ်ပိုးစွန့်ပစ် ဖျက်ဆီးရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးတင်မြင့်က အမှိုက်များသိမ်းဆည်းခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ တစ်နေ့တာထွက်ရှိသည့်အမှိုက်များကို မြို့နှင့်ဝေးကွာသည့်နေရာသို့ စွန့်ပစ်ခြင်းအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ အကြောင်းကို ပြောကြားခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်နှင့် အသက်ဆုံးရှုံးမှုများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဟောပြောပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ချင်းတွင်းမြစ်ရေတက်လာခြင်းကြောင့် ယာယီပိတ်ထားသည့်ကျောင်းများပြန်ဖွင့်

**ရေစကြို စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီးရေစကြိုမြို့တွင် စက်တင်ဘာလအတွင်း ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေများစိုးရိမ်ရေအမှတ်ထက် ကျော်လွန်မြင့်တက်လာခြင်းကြောင့်မြစ်ရေဝင် အခြေခံပညာကျောင်း ၅၅ ကျောင်းယာယီ ပိတ်ထားခဲ့ရသည်။

ယခုအခါ ချင်းတွင်းမြစ်ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် စက်တင်ဘာ ၂၂ ရက်တွင် ကျောင်းပေါင်း ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျန်ရှိကျောင်းများလည်း မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ မြစ်ရေဝင်ရောက်မှုကြောင့်ယာယီပိတ်ထားရသော ကျောင်းပိတ်ရက်များအစား ကျောင်းတက်ရက်အစားထိုးဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တံတားဦးမြို့သာလမ်းဘေးရှိ အော်ဂဲနစ်သစ်သီးများရောင်းဝယ်မှုကောင်း

**တံတားဦး စက်တင်ဘာ ၂၄**

တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာနှင့် အနီးတစ်ဝိုက်မှတောင်သူများမှ နှစ်စဉ်ရာသီပေါ် သစ်သီးသစ်နှံများကို ကိုယ်တိုင်လာရောက်ရောင်းချကြသည့် အော်ဂဲနစ်ဈေးအတွင်း အသီးအနှံများ ရောင်းဝယ်မှုကောင်းလာကြောင်းသိရသည်။

တံတားဦးမြို့သာလမ်းမှ သူငယ်တော်ရွာဘက်သို့သွားသည့် လမ်းထိပ်၌နေ့လယ်ပိုင်းမှစတင်ရောင်းချကြပြီး သစ်သီးသစ်နှံအများစုမှာ ပိုးသတ်ဆေးသုံးစွဲခြင်းမပြုသည့် သစ်သီးသစ်နှံများပင်ဖြစ်ခြင်းကြောင့် လာရောက်ဝယ်ယူမှုများကြောင်းသိရသည်။

"တစ်နှစ်ပတ်လုံးရောင်းချတဲ့ ဈေးမဟုတ်ပါဘူး။ ရာသီပေါ်သစ်သီးသစ်နှံတွေ ပေါ်လာမှသာ ဒီနားရွာက တောင်သူများကိုယ်တိုင် လမ်းဘေးအပင်ကြီးများရဲ့ အရိပ်အောက်တွေမှာ လာရောင်းကြတာပါ။ ဒီဈေးမှာ အများစုဝယ်တာက တံတားဦးမြို့သာလမ်းက သွားလာကြသော ခရီးသွားဧည့်သည်တွေနဲ့ ဒေသခံတွေက လက်ဆက်တဲ့ သစ်သီးသစ်နှံများကို အားထားဝယ်ယူကြတာပါ"ဟု အဆိုပါဈေးသို့ လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

စိုက်ပျိုးသူတောင်သူများကိုယ်တိုင် လာရောက်ရောင်းချသည့်အတွက် ဈေးနှုန်းချိုသာပြီး အထူးသဖြင့် ဝါခေါင်လမှစတင်ကာ ရောင်းချကြကာ ဒေသထွက် ဘူးသီး၊ ခရမ်းသီး၊ ရွှေဖရုံကြီး၊ သခွားသီး၊ ချည်ပေါင်ရွက်မှစကာ အခြားသီးနှံမျိုးစုံရောင်းချကြသည်။

နောက်ပိုင်းလများတွင် တံတားဦးနယ်ထွက် ပဲမြစ်ဈေးသည်များဖြင့် စည်ကားလာလေ့ရှိပြီး လက်ရှိကာလတွင် အဆိုပါဈေးသည်များထံမှ ခရီးသွားကားများမှလည်း ကားရပ်ကာ ဝယ်ယူမှုများရှိကြောင်း သိရသည်။

**တိမ်တမန်**

## ကလေးသူငယ်အရွယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပွဲပိုးရေး ဆွေးနွေး

**မုံရွာ စက်တင်ဘာ ၂၄**

ရှေးဦးကလေးသူငယ်အရွယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေး ပွဲပိုးရေးနှင့် ပြုစုပျိုးထောင်ရေး ECI ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက် မြန်မာနှင့် TLM (မြန်မာ)တို့ ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီဟိုတယ်တွင် စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း တက်ရောက်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက ECI ဝန်ဆောင်မှုများနှင့် ECI အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

"ECIဝန်ဆောင်မှုများကတော့ တိုင်းဒေသကြီးအတွင်းရှိ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေမှာ ဦးနှောက်ဖွံ့ဖြိုးမှုနှေးကွေးတဲ့ ကလေးငယ်တွေကို တတ်ကျွမ်းနားလည်တဲ့သူတွေ၊ မိဘတွေနဲ့ပူးပေါင်းပြီး ဦးနှောက်ပုံမှန်ဖွံ့ဖြိုးဖို့အတွက် လုပ်ဆောင်ပေးမဲ့အစီအစဉ်ပါ၊ အဲဒီအစီအစဉ်အတွက် ဒီနေ့ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပတာပါ။

အခုဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များရဲ့ ဒေသအမြင်တွေနဲ့ ပါဝင်ဆွေးနွေးတဲ့အကြံဉာဏ်တွေကိုရယူပြီး အမျိုးသားအဆင့်ဆွေးနွေးပွဲမှာ ထပ်မံထည့်သွင်းမှာဖြစ်တဲ့အတွက် အခုလိုအလုပ်ရုံဆွေးနွေးပွဲကျင်းပတာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် အထွေထွေလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ကျေးလက်ဒေသများရှိ ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ၁၀ နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မွေးကင်းစအရွယ်မှ အသက်သုံးနှစ်အရွယ်အတွင်းရှိ ကလေးသူငယ်တွေမှာ ဦးနှောက်ဖွံ့ ဖြိုးမှု ၈၀ ရာခိုင်နှုန်းရှိတယ်။ အသက်ငါးနှစ်လောက်ဆိုရင်တော့ ဦးနှောက်ဖွံ့ဖြိုးမှုနှေးလာမယ်။ အဲဒီအရွယ်မှဦးနှောက်ဖွံ့ဖြိုးမှု နည်းတယ်ဆိုတာ သိရင်တော့ပြုပြင်လို့မရတော့ပါဘူး။ မွေးကင်းစအရွယ်မှ အသက်သုံးနှစ်အတွင်းမှာရှိတဲ့ ကလေးသူငယ်တွေ ဉာဏ်ရည်နိမ့်ကျနေမယ်ဆိုရင် ပြန်ပြီးပြုစုပျိုးထောင်ပေးလို့ရပါတယ်။

"မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ငါးရာခိုင်နှုန်းသာ တက္ကသိုလ်ဝင်တန်းအောင်တဲ့အတွက် အခုအစီအစဉ်သာ အကောင်အထည်ဖော်အောင်မြင်ရင် ကျေးလက်နေ ကလေးသူငယ်တွေ အသိဉာဏ်ပညာတွေတိုးတက်လာပြီး မြန်မာနိုင်ငံ၏ ပညာတတ်မှုနှုန်းလည်း မြင့်မားလာမယ်၊ မြို့နေကလေးသူငယ်တွေနည်းတူ ကျေးလက်နေကလေးသူငယ်တွေလည်း အသိဉာဏ် ပညာတွေ ဖွံ့ဖြိုးတိုးတက်လာမှာပါ။

"အခုအစီအစဉ်မှာ ပထမခြေလှမ်းအဖြစ် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်မလဲဆိုတာတွေ ဆွေးနွေးမယ်။ ၂၀၁၆ နှစ်ကုန်ပိုင်း လောက်မှာ စီမံကိန်းမှူးတွေကို စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ထားရှိမယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒေသအလိုက်ထားရှိမယ်။

၂၀၁၅ ခုနှစ်မှာတော့ မြို့နယ်အဆင့်တွေမှာထားရှိပြီး အကောင်အထည်ဖော်နေမယ်။ အဲဒီမြို့နယ်တွေက စီမံကိန်းမှူးတွေနဲ့ မိဘတွေနဲ့ပူးပေါင်းပြီး အခုစီမံကိန်းကို အကောင်အထည်ဖော်မှာပါ"ဟု ယူနီဆက်မြန်မာမှ ပြည်တွင်း အကြံပေး ဦးသိန်းအုပ်စိန်က ပြောသည်။

အဆိုပါ ရှေးဦးကလေးသူငယ်အရွယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပွဲပိုးရေးနှင့် ပြုစုပျိုးထောင်ရေး ECI ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်ကျင်းပခဲ့ပြီး ယခုစတုတ္ထအကြိမ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျောက်ပန်းတောင်းတွင် လမ်းသားချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းများဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွာမွန်-ဇီးဖြူကုန်းလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရေကျော်တည်ဆောက်ခြင်းနှင့် ရန်-ပြည်-မန်းလမ်းမကြီးတွင် ကတ္တရာလမ်းသားချဲ့ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရံပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြည်သူများလမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် ကတ္တရာလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့်လမ်းသားချဲ့ခြင်း၊ လိုအပ်သည့်နေရာများတွင် ရေကျော်တံတားများ တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရွာမွန်-ဇီးဖြူကုန်းလမ်းပိုင်း မိုင်တိုင်(၁၉/၀)နှင့်(၂၀/၅)အတွင်းတွင် ၁၈ ပေအကျယ်ရှိ ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းနှင့် ဇီးဖြူကုန်းရေကျော် ၃၆၀ ပေပြုလုပ်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၃၁ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်-ပြည်-မန္တလေးလမ်း (ကျောက်ပန်းတောင်း-မြင်းခြံ) လမ်းပိုင်း မိုင်တိုင် ၄၀၈/၀ မှ ၄၂၀/၀ အတွင်းမူလလမ်းသား ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ခြင်းလုပ်ငန်းများကိုလည်း တင်ဒါစနစ်ဖြင့် ကုမ္ပဏီများအား အပိုင်းလိုက်ခွဲဝေ တာဝန်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## သစ်တောများပြုန်းတီးမှုသက်သာစေရန် ထင်းမီးသွေးထုတ်လုပ်သုံးစွဲမှုလျှော့ချသင့်

**ရေတာရှည် စက်တင်ဘာ ၂၄**

တရားမဝင်သစ်ထုတ်လုပ်မှုနှင့် ထင်းမီးသွေးသုံးစွဲမှုမြင့်တက်လာခြင်းကြောင့် သစ်တောများ အဓိကပြုန်းတီးလျက်ရှိပြီး ယခုနောက်ပိုင်း ထင်းမီးသွေးထုတ်လုပ်ရောင်းချတို့မှာ ယခင်ကထက်ပင် ပိုမို များပြားလာသည့်အတွက် ထင်းမီးသွေးထုတ်လုပ်သုံးစွဲမှု လျှော့ချသုံးစွဲသင့်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမြင်ကို ကျွမ်းကျင်သူတစ်ဦးက အကြံပြုပြောသည်။

သစ်တောကြိုးဝိုင်းဒေသများတွင် အခြေချနေထိုင်သူအများစုမှာ အခြေခံလူတန်းစားများဖြစ်ကာ သစ်တောကိုမှီခို၍ သစ်ခုတ်ခြင်း၊ ဝါးခုတ်ခြင်းနှင့် ထင်းမီးသွေးဖုတ်ခြင်းတို့သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ်လုပ်ကိုင်လျက်ရှိကြသည်။

"ကျွန်တော်တို့က ယူစားပြီးပြန်မပေးတဲ့သူတွေလိုဖြစ်နေတာ။ သစ်တောတွေကထွက်တဲ့ သယံဇာတကိုမှီခိုစားသုံးတယ်။ ဒါပေမယ့် အစားထိုးပြန်လည်ပြုပြင်တာကနည်းပါးလွန်းတော့ နှစ်တွေရှည်ကြာလာတာနဲ့အမျှ သစ်တောတွေပြုန်းတီးကုန်တာ အားလုံးအမြင်ပဲလေ။ အခုဖြစ်ပျက်နေတဲ့ ရေကြီးတာတို့ တောင်ပြိုတာတို့ဆိုတာ သဘာဝသစ်တောတွေပြုန်းတီးတယ်၊ ဂေဟစနစ်တွေပျက်ယွင်းတဲ့ဒဏ်ကို ပြန်ခံစားနေရတာလို့ပဲမြင်တယ်" ဟု အဆိုပါသဘာဝပတ်ဝန်းကျင်ဆိုင်ရာအမြင်ကို ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

သစ်ထုတ်လုပ်မှုမှာ သက်ဆိုင်ရာဌာနများ၏ စည်း ကမ်းတင်းကြပ်စွာကျပ်မတ်လာမှုကြောင့် သစ်ထုတ်လုပ်မှုလျော့နည်းကျဆင်းသွားသော်လည်း ထင်းမီးသွေးထုတ်လုပ်မှုလုပ်ငန်းများ လျော့ကျရေးအတွက် တာဝန်ရှိသူများ က ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း အထက်ပါ ကျွမ်းကျင်သူကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ကရင်ပြည်နယ်၌ ရေဘေးကြုံတွေ့နိုင်သော ဒေသများတွင် ရေဘေးဇာတ်တိုက်လေ့ကျင့်

**ဘားအံ စက်တင်ဘာ ၂၄**

CDA (လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း)အဖွဲ့နှင့် ပူးပေါင်း၍ကရင်ပြည်နယ်အတွင်း နှစ်စဉ်ရေဘေးကြုံတွေ့ရလေ့ရှိသော ဘားအံမြို့နယ် ခရဲကမ်းနားကျေးရွာ၌ ရေဘေးဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာ ၂၁ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ရေဘေးကြုံတွေ့နိုင်သောဒေသများတွင် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆောင်ရန်၊ ရှောင်ရန် အသိပညာများ ဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ကရင်ပြည်နယ်ကယ် ဆယ်ရေးဦးစီးမှူး ဒေါ်ဖြူဖြူဝင်း၊ ခရဲကမ်းနားကျေးရွာနှင့် ဂျိုင်းကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ CDA(လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း) အဖွဲ့မှ တာဝန်ခံ ဦးအောင်လှိုင်ဦး၊ ဘားအံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ကျေးရွာပြည်သူ ၁၅၀ ခန့် ပါဝင်ခဲ့သည်။

ရေဘေးဖြစ်ပွားပါက ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခြင်း၊ ရေစီးတွင်မျောပါသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးသူနာပြုစုနည်းများဖြင့် သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ်တွင် ယခုဇာတ်တိုက်လေ့ကျင့်မှုမှာ ခြောက်ကြိမ်မြောက်ဖြစ်ပြီး ကျန်ရှိသည့် CDA အဖွဲ့၏ စီမံချက်ဝင် ကျေးရွာ ၂၀ တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**



## ခင်ဦးမြို့နယ်တွင် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး

**ခင်ဦး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာ ၁၈ ရက်က အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစာသင်ကျောင်း၌ ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ရှိခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မြိတ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**မြိတ် စက်တင်ဘာ ၂၄**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာအရောက် သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပင်းအိုကျေးရွာအုပ်စု၊ ပင်းအိုကျေးရွာ အရှေ့ကျောင်းဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ ဖန်စီသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပင်းအိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ဒေသခံပြည်သူများနှင့် သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်လူမှုဘဝမြှင့်တင်ရေးအတွက် အထောက်အကူပြုသင်တန်းပေးခြင်း လုပ်ငန်းတာဝန်ကို အကောက်အထည်ဖော်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် လုပ်ဆောင်ခြင်းဖြင့် မိသားစုဝင်ငွေကို အထောက်အကူရစေခြင်း၊ စီးပွားဖြစ်လုပ်ဆောင်ခြင်းဖြင့် ဈေးကွက်ရရှိလာပါက အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလာနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်၍ အသက်မွေးမှုပညာသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းတံတားဆောက်လုပ်ပြုပြင်ခြင်း၊ ရေရရှိရေး၊ မီးလင်းရေး၊ အိမ်ရာလုပ်ငန်းများ၊ ကျန်းမာရေးနှင့်ညီညွတ်တဲ့ ကျေးလက်အိမ်သာတည်ဆောက်ပေးခြင်းနှင့် ကျေးလက်နေ အမျိုးသမီးလေးများ၏ လူမှုဘဝ မြှင့်တင်ရေးအတွက် အခြေခံအသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မြိတ်မြို့ နယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခဲ့ရာ ဇူလိုင်လအတွင်းက တုံးပျောကြီးကျေးရွာအုပ်စုတွင် အခြေခံလက်သမား၊ ပန်းရန်သင်တန်းသို့ သင်တန်းသား ၇၀ ဦး၊ စန္ဒဝတ်ကျေးရွာအုပ်စုတွင် အခြေခံလက်သမား၊ ပန်းရန်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၀၊ စက်တင်ဘာလတွင် ကျောက်ဖျာကျေးရွာ အုပ်စုတွင် အိမ်တွင်းမှုသင်တန်း ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ ဖန်စီလုပ်ငန်းသင်တန်းသို့ သင်တန်းသူ ၄၄ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၄ ဦးတို့တက်ရောက်သင်ကြားခဲ့သည်။

ယခုအခါ ပင်းအိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အိမ်တွင်းမှုသင်တန်း ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ ဖန်စီ လုပ်ငန်းသင်တန်းသို့ သင်တန်းသူ ၄၀ ဦးတို့အား စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ရက်အထိ ၁၀ ရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# စတော့အိတ်ချိန်းဒီဇင်ဘာလတွင်ဖွင့်လှစ်ရန်ပြင်ဆင်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဟိုတယ်မန္တလေးခန်းမတွင် စက်တင်ဘာ ၂၁ရက် နံနက် ၉ နာရီခွဲက စတော့အိတ်ချိန်းဖွင့်လှစ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့သည်။

ရှင်းလင်းပွဲသို့ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ အာမခံကုမ္ပဏီ ၁၂ ခုမှ မန်နေဂျာများ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဥပဒေရေးရာ ပညာရှင်များ၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊ တက္ကသိုလ်များတွင် စီးပွားရေးပညာ လေ့လာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက စတော့အိတ်ချိန်း၏ သမိုင်းကြောင်း၊ စတော့အိတ်ချိန်းလုပ်ဆောင်ပုံ၊ ရန်ကုန် စတော့အိတ်ချိန်း ပေါ်ပေါက်လာပုံနှင့် ဖွဲ့စည်းမှု၊ အာဆီယံနိုင်ငံများနှင့်ကမ္ဘာ့နိုင်ငံများ၏ စတော့အိတ်ချိန်းအခြေအနေများအား ရှင်းလင်းပြောကြားပြီးတက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးစတော့အိတ်ချိန်းကို ရန်ကုန်မြို့တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ရန် ရည်ရွယ်ထားပြီး ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီခြောက်ခုဖွဲ့ စည်းထားပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် စီးပွားရေးပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ကြံတစ်ဆစ်ချင်းပျိုးထောင်စိုက်နည်းစနစ် တောင်တွင်းကြီး၌ ကွင်းသရုပ်ပြဆွေးနွေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ကြံတစ်ဧကတန် ၈၀ အထက်ထွက်ရှိမည့် ကြံတစ်ဆစ်ချင်းပျိုးထောင်စိုက်နည်းစနစ် ကွင်းသရုပ်ပြ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ကသာကျေးရွာ ကွင်းအမှတ် ၂၆၀၃ တောင်သူဦးဖိုးထောင်၏ နဝဒေးလေးမျိုးသုံးဧကစိုက်ခင်း၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြား၍ ကံလှသကြားစက်ရုံမှူး ဦးကျော်အောင်က ကြံဝယ်ယူရေး၊ သယ်ယူရေးကိစ္စရပ်များ၊ တောင်သူများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြောကြားခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က သိပ္ပံနည်းကျကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စိုက်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးရာ ကြံစိုက်တောင်သူများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး တက်ရောက်လာသူများက ကြံစိုက်ခင်းအား စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**၅၈၀**

# ခင်ဦးမြို့နယ်၌ ယခုနှစ် မိုးစပါး စိုက်ဧက လျာထားချက်ထက် ပြည့်မီကျော်လွန်

**ခင်ဦး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧကမှာ ၁၀၀၈၀၀ ဧက လျာထားရာ စိုက်ပျိုးပြီးစီးမှုမှာ ၁၀၀၈၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည့်အတွက် လျာထားချက် ပြည့်မီကျော်လွန်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးစပါးကို ရွှေဘိုပေါ်ဆန်းစပါး၊ ဧရာမင်းစပါး၊ ရွှေသွယ်ရင်စပါး၊ မနော်ဟရီစပါးတို့ကို အဓိကထားစိုက်ပျိုးခဲ့သည်။

ယခုအချိန်ထိ မိုးစပါးခင်းတွေကတော့ အားရကျေနပ်စရာ ကောင်းကြောင်း ရိတ်သိမ်းချိန်ထိ မိုးလေဝသကောင်းပြီး ပိုးမွှားအန္တရာယ်ကင်းပါက စပါးအထွက် ကောင်းမွန်နိုင်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

မိုးစပါး တစ်ဧကအထွက်တိုးရေးအတွက် တောင်သူများအား မြေဩဇာအချိန်ကိုက် အချိုးကျသုံးစွဲကြရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရေသွင်းရေထုတ်မှန်ကန်စွာ ထိန်းသိမ်းဆောင်ရွက်ကြရန် ကျေးရွာများသို့သွားရောက်ပြီး စိုက်ပျိုးရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ပြောကြားခဲ့သည်။

**ခင်ဦးစိုးဝေ**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်အနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာ 110'၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှမရှိသေးသောနေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက်နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန် ကောင်းသောနေရာ အချက်အချာကျ၊ ခြံစည်းရိုးခတ်ပြီး ရေမီးပါ။ ကျပ်သိန်း **(4300)**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
## ဦးတင်မောင် (ခ) ရှဲ့ကျုံးထီ
**(General Drugs House Company Limited)**
## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ (ဒေါ်ကြင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင် (General Paints & Chemicals Industries Company Limited)၊ ဦးရော်ဘင် (ခ) ဦးဝင်းအောင်-ဒေါ်စုနီ (TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (TWJS Company Limited)(Ever Seiko Company Limited)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး (TWJS Company Limited)(Oriental Orchid Company Limited)တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၂၃-၉-၂၀၁၅ ရက်တွင် ထိုင်းနိုင်ငံ Praram 9 Hospital ၌ ထိုင်းစံတော်ချိန် ည ၇း၂၂ နာရီတွင်ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးယဉ်ထွေး(အင်ဂျင်နီယာ) (၄၅)နှစ်
**AGTI(EC) 94**
**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၄-စီ)၊ အခန်း(၁၀၁)၊ သုမင်္ဂလာအိမ်ရာနေ [ဗိုလ်မှူးအမ်ဘူနိန်း(ငြိမ်း) (လက်ထောက်အထွေထွေမန်နေဂျာ/ မြန်မာ့မီးရထား)]-ဒေါ်စံသိန်းတို့၏သားငယ်၊ ဒေါ်ဘေဘီနွဲ့(ဆသရ-ငြိမ်း)၊ ဗိုလ်မှူးရာမြင့်(ငြိမ်း)၊ ဒေါ်ကိုင်ဗျန်၊ ဦးကိုကို-ဒေါ်မော်မော်နိုင်(ခေတ္တ-စင်ကာပူ)၊ ဒေါ်ရီရီနွယ်(ဌာနခွဲစာရေး-လဝက/နေပြည်တော်)တို့၏ညီ/မောင်၊ ဒေါ်ခိုင်ဇာမြင့်၏ခင်ပွန်း၊ မဖြူသီရိမွန်(Grade-9)၊ မသီရိနန္ဒာ(Grade-6)၊ မောင်ဖြိုးသီဟန် (Grade-1)တို့၏ချစ်လှစွာသောဖခင်သည် ၂၄-၉-၂၀၁၅ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၅(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ (၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ (ဒေါ်ကြင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(ခ)ဒေါ်စန်းစန်းဝင်း (TWJS Co.,Ltd)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (Ever Seiko and Living Square Co.,Ltd)၊ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(General Paints & Chemicals Industries Co.,Ltd) နှင့် ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး(TWJS Co.,Ltd+Oriental Orchid Co.,Ltd)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၂၃-၉-၂၀၁၅ ရက် ထိုင်းနိုင်ငံ Praram 9 Hospital ၌ ထိုင်းစံတော်ချိန် ည ၇း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Ever Seiko Co.,Ltd မှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်(ခ)ရှဲ့ကျုံးထီ (၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ (ဒေါ်ကြင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(ခ)ဒေါ်စန်းစန်းဝင်း (TWJS Co.,Ltd)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (Ever Seiko and Living Square Co.,Ltd)၊ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(General Paints & Chemicals Industries Co.,Ltd) နှင့် ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး(TWJS Co.,Ltd+Oriental Orchid Co.,Ltd)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၂၃-၉-၂၀၁၅ ရက် ထိုင်းနိုင်ငံ Praram 9 Hospital ၌ ထိုင်းစံတော်ချိန် ည ၇း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Living Square Co.,Ltd မှ ဝန်ထမ်းများ**

Hot Line No-0930500100

# (၆၆)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး တက်ရောက်

သတင်းစာမျက်နှာ » ၄

# ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး အကူအညီလိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား ဖြစ်နိုင်သမျှ အမြန်ဆုံး ကူညီဆောင်ရွက်ပေး

သတင်းစာမျက်နှာ » ၅

# နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နေသည့် သဲပန်းချီ

သတင်းစာမျက်နှာ » ၄



ဓာတ်ပုံ - အလင်းသစ်

## ယနေ့ မာတိကာ


၂၀၁၁ ခုနှစ်မှ ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် ခိုင်ခိုင်မာမာဖြစ်စေရေး တပ်မတော်အနေဖြင့် ပါဝင်ကူညီလုပ်ဆောင်နေ — စာမျက်နှာ » ၇

မီးလောင်မှုအချိန်ကြာမြင့်ခဲ့ပြီး ကျပ်သိန်းတစ်ထောင်ကျော်ဆုံးရှုံးခဲ့သည့် မင်္ဂလာဒုံ ကိုကာကိုလာကုန်ကြမ်း ဂိုဒေါင်မီးလောင် — စာမျက်နှာ » ၉

အက်စတွန်ဗီလာနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲကို ဘန်တီကီ လွဲချော်ဖွယ်ရှိ — စာမျက်နှာ » ၁၃


# စက်သုံးဆီဈေးကွက်နှင့်ဈေးကွက်အားပြိုင်မှု

သတင်းဆောင်းပါး - ခင်ရတနာ

နီယွန်မီးရောင်တွင် ဒီဇယ်ဆီများက ဆိုးဆေးတန်ခိုးကြောင့် ပတ္တမြားရောင် တလက်လက် တောက်ပနေသည်။

"အရင်လိုမရောင်းရတော့ဘူး သမီးရယ်။ လမ်းတစ်လျှောက် ဆီဆိုင်တွေ လက်ညှိုးထိုးမလွဲတော့ဘူး" ဟု အဘိုးအိုကပြောရင်း ဆီပုလင်းခွံအချို့ကို စွပ်ကျယ်အဟောင်းဖြင့် ပြောင်နေအောင် သုတ်နေသည်။ သူသည်ရေဆင်းတက္ကသိုလ်မှ အငြိမ်းစားတစ်ဦးဖြစ်ပြီး အသက် (၇၆) နှစ်အရွယ်မို့ ကိုယ်ပိုင်စွမ်းအားများ ကျဆင်းလျော့နည်းလာပြီဖြစ်ရာ စက်သုံးဆီ ၁၀ ပုလင်းကို ပျဉ်းမနားမြို့ စက်သုံးဆီအရောင်းဆိုင်တစ်ခုမှဝယ်ယူကာ ရန်ကုန်-မန္တလေးလမ်းဟောင်း သိုက်ချောင်းလမ်းဆုံအနီးတစ်နေရာတွင် ထင်းရှူးသေတ္တာပေါ်တင်ကာ ရောင်းချခြင်းဖြင့် ဝမ်းရေးကိုဖြေရှင်းနေရသူဖြစ်သည်။

တစ်ဆိုင်ပြီးတစ်ဆိုင်တိုးလာသည့် စက်သုံးဆီအရောင်းဆိုင်များကြောင့် လမ်းဘေးတရားမဝင် စက်သုံးဆီဆိုင်ကလေးများ ရပ်ဆိုင်းလုနီးပါးဒဏ်ကို သူလည်းခံစားရပုံပေါ်သည်။ သို့သော် သူရောင်းချသည်မှာ ညနေပိုင်းမှ ည၉နာရီပိုင်းဖြစ်၍ ဆိုင်ကယ်များနှင့် သုံးဘီးယာဉ်များသည်သာ သူ့အတွက် မျှော်လင့်စရာ။ ကံကောင်းလျှင် ရောင်းကုန်ပြီး ကံမကောင်းက သုံးပုလင်းခန့်သာ ရောင်းချရကြောင်း သူကပြောပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့







themirror.npt@gmail.com
www.facebook.com/themirrordaily

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို လိုက်နာရန်။

### မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်းပြုလုပ်ရမည်။

### မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

**မဲဆန္ဒရှင်တစ်ဦးသည် -**

(က) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ။

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ။

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ။

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရ။

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။


(ဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ။

(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ။

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ည) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**




**ရွေးကောက်ပွဲကျင်းပရန် ၄၄ ရက်သာ လိုတော့သည်။**

# မွန်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မွန်အမျိုးသားပါတီအထွေထွေအတွင်းရေးမှူး နိုင်လယိတမက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျား -**

**ချစ်ခင်လေးစားအပ်ပါသော မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

ကျွန်တော်ကတော့ မွန်အမျိုးသားပါတီအထွေထွေအတွင်းရေးမှူး နိုင်လယိတမ ဖြစ်ပါတယ်။ လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီအနေနဲ့ မွန်ပြည်နယ်မဲဆန္ဒနယ်မှာ ၃၄ နေရာ၊ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ ၁၄ နေရာ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မှာ ငါးနေရာ စုစုပေါင်း ၅၃ နေရာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်အမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားတွေကတော့ -

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအပြည့်အဝရရှိခံစားရန်။

၂။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်။

၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည်တံ့ရန်။

၄။ စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရန်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးဆောင်ရွက်သွားရန်။

၆။ ပြည်သူလူထုအား ဖိစီးနှိပ်စက်သော မည်သည့်အာဏာရှင်စနစ်မျိုးမဆို မည်သည့်အခါမျှ မပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

၇။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ကဏ္ဍအသီးသီးတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှုအပေါ် အခြေခံလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

အထက်ပါနိုင်ငံရေးမူဝါဒသဘောထားများကို ဖော်ဆောင်နိုင်ရန်အတွက် မွန်အမျိုးသား ပါတီအနေနဲ့ ကြွေးကြော်သံ (၃)ရပ်ချမှတ်ပြီး ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒါတွေကတော့

၁။ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးအင်အားစုများ ဟန်ချက်ညီစွာ နိုင်ငံရေး ဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန် (သို့) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်။

၃။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော စစ်မှန်သော မွန်ပြည်နယ်ပေါ်ထွန်းရန်တို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့

"အမျိုးသားတန်းတူရေးကို ဖော်ဆောင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးကြပါစို့"

"၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ဖို့ မွန်အမျိုးသားပါတီကို မဲပေးကြပါစို့"

("ဟင်္သာအားမာန် မိုးယံဖောက်တက် ကြယ်ဖြူထက်သို့")၂ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲပေးပုံအဆင့်ဆင့်

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။

၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။

၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။

၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျှို့ဝှက်မဲပေးခန်း(သို့) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏အမည်နှင့် တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။

၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကိုခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။

၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ်ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော်အမတ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

### မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကိုခေါ်ပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊

(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊



### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က) သာသနာ့ဝန်ထမ်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

# ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**




လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးအပါအဝင် အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရွှင်လန်းကြပါစေကြောင်း မေတ္တာပို့သအပ်ပါသည်။ ကျွန်တော်သည် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင်ဖြစ်ပါသည်။ ယခုကဲ့သို့ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှာ မိမိတို့၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ဟောပြောတင်ပြခွင့်ပြုသည့်အတွက် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။

ကျွန်တော်တို့ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီသည် ပြည်သူ့ဆန္ဒကို လေးစားလိုက်နာသော၊ အချုပ်အခြာအာဏာသုံးရပ်သည် ပြည်သူလူထု၌သာ တည်ရှိခြင်းကိုလက်ခံသော၊ ပြည်သူလူထုက လွတ်လပ်စွာ ရွေးကောက်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များကသာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် ကဏ္ဍများကို ဖော်ဆောင်ပေးရမည်ဖြစ်သည့် အချက်အလက်များကို လက်ခံလိုက်နာကျင့်သုံးသော ပါတီတစ်ခုဖြစ်၍ **“ဒီမိုကရက်တစ်ပါတီ”**ဟုခေါ်ပါသည်။ ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### (က)ပါတီ၏ မူဝါဒသဘောထားအချက်များ

(၁) ပါတီ၏ရည်မှန်းချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မပြိုကွဲရေး၊

(၂) ပါတီ၏ရည်မှန်းချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) ပါတီ၏ရည်မှန်းချက်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အချုပ်အခြာအာဏာသုံးရပ်သည် ပြည်သူလူထု၌သာ အစဉ်အမြဲတည်ရှိရေး၊

(၄) ပါတီသည် တိုင်းရင်းသားများနှင့် ပြည်သူလူထုတစ်ရပ်လုံးတို့မှ လက်ခံနိုင်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုတစ်ခု ပေါ်ထွန်းရေးကို မျှော်မှန်းဖော်ဆောင်ရန်၊

(၅) ပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထုတစ်ရပ်လုံး အောက်ပါအခွင့်အရေးများ လက်တွေ့ခံစားနိုင်အောင် ရည်မှန်းပါသည်-

- ၁။ တရားမျှတမှု (JUSTIC)၊
- ၂။ ညီမျှမှု (EQUALITY)၊
- ၃။ လွတ်လပ်မှု (FREEDOM)၊
- ၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (SELF-DETERMINATION)၊
- ၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (SELF-ADMINISTRATION)၊
- ၆။ လူ့အခွင့်အရေး (HUMAN RIGHTS)၊
- ၇။ ဒီမိုကရေစီအခွင့်အရေး (DEMOCRATIC RIGHTS)၊

(၆) ပါတီ၏ ရည်မှန်းချက်သည်-

(က) **လယ်ယာခြံမြေပိုင်ဆိုင်ခွင့် မျှတမှုဖော်ဆောင်မည်။** လယ်လုပ်သူတိုင်း လယ်ပိုင်ရမည်။ ယာလုပ်သူတိုင်း ယာပိုင်ရမည်။ လယ်ယာခြံမြေများကို အခွင့်ထူးခံစားသူတစ်ဦးတည်းက၊ လူတစ်စုတည်းက၊ အဖွဲ့အစည်းတစ်ဖွဲ့တည်းက သို့မဟုတ် ကုမ္ပဏီအချို့ကသာ ပိုင်ဆိုင်ခွင့်လုံးဝမပြုလုပ်ရ။ အကြောင်းကတော့ လယ်သမားနှင့် ယာသမား လယ်ယာခြံမြေဆုံးရှုံးမှု၊ ဆင်းရဲချမ်းသာ ကွာဟမှုကြီးထွားလာမှု၊ နောက်ဆုံး လူ့အဖွဲ့အစည်းတစ်ခုလုံး မငြိမ်မသက်ဖြစ်ပေါ်လာမှု စသည်တို့ကို မဖြစ်ပေါ်လာအောင် ကြိုတင်တားမြစ်ခြင်းသာ ရည်ရွယ်ပါသည်။

(ခ) **ရင်းနှီးမြှုပ်နှံငွေများ ထိန်းချုပ်ကွပ်ကဲမှုဖော်ဆောင်မည်။** ဤကဲ့သို့ ပြုလုပ်ခြင်းသည် လူတိုင်းလူတိုင်း အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ နိုင်ငံတော်၏ဈေးကွက် ကမောက်ကမ မဖြစ်အောင်၊ ဈေးကစား ကိုယ်ကျိုးရှာသူမရှိအောင် တားမြစ်ရည်ရွယ်ခြင်းသာဖြစ်ပါသည်။

(၇) ပါတီ၏ရည်မှန်းချက်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အဆင့်မြင့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအောင် မျှော်မှန်းသည်။ အဆင့်မြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ **လူထု၏ကိစ္စများကို** ကိုးကန့်နယ်အတွင်းရှိ **ကိုးကန့်လူထုကသာ စီမံဆောင်ရွက်သွားမည့်စနစ်** ဖြစ်ပါသည်။ ဤအုပ်ချုပ်ရေးစနစ်တွင် အောက်ပါအတိုင်းပါဝင်သည်-

၁။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဟူသော အချုပ်အခြာအာဏာသုံးရပ်ရှိရန်လိုသည်။

၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးဦးစီးအဖွဲ့ကို ရွေးကောက်တင်မြှောက်ရာတွင် အရွယ်ရောက်သူမဲဆန္ဒရှင်များအား လွတ်လပ်စွာပါဝင်ဆန္ဒမဲပေး၍ ဒီမိုကရေစီနည်းဆန်သော ရွေးကောက်တင်မြှောက်ခြင်းကို ကျင့်သုံးမည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် တရားဝင်နိုင်ငံရေးပါတီဝင်များနှင့် နိုင်ငံရေးပါတီဝင်မဟုတ်သူများအား ဝင်ရောက်ယှဉ်ပြိုင် အရွေးခံပိုင်ခွင့်ရှိပြီး နယ်သူနယ်သားများအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသူ၊ ကတိသစ္စာစောင့်ထိန်းသူ၊ လူထု၏ဆင်းရဲဒုက္ခ ခက်ခဲမှုသိတတ်သူတို့ကိုသာ ရွေးချယ်တင်မြှောက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးဦးစီးအဖွဲ့ကိုဖွဲ့စည်းကာ နယ်သူနယ်သားများ၏ အရေးကိစ္စအဝဝတို့ကို ဖြေရှင်းဆောင်ရွက်သွားရမည်။ ဤအုပ်ချုပ်ရေးဦးစီးအဖွဲ့၏ အုပ်ချုပ်မှုသက်တမ်းသည် ပြည်ထောင်စုလွှတ်တော်သက်တမ်းနှင့်တူသည်။ ငါးနှစ်ပြည့်လျှင် အုပ်ချုပ်ရေးဦးစီးအဖွဲ့ကို အသစ်ပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၃။ စီးပွားရေးနှင့်စပ်လျဉ်းပြီးဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဦးစီးအဖွဲ့အား ကိုးကန့်နယ်နှင့် တရုတ်ပြည်နယ်စပ်ဒေသတစ်လျှောက်လုံးရှိ ဝင်/ထွက်ဂိတ်ပေါက်တို့မှ နယ်စပ်ဒေသကုန်သွယ်မှုခွန်ကို ကောက်ယူနိုင်ခွင့်ပေးထားရန်လိုသည်။ သို့မှသာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဦးစီးအဖွဲ့က ဘဏ္ဍာငွေရရှိမည်။ ဤအဖွဲ့သည် ကိုးကန့်လူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်လိုက်သော အဖွဲ့ဖြစ်၍ ၎င်းအား အခွန်ဘဏ္ဍာငွေကို လွတ်လပ်စွာသုံးစွဲခွင့်ပေးထားရန်လိုပါသည်။ သုံးစွဲသောငွေစာရင်းကို နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရများသို့ မှန်ကန်စွာတင်ပြရမည်ဖြစ်ပါသည်။

၄။ ကိုးကန့်တိုင်းရင်းသားများ၏ ပညာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ စသည်တို့ကို နိုင်ငံတော်မှ အသိအမှတ်ပြုထားသည် မှန်သော်လည်း ကာကွယ်စောင့်ရှောက်မှုကိုလည်း ပေးရန် မျှော်မှန်းသည်။

### (ခ) ပါတီ၏လုပ်ငန်းစဉ်များ

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ကျင့်သုံးနေသည့် **“ပါတီစုံဒီမိုကရေစီစနစ်”**နှင့် **“ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ”**ကို လုံးဝထောက်ခံပြီး အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) မဟာကမ္ဘာမြေကြီး၏ **“သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ”**တွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။ လူသားများ၏ ဖျက်ဆီးခြင်းကိုခံနေရသည့် ဤလှပသောကမ္ဘာမြေကြီးကို ကာကွယ်စောင့်ရှောက်သွားမည်။ လူသားများနှင့် သက်ရှိသတ္တဝါများအားလုံးတို့သည် ဤကမ္ဘာမြေကြီးပေါ်တွင် ထာဝရ အတူတကွ ငြိမ်းချမ်းစွာ တည်ရှိနေထိုင်သွားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်တိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားမည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်လာအောင် အရေးထားလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

(၄) ပါတီနှင့် ပါတီဝင်တိုင်းသည် နိုင်ငံတော်မှ တရားဝင်ပေးထားသော စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လုပ်ကိုင်သွားမည်။

(၅) ပြည်တွင်းထာဝရငြိမ်းချမ်းရေးရအောင် မဖြစ်မနေ ပါဝင်ဆောင်ရွက်သွားမည်။

(၆) ပါတီသည် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ ဆင်းရဲခက်ခဲမှု၊ ဒုက္ခရောက်မှုများကို မဖြစ်မနေ ပါဝင်ဖြေရှင်းသွားမည်။

(၇) ပါတီသည် တိုင်းရင်းသားလူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားများ၏ စောင့်ရှောက်ကာကွယ်ရေးလုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။

(၈) ပါတီသည် လူမှုအကျိုးပြုနှင့် ကုသိုလ်ပြုလုပ်ငန်းများတွင် အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်သွားမည်။

(၉) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် AIDS ရောဂါတိုက်ဖျက်ရေး၊ ကာကွယ်စောင့်ရှောက်ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်။

(၁၀) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်။

(၁၁) ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုကို အတတ်နိုင်ဆုံးပါဝင်ဆောင်ရွက်သွားမည်။

အထက်တွင် ကျွန်တော်တင်ပြသွားသည့် အချက်အလက်များသည် ကျွန်တော်တို့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

နိုင်ငံသူနိုင်ငံသားများအားလုံး နားထောင်သွားကြသည့်အတွက် ကျေးဇူးတင်ပါသည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလည်း တရားမျှတ၍ လွတ်လပ်ပွင့်လင်းမြင်သာမှုရှိပြီး အေးချမ်းစွာပြီးမြောက်အောင်မြင်ပါစေ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

## ညောင်ဦးတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး

**ညောင်ဦး စက်တင်ဘာ ၂၄**

ညောင်ဦးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး(တာဝန်ခံ) ဦးအောင်မြင့်သည် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် အတူ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ညောင်ဦးမြို့သို့ ရောက်ရှိပြီး ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်ကော်မရှင် အဖွဲ့ဝင်များနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံကာ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် ရပ်/ကျေးကော်မရှင် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး(တာဝန်ခံ) ဦးအောင်မြင့်က အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်၌ကျင်းပမည့် ရွေးကောက်ပွဲတွင် အခက်အခဲများစွာရှိမည်ဖြစ်ပြီး ယင်းအခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန်အတွက် တာဝန်ရှိသူများ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှသာလျှင် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် ခရိုင်ကော်မရှင် အဖွဲ့ဝင်များမှစ၍ မြို့နယ်ကော်မရှင်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အားလုံးက ဥပဒေ၊ နည်းဥပဒေများကို သိရှိထားရန် လိုအပ်ကြောင်း၊ သို့မှသာ ပြဿနာများ ဖြစ်ပေါ်လာပါက ညင်သာစွာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်မှုများ၊ အမည်စာရင်း မှားယွင်းနေမှုများနှင့် မပါသင့်သည်များပါရှိနေခြင်းများ၊ ရက်ပေါင်း (၁၈၀)နှင့်အထက် နေထိုင်သူများအတွက် မဲစာရင်းတွင် အမည်ပါရှိရေး အစရှိသည်တို့ကို တာဝန်ရှိသူများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရွှေ၊ ညောင်ဦးမြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှရွှေနှင့် ကျောက်ပန်းတောင်းမြို့နယ်ရွေးကော်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်တို့က ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးမည့် အခြေအနေများကိုတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး(တာဝန်ခံ) ဦးအောင်မြင့်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(IPRD)**

# ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီအထွေထွေအတွင်းရေးမှူး ပူဂင်ကမ်းလျန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၄ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်(Zomi Congress for Democracy) ပါတီအနေဖြင့် မူဝါဒလေးချက်ချမှတ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်အောက်တိုဘာလ ၁၄ရက်နေ့၌ အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးသို့ မှတ်ပုံတင်ထားသော ဇိုမီးအမျိုးသားကွန်ဂရက် (Zomi National Congress) ပါတီတည်ထောင်ခဲ့စဉ်ကတည်းက ချမှတ်ခဲ့သောမူဝါဒဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၂၆ နှစ်ကြာခဲ့ပါသည်။ ပါတီအမည်ပြောင်းသော်လည်း မူဝါဒလမ်းစဉ်မှာ ပြောင်းလဲခြင်းမရှိပါကြောင်း။

ZCD မူဝါဒလေးချက်မှာ

(၁) ချင်းအစား ဇိုမီးဟုခေါ်ဆိုရေး

(၂) စစ်မှန်သော ဒီမိုကရေစီအစိုးရပေါ်ပေါက်ရေး

(၃) လွတ်လပ်သော (Free Market Economic Policy) ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရေး

(၄) ပင်လုံစိတ်ဓာတ် (Pinlong Spirit) မြှင့်တင်ရေးတို့ဖြစ်ပါကြောင်း နှင့်၎င်းမူလေးချက်တို့ကို တစ်ခုပြီးတစ်ခု ရှင်းပြလိုပါကြောင်း

**ပထမ မူဝါဒ**

ချင်းအစား ဇိုမီးဟု ဆိုရေးနှင့် ပတ်သက်ပြီး ဗြိတိသျှကျွန်သပေါက်ဘဝမကျရောက်မီ တိုင်းရင်းသားများမှာ မိမိနေရာ ဒေသအလိုက်၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ပိုင်ဟန်များဖြင့် သူကြီး၊ တောင်အုပ်စသဖြင့် အုပ်ချုပ်၍နေခဲ့ကြပါသည်။ ဗြိတိသျှနယ်ချဲ့များသည် ချင်းတောင်တန်း(Chin Hills) ဟူသောဝေါဟာရ သုံးနှုန်းလာကြရာမှ ဘိုးဘွား၊ ဘေးဘင်များသည် "ချင်း" ဟူသော အသုံးအနှုန်း စတင်ကြားသိရခဲ့ပါသည်။ လက်တွေ့တွင်မူ ယနေ့ ချင်းပြည်နယ် မြို့နယ်အသီးသီးတွင် နေထိုင်ကြသော လူမျိုးစုအသီးသီးတို့မှာမူ ဇိုမီး(Zomi)၊ လိုင်မီး(Laimi)၊ ခူမီး(Khumi)၊ မရာ(Mara) စသဖြင့် ကိုယ့်ကိုယ်ကိုယ် သုံးနှုန်းခေါ်ဆိုကြပါသည်။ "ချင်း"ဟူသော ဝေါဟာရမှာ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ စသော မြို့နယ်တွင်းရှိ စကားအသုံးအနှုန်းတွင် အဓိပ္ပာယ်မဖော်ဆောင်နိုင်သော အသုံးအနှုန်း တစ်ခုသာဖြစ်ပြီး ကျွန်ဘဝရောက်လာသောအခါ နယ်ချဲ့သမားများက မှည့်ခေါ်ဝေါ်သော နာမည်သာဖြစ်သည်ဟု သုံးသပ်ရပါသည်။ မိမိတို့၏ မူလအရင်းခံနာမည်မဟုတ်ကြောင်း၊ ဇိုမီး(Zomi) ဟုသုံးနှုန်းခေါ်ဆိုသင့်ပါကြောင်း။

**ဒုတိယမူဝါဒ**

ဒုတိယမူဝါဒမှာ စစ်မှန်သော ဒီမိုကရေစီ အစိုးရပေါ်ပေါက်လာရေးဖြစ်ကြောင်း၊ ဒီမိုကရေစီသည် လူလူချင်း တူညီသည်ဟူသောမှုကို လက်ခံသဖြင့် လူတိုင်းသည် တရားဥပဒေအမြင်တွင် တူညီစေကြောင်း၊ ၎င်းတူညီသောအခွင့်အရေးမှာ အသက်ရှင်နိုင်ခြင်း အခွင့်အရေး၊ လွတ်လပ်စွာတွေးတောကြံဆတီထွင်ပိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုဝေဖန်စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ရှာဖွေနိုင်ခွင့်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ဆိုသလို ပြည်သူအကျိုးအလို့ငှာ၊ ပြည်သူ့ဆန္ဒအရ၊ ပြည်သူ့အုပ်ချုပ်ခြင်း (Government of the people by the people and for the people)ကို ဆိုလိုကြောင်း၊ ပြည်သူပြည်သားများထံမှ လွတ်လွတ်လပ်လပ်ရွေးချယ်ဆုံးဖြတ်၍ ပေးအပ်သောအာဏာသည် ပြည်သူ့အာဏာ(ဝါ) ဒီမိုကရေစီအာဏာ(ဝါ)ဒီမိုကရေစီ အစိုးရဖြစ်ပါကြောင်း။

**တတိယမူဝါဒ**

တတိယမူဝါဒမှာ ပြည်ထောင်စုမြန်မာနိုင်ငံသည် သယံဇာတအလွန်ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်ပါသဖြင့် တိုင်းပြည်တွင် တိုးတက်ဖွံ့ဖြိုးရေးအတွက် အစိုးရတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်း၊ လူပုဂ္ဂိုလ်တစ်ဦး၊ လူတစ်စုကသာ လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်းမဟုတ်ဘဲ အရည်အချင်းနှင့် ပြည့်စုံသော တိုင်းသူပြည်သားများမှ လွတ်လွတ်လပ်လပ် ရှာဖွေစူးစမ်းခွင့်၊ အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားကြမှသာလျှင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်လာမည်ဖြစ်သဖြင့် ပီပြင်သော၊ လွတ်လပ်သော စီးပွားရေးစနစ် (Free Market Economic Policy)လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။




**စတုတ္ထမူဝါဒ**

စတုတ္ထမူဝါဒမှာ ကျွန်ုပ်တို့ ပြည်ထောင်စု စတင်ဖွဲ့စည်းနိုင်ရန် ပင်လုံညီလာခံ၊ ပင်လုံစာချုပ်မှ စတင်ခဲ့ပါကြောင်း၊ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာစေရေး၊ ငြိမ်းချမ်းရေး အပြည့်အဝရရှိမှသာလျှင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် ပင်လုံစိတ်ဓာတ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စု(Federal Union) ဖြစ်လာစေရေး၊ မေတ္တာနှင့်နှလုံးရည်ဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ပင်လုံစိတ်ဓာတ်မြှင့်တင်ရေးသည် အဓိကဖြစ်တယ်ဆိုတာ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၏ ယုံကြည်ချက်ဖြစ်ပါသည်။

**"ပြောင်းလဲချိန်တန်ပြီ"**

၁။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး အတွေးသစ်၊ အမြင်သစ်များဖြင့် ရှေ့သို့ ချီတက်ကြစို့။

Cho: ပြည်ထောင်စုဖွား ညီအစ်ကိုပေါင်းတို့၊ ဘာသာအယူဝါဒ၊ အတွေးအခေါ်ကွဲပြားနေမှုများကို ရှေ့တန်းမတင်ကြပါရန် ZCD ပါတီမှ ဦးဆောင်ပြီး တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံး လှုံ့ဆော်ပေးပါမယ်/ ပြောင်းလဲသင့်ပါပြီ

၂။ ZCD ပါတီချီတက်လာပါပြီ၊ မိဘပြည်သူများမှ ဩဘာပေးကြပါ။ အတွေးအခေါ်ဟောင်းများကို ၂၀၁၅ မှာ ထားရစ်ခဲ့ကြပါ။

၃။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ သာယာဝပြောရေးအတွက် အတွေးသစ်၊ အမြင်သစ်နဲ့ ချီတက်ကြပါစို့။

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲပြုလုပ်

**ပင်းတယ စက်တင်ဘာ ၂၄**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းနွံတောင်းနှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်တို့က အဖွင့်အမှာစကားပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေစိုးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး စက်တင်ဘာ ၂၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အငြင်းပွားမှုပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်တိုအတွင်းညှိနှိုင်းဆောင်ရွက် ဖြေရှင်းနိုင်ရန်အတွက် မကွေးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မကွေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မကွေး)**

## ရွေးကောက်ပွဲတွင်ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်မှစ၍တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာထားသည်။

မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။

မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

EASTERN
iT & Mobile Sales & Service

Stock Clearance Sales
Laptop ဝယ်သူတိုင်းအတွက်ဘယ်မှာမှ မရနိုင်တဲ့
အထူးလျှော့ဈေး


ES1-431(cel)
Intel Celeron
N3050 ( 1.6 GHz )
500GB HDD,2GB DDR 3,
DVD RW,
Intel HD Graphic
14" Crystal LED
အရင်ဈေး 399,000
ယခုဈေး 341,500


E5-432(Cel)
Intel Celeron
N3150 (1.6 GHz )
500GB HDD,4GB DDR 3,
DVD RW,
Intel HD Graphic
14" Crystal LED
အရင်ဈေး 450,000
ယခုဈေး 392,500


E5-471(i3)
5th gen Intel
Core i3-5005U (2.0GHZ)
500GB HDD ,4GB DDR 3 ,
DVD RW,
Intel HD Graphic
14" Crystal LED LCD,
အရင်ဈေး 579,000
ယခုဈေး 511,000

While Stock Last!!!
ဗလာမပါ ကံစမ်းမဲ ထပ်မံကံစမ်းခွင့်

Brand New Laptop များသာ ရောင်းပါသည်
Shop(1) No.129.ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတား၊ Tel : 01-398224,398490,398491 Shop(2) No.167,ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတား၊ Tel : 01-377259



## ဝန်ထမ်းအလိုရှိသည်

၁။ အရောင်းစာရေး မ(၅)ဦး
၂။ အရောင်းစာရေးဘွဲ့ရ မ(၅)ဦး
၃။ Marketing ကျား/မ(၅)ဦး

အမှတ်စဉ် ၁-၂အိမ်ထောင်မရှိသူ
အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၂၀၀)သစ္စာလမ်း(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်
ရန်ကုန်(ဥက္ကလာပဘုရားမှတ်တိုင်အနီး)ဖုန်း-၀၉၇၃၀၀၃၁၆


## အမည်ပြောင်း

ကျိုင်းတုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဘူးသီး[၁၃/ကတန(နိုင်)၁၇၅၀၅၀]အား မနှင်းနုနုအေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏မိဘအမည်မှန်မှာ ဦးအားထူ[၁၃/ကတန(နိုင်)၀၄၈၉၇၈]နှင့် ဒေါ်မီရို[၁၃/ကတန(နိုင်)၀၅၀၆၂၈]ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ နန်းဖောင်းခမ်း၏ မိခင်အမည်မှန်မှာ နန်းတစ်နွဲ့[၁၃/ကတန(နိုင်)၀၂၉၈၉၃]ဖြစ်ပါကြောင်း။

**နန်းတစ်နွဲ့**


လုတဲ့မိန်းမရဲ့ယောကျ်ားကလည်း ဖောက်ပြန်တယ်။ တော်တဲ့မိန်းမရဲ့ယောကျ်ားကလည်း ဖောက်ပြန်တယ်။ ရာထူးရှိတဲ့မိန်းမရဲ့ယောကျ်ားကလည်း ဖောက်ပြန်တယ်။ ချမ်းသာတဲ့မိန်းမရဲ့ယောကျ်ားကလည်း ဖောက်ပြန်တယ်။ ဘာ့ကြောင့်လဲ?

သင့်ခင်ပွန်း
# အိမ်ထောင်ရေးဖောက်ပြန်မှာလား

နှင့် လက္ခဏာပညာ
ဒေါက်တာဒဂုန်ခင်သဇင်
တွက်ပြီ

သမီးဇောတိကစာပေ – ၀၉ ၇၃၀၄၃၈၆၀၊ ၀၉ ၇၉၉၅၄၁၇၇၈



## "ရွှေမြင့်စံ – မင်းသူကျော်"

အကျိုးဆောင်နှင့် ဆောက်လုပ်ရေး Co. တွင်
ဝန်ထမ်းအလိုရှိသည်။

(၇၀/၂)၊ ကမ္ဘာအေးဘုရားလမ်းမကြီး၊ ရွှေဂုံတိုင်မီးပွိုင့်ထောင့်၊ ဗဟန်းမြို့နယ်။

Ph: 09-7309-9696, 09-7319-9696, 09-509-9859

၁။ အိမ်ခြံမြေကျွမ်းကျင်သူ ကျား/မ (၅) ဦး
၂။ ကွန်ပျူတာကျွမ်းကျင်သူ ကျား/မ (၂) ဦး
၃။ အုပ်ချုပ်ရေးကျွမ်းကျင်သူ ကျား/မ (၂) ဦး

စိတ်ဝင်စားသူများ ယနေ့မှ (၁၄) ရက် (ရုံးချိန်) အတွင်း စုံစမ်းရန်။


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၉**

ဒေါ်ဘာရတီ **နှင့်** ၁။ဦးသောင်းညွန့်၊ ၂။ဒေါ်ချစ်စံပယ်
၃။ဒေါ်ချိုချို၊ ၄။ဦးဝင်းမောင်
၅။ဦးစိန်အောင်၊ ၆။ဒေါ်သန်းသန်း
၇။ဦးတင်လှိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၂)နေ ဦးစိန်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၄၅/၉၈၏ ၁၂-၁၂-၂၀၀၁ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမကြီးမှုအမှတ်-၃၄/၂၀၀၇၏ ၂၈-၁-၂၀၀၈ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ အရောင်းစာချုပ်အမှတ်-၃၀၆၀/၂၀၀၉တို့သည် တရားလိုနှင့်စပ်လျဉ်းသမျှ အကျိုးသက်ရောက်မှုမရှိဘဲ ပျက်ပြယ်ကြောင်း မြွက်ဟဒီကရီရလိုမှုနှင့် အခင်းဖြစ်မြေနှင့် အိမ်ကိုလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၅ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာအချပ်ပိုစာမျက်နှာ(၂)တွင် "မန်နေဂျင်းဒါရိုက်တာရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်နှင့် အများသိစေရန်"ခေါင်းစီးပါ စာကြောင်းရေ(၁၃)တွင် (A-36/1)အစား (A-၃၆/၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## TOMORROW NEWS JOURNALတွင် ဖော်ပြပါရှိသော သတင်းနှင့်ပတ်သက်၍ အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၃-လမ်း၊ တိုက်အမှတ်(၁၇)၊ ၄-လွှာတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟအောင်မြင့်[၉/ကဆန(နိုင်)၀၀၀၅၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၂-၉-၂၀၁၅ရက်ထုတ် Tomorrow News Journal (အတွဲ၂-၊ အမှတ်-၂၉) စာမျက်နှာ ၆တွင် ဖော်ပြပါရှိသော ဦးသီဟအောင်မြင့်နှင့် ပတ်သက်သည့်သတင်းအပေါ် အများသိစေရန် အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

(၁) ဦးသီဟအောင်မြင့်သည် ဦးကျော်လင်းထူးထံမှ ငွေကြေးချေးငှားဖူးခြင်းလုံးဝမရှိပါ။ ငွေချေးငှားထားကြောင်း စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာလည်းမရှိပါ။

(၂) ဦးသီဟအောင်မြင့်အား အထူးစုံစမ်းစစ်ဆေးရေး ညွှန်ကြားမှုဦးစီးဌာန (စသုံးလုံး)က ခေါ်ယူညှိနှိုင်းသည့်ကိစ္စမှာ ခရစ်တော်မျှော်လင့်သော သတ္တမနေ့အသင်းတော်အတွက် ဦးသီဟအောင်မြင့် ဆောင်ရွက်ပေးရန် ရယူထားသော ငွေကြေးကျပ်သိန်း (၁၄၅၀)ကိစ္စကို ညှိနှိုင်းဆွေးနွေးကြခြင်းသာဖြစ်ပါသည်။ ထိုငွေကြေးအနက် ကျပ်သိန်း(၅၀)ကို ဦးသီဟအောင်မြင့်က အသင်းတော်သို့ ပြန်လည်ပေးခဲ့ပြီးဖြစ်ပါသည်။

(၃) စသုံးလုံးတွင် ညှိနှိုင်းကြစဉ်က ဦးသီဟအောင်မြင့်က အသင်းတော်အား ပြည်လည်ပေးရမည့်ငွေကို (၁-၁-၂၀၁၆)ရက်တွင် တစ်လုံးတစ်ခဲတည်း အပြေအကျေ ပေးချေမည်ဖြစ်ကြောင်း ကတိပြုပြောဆိုခဲ့ပါသည်။ ထိုသို့ ပြောဆိုသည့်အပေါ် အသင်းတော်ဘက်မှ သဘောတူလက်ခံကြောင်းလည်း သိရှိရပါသည်။

(၄) ဦးသီဟအောင်မြင့်သည် ဦးကျော်လင်းထူးထံမှ ငွေကျပ်သိန်း (၈၅၀)ကို ချေးယူခဲ့ခြင်းမရှိပါ။ ဦးသီဟအောင်မြင့်နှင့် ဦးကျော်လင်းထူးတို့သည် မန္တလေးတွင်(Happy Palace) အမည်နှင့် ဖွင့်လှစ်ထားသော ကလေးကစားကွင်းလုပ်ငန်းကို အစုအစပ်များအဖြစ် အတူလုပ်ကိုင်ကြခြင်းသာ ဖြစ်ပါသည်။ လုပ်ငန်း၏အရှုံးအမြတ်စာရင်းများကို ယနေ့အချိန်အထိ ရှင်းလင်းခြင်းမပြုရသေးပါ။ စာရင်းများရှင်းလင်းပြီးပါက ပေါ်ထွက်လာသော ငွေကြေးစာရင်းဇယားအတိုင်းသာလုပ်ငန်း၏ အကျိုးအမြတ်များကို ခွဲဝေရယူကြရန်ဖြစ်ပါသည်။

(၅) ဦးသီဟအောင်မြင့်ထံမှ ရဲစခန်းမှ နှစ်ကြိမ် စာပို့ခဲ့သည်ဟု အမှုစစ်ရဲအုပ်က ပြောကြောင်း ဂျာနယ်တွင် ဖော်ပြထားရာ ဦးသီဟအောင်မြင့်ထံသို့ ယနေ့အချိန်အထိ မည်သည့်အကြောင်းကြားစာမျှ ရောက်လာခဲ့ခြင်းမရှိပါ။ ရဲစခန်းမှ တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ခြင်းလည်း မရှိပါ။ ဦးသီဟအောင်မြင့်ထံသို့ ပေးပို့သည်ဆိုသော စာကိုလက်ခံရရှိမည်ဆိုပါက ဦးသီဟအောင်မြင့် အနေနှင့် ရဲစခန်းသို့ လာရောက်ရှင်းလင်းမည်သာဖြစ်ပါသည်။ တိမ်းရှောင်နေရန် အကြောင်းမရှိပါ။

(၆) ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟအောင်မြင့်အပေါ် အမှုဖွင့်တိုင်တန်းထားသောကိစ္စမှာ ရဲစခန်းက အမှုကို စုံစမ်းစစ်ဆေးနေဆဲအဆင့်တွင်သာ ရှိပါသေးသည်။ စွပ်စွဲထားသော အချက် မှန်ကန်ခြင်းရှိ-မရှိ တရားရုံးသို့ အမှုစွဲဆိုတင်ပို့ရန် အကြောင်းအချက် ခိုင်လုံခြင်းရှိ-မရှိ စသည့်အချက်များ ပေါ်ပေါက်ခြင်းမရှိသေးပါ။

(၇) သို့ဖြစ်ပါ၍ ယခုလက်ရှိအနေအထားတွင် ဦးသီဟအောင်မြင့်၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြောအဆို၊ အရေးအသား၊ အပြုအမူမှန်သမျှကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ ဤတားမြစ်ချက်ကို မလိုက်နာပါက ထိုသို့ပြုမူကျူးလွန်သူများအပေါ် ဥပဒေအရ အရေးယူစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်း (ဘီအေ၊ အယ်လ်အယ်လ်ဘီ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၃၇)**
**အမှတ်-၅၅၊ အခန်း၁၅/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၁)ဦးပိုင်အမှတ်(၉၀)၊ ၆၄×၆၅ကြား၊ ရွှေဝါထွန်း×ဇလပ်ဝါလမ်းကြားရှိ ဒေါ်နီအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသန်းထက်ပိုင်စိုး [၁၃/သနန(နိုင်)၀၄၂၁၉၀]မှ ဦးပိုင် ၉၀(ခဲစင်း) မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၈**

ဦးမာမွတ်အေမန်းနီး **နှင့်** (၁)ဦးခင်မောင်
(၂)ဦးစိုးဝင်း

**တရားလို** **တရားပြိုင်များ**

တရားပြိုင်များဖြစ်သော (၁)ဦးခင်မောင်၊ (၂)ဦးစိုးဝင်း၊ အမှတ်-၆၇၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးမာမွတ်အေမန်းနီးက အဆင့်မြင့်အဆောက်အအုံ အကျိုးတူဆောက်လုပ်ခွဲဝေခံစားခြင်း၊ နှစ်ဦးသဘောတူကတိစာချုပ်ပယ်ဖျက်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူများသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိရှိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာညွန့်)**
**ဒုတိယခရိုင်ရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

အမှတ်(၁၁၄/၁၁၆)၊ မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်အေးအေးမော်[၁၂/ပဇတ(နိုင်)၀၁၆၁၃၃]၊ ဒေါ်ထွန်းထွန်းမော် [၁၂/ပဇတ(နိုင်)၀၁၆၇၁၃]၊ ဦးအောင်ထိန်လင်း[၁၂/ပဇတ(နိုင်)၀၁၅၀၀၀]၊ ဒေါ်အေးအေးသွယ် [၁၂/ပဇတ(နိုင်)၀၁၁၈၈၁]၊ ဦးအောင်ထိန်ဝင်း[၁၂/ပဇတ(နိုင်)၀၀၄၇၉၀]တို့မှ အမှတ်(၄)၊ မကြီးကြီးလမ်း၊ မုန့်လက်ဆောင်းကုန်း/တောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးထွန်းထွန်းဦး[၁၂/စခန(နိုင်)၀၂၂၈၂၇] ၂၂-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၁၇ အား ၂၄-၈-၂၀၁၅ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်၊ ဒေါ်ထွန်းထွန်းမော်၊ ဦးအောင်ထိန်လင်း၊ အေးအေးသွယ်၊ ဦးအောင်ထိန်ဝင်း**

